သူဇာစာပေ

# တရုတ်ရိုးရာ
# ဒဏ္ဍာရီပုံပြင်များ

မေသူဇာ



**တန်ဖိုး**
၂၀၀ ကျပ်

**အုပ်ရေ**
၁၀၀၀ အုပ်
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ
**ပထမအကြိမ်**

**မျက်နှာဖုံးဒီဇိုင်း**
စန္ဒာ

**အဖုံး+အတွင်းပုံနှိပ်**
ဦးမောင်မောင်လေး(၀၇၀၅၁)၊ စန္ဒာဝင်းပုံနှိပ်တိုက်၊
အမှတ် ၂၀၉၊ ၃၆ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးသန်းမြင့်၊ လင်းလင်းစာပေ (၀၁၀၄၀)
၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်၊ ရန်ကုန်မြို့။

**စာမူခွင့်ပြုချက်** – ၆၁ / ၂၀၀၃ (၉)
**အဖုံးခွင့်ပြုချက်** – ၆၄ / ၂၀၀၃ (၁၁)

# တရုတ်ရိုးရာ
# ဒဏ္ဍာရီပုံပြင်များ

## မေသူဇာ

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## မာတိကာ


| | |
|---|---|
| ၁။ ချစ်သူနှစ်ဦးရဲ့တံတား | ၇ |
| ၂။ မိုးနတ်မင်းရဲ့သား | ၁၉ |
| ၃။ တံတားကြီးနှင့်တံတားကလေး | ၃၀ |
| ၄။ ဇာမဏီနတ်မိမယ်ပန်း | ၄၃ |
| ၅။ မောင်ရုပ်ဆိုးကလေး | ၅၉ |
| ၆။ ကောင်ကလေး ချန်နှင့် နဂါးညီနောင် | ၇၁ |
| ၇။ ကျားဘုရင်ဝတ်ရုံ | ၈၉ |
| ၈။ မိဘမဲ့ကလေး ယန်ရှန် | ၁၀၃ |
| ၉။ မြင်းခေါင်းတယောလေး | ၁၁၉ |

## သူဇာစာပေတိုက်မှ ထုတ်ဝေပြီး စာအုပ်စာရင်း

- မိသားစုအတွက် အင်္ဂလိပ်စကားပြော (၁)
- မိသားစုအတွက် အင်္ဂလိပ်စကားပြော (၂)
- လူပုဂ္ဂိုလ်ဆိုင်ရာ အင်္ဂလိပ်မြန်မာ အဘိဓာန်
- ချစ်တေးကဗျာနှင့် အခြားဘာသာပြန်ဝတ္ထုတိုများ
- ရွှေသားရွှေသွင်ကင်တရိုဂျပန်ရှေးရိုးပုံလေးများ
- သတင်းစာပို့သမားလေးနှင့် တိုဘီ၏စွန့်စားစုံထောက်ခြင်းနှစ်ခု
- ဘုရင်ကြီးပုံစံတူအပါအဝင် အကောင်းဆုံးပုံပြင်များ
- သစ်သားရုပ်ကလေးပီနိုချီယို
- ကျားမင်းသမီးနှင့် အခြားပုံပြင်နှစ်ပုဒ်

## ချစ်သူနှစ်ဦးရဲ့တံတား

ဟိုး ရှေးယခင်တုန်းကပေါ့ကွယ်။ မွန်ဂိုလီးယားလွင်ပြင်ကြီးမှာ မြစ်တစ်စင်း စီးဆင်းလျက်ရှိသတဲ့။ အဲဒီမြစ်ဟာ ရေစီး အလွန်သန်ပြီး၊ ရေဟာ အလွန်ကြည်လင်အေးမြနေသတဲ့။ ကျောက်စရစ်ခဲအဖြူရောင်လေးများကိုလည်း မြစ်ရေကြမ်းပြင်မှာ အတိုင်းသားမြင်နေရပြန်တယ်။

မြစ်ရဲ့အနောက်ဘက်ကမ်းပါးပေါ်မှာတော့ အလွန်ချောမောလှပပြီး 'ရှုလာ'လို့ခေါ်တဲ့ မိန်းမပျိုလေးတစ်ယောက် နေထိုင်သတဲ့။ မိန်းမချောလေးနှင့်အတူ သူမရဲ့မိခင်တို့ဟာ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်ကြတယ်။ မိန်းမချောလေးက ဓာထိုးပန်းထိုးလုပ်ကိုင်ပြီး၊ သူမရဲ့အမေကြီးကတော့ အပ်ချုပ်သည်ကြီးပေါ့။

မြစ်ရဲ့အရှေ့ဘက်ကမ်း တိုင်းပြည်မှာတော့ ဘုရင်ကြီးတစ်

ပါး အုပ်ချုပ်လျက်ရှိသတဲ့။ ဘုရင်ကြီးရဲ့ မြင်းတွေကို ထိန်းကျောင်း ပေးနေရတဲ့ လူငယ်လေးတစ်ယောက်လည်း ရှိလေရဲ့။

လူငယ်လေးဟာ ဆင်းရဲနွမ်းပါးတဲ့ မိဘမဲ့ကလေး ဖြစ်ပြန် တယ်။သူ့မှာ ကိုယ်ပိုင်နာမည်လေးတစ်ခုတောင် မရှိရှာပါဘူး။ သူ ဟာ မွေးကတည်းက မိဘနှစ်ဦး မရှိလေတော့၊ သူ့ကို ဘယ်သူက နာမည်မှည့်ပေးကြမှာတုံး။ သူငယ်စဉ်ကတည်းက ဘုရင်ရဲ့ မြင်းထိန်း တစ်ဦးက သူ့ကိုခေါ်ယူထားပြီး၊ မြင်းတွေကို ထိန်းခိုင်းခဲ့တယ်။ လူ အများစုကတော့ သူ့ကို 'မြင်းထိန်းလေး' လို့ပဲ ခေါ်ကြသတဲ့။

အဲဒီလူငယ်လေးရဲ့ဘဝဟာ အရှယ်နှင့်မလိုက်အောင် ပင် မန်းဆင်းရဲလှပါတယ်။ သူ့ဆရာဖြစ်သူ မြင်းထိန်းကြီးကလည်း သူ့ကို မချစ်ခင် မကြင်နာပါဘူး။ သူ့စိတ် အလိုမကျတဲ့အခါတိုင်း ကြာပွတ် နှင့် ရိုက်နှက်ပြီး နှိပ်စက်လေ့ရှိတယ်။ အစားအစာကိုလည်း မဝတဝပဲ ကျွေးလေ့ရှိတယ်။ လူငယ်လေးဟာ နေ့စဉ်နေ့တိုင်း မနက်အစော ကြီးထပြီး မိုးစုံးစုံးချုပ်မှပဲ အိမ်ကိုပြန်ရောက်လေ့ရှိသတဲ့။ သူ့ရဲ့အမူ အရာတွေဟာ အမြဲလိုလို စိတ်သောကရောက်နေတဲ့ သူတစ်ဦးလို ဖြစ်နေရှာတယ်။

အဲဒီလိုနေရင်းနှင့် နှစ်တွေကုန်ပြီး ဆောင်းဦးရာသီလေးကို ရောက်လာတဲ့အခါမှာတော့ သူဟာ ခါတိုင်းလိုပဲ အလုပ်သွားဖို့ ပြင် ဆင်ရင်း ကမ်းနားဘက်ကနေ လမ်းလျှောက်လာသတဲ့။ အဲဒီအချိန် မှာ မြစ်အနောက်ဘက် ကမ်းနားပေါ်က မိန်းမပျိုလေးတစ်ယောက် ဟာ သူ့ကို ပြုံးပြီး ကြည့်နေတာကို မြင်တွေ့လိုက်ရတယ်။

အလုပ်ပြီးလို့ ညနေ အိမ်ကိုပြန်လာတဲ့အခါမှာလည်း သူ ပြန်လာမယ့်အချိန်ကို သိနေသလိုပဲ၊ မိန်းမပျိုလေးဟာ သူ့ကို အမြဲ စောင့်ကြည့်ပြီး ပြုံးပြနေလေ့ရှိတယ်။ ပထမတော့ သူဟာ မိန်းမပျို လေးရဲ့ အပြုအမူတွေကို သိပ်ပြီး ဂရုမစိုက်ခဲ့ဘူး။ ဒါပေမယ့် နေ့စဉ် နေ့တိုင်း မိန်းမပျိုလေးက သူ့ကို အရေးတယူနှင့်ပြုံးပြုံးပြနေတဲ့အတွက် သူဟာ မိန်းမပျိုလေးအပေါ်မှာ ချစ်ခင်လာသတဲ့။ တစ်နေ့မှာတော့ မိန်းမပျိုလေးဟာ သူ့ကိုပြုံးပြပြီး လက်ထဲမှာကိုင်ထားတဲ့ အရာဝတ္ထု တစ်ခုကို သူရှိရာ တစ်ဘက်ကမ်းကို တအားလွှဲပစ်လိုက်တာ သူမြင် လိုက်ရတယ်။ အဲဒီအရာဟာ ကမ်းခြေပေါ်ကိုပြုတ်ကျလာသတဲ့။ သူ ဟာ မြင်းပေါ်က ဆင်းပြီး ကောက်ယူကြည့်လိုက်တဲ့အခါ ပိုက်ဆံ အိတ်လေးတစ်အိတ်ဖြစ်နေတာကို တွေ့လိုက်ရတယ်။ ပိုက်ဆံအိတ် ကလေးဟာ မိန်းမပျိုလေးကိုယ်တိုင် ချုပ်လုပ်ထားတဲ့ပစ္စည်းကလေး ပေါ့။ ပိုက်ဆံအိတ်ကလေးရဲ့အပြင်ဘက်ကို ပန်းရောင်ဇာလေးတွေနှင့် ချုပ်လုပ်ထားပြီး၊ အတွင်းဘက်ကိုတော့ အနီရောင်ပိတ်စလေးတွေနှင့် ပြုလုပ်ထားလေရဲ့။ သူဟာ ပိုက်ဆံအိတ်လေးကိုကောက်ယူပြီး တစ် ဘက်ကမ်းကိုလှမ်းကြည့်လိုက်တဲ့အခါ မိန်းမပျိုလေးက သူ့ကို ပြုံးပြ နေတာကို တွေ့မြင်ရပြန်တယ်။

အဲဒီနေ့ကစပြီး မြင်းထိန်းလေးဟာ တစ်ဘက်ကမ်းကို ကူး ကူးပြီး မိန်းမပျိုလေးနှင့် စကားတွေ ပြောလေ့ရှိသတဲ့။ မိန်းမပျိုလေး ရဲ့နာမည်ကိုလည်း ရှုလာလို့ခေါ်မှန်း သိလိုက်ရတယ်။

ရက်ပေါင်းများစွာ ကြာလာတဲ့အခါမှာတော့ မြင်းထိန်းလေး



နှင့် ရှုလာတို့ဟာ တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံ ချင်လောက်အောင်ချစ်ကြတဲ့ ချစ်သူတွေ ဖြစ်သွားကြသတဲ့။

မြင်းထိန်းလေးဟာ သူအလုပ်လုပ်နေတဲ့အချိန်တိုင်း ရှုလာ ပေးထားတဲ့ပိုက်ဆံအိတ်ကလေးကို မကြာခဏထုတ်ပြီး တယုတယ နှင့် အလွမ်းဖြေလေ့ရှိတယ်။ ညအိပ်ရာဝင်တဲ့အခါတိုင်းမှာလည်း အဲ ဒီပိုက်ဆံအိတ်ကလေးကို သူအိပ်တဲ့ခေါင်းအုံးအောက်မှာထားပြီး အိပ် လေ့ရှိသတဲ့။

ချစ်သူနှစ်ဦးရဲ့ဘဝဟာ တစ်နေ့မှာတော့ မုန်တိုင်းထန်လာ ပါလေရော။

ရှုလာတို့ရဲ့တိုင်းပြည်ကို အုပ်ချုပ်တဲ့ဘုရင်ကြီးဟာ မြင်းစီး ပြီး မြစ်ဆိပ်ဘေးနားကဖြတ်အလာ မြစ်ကမ်းဘေးနားမှာ အဝတ်ထိုင် လျှော်နေတဲ့ ရှုလာလေးကို မြင်လိုက်ရတော့ ချစ်ခင်စွဲလန်းပြီး မိန်းမ ပျိုလေးကို သိမ်းပိုက်ဖို့စိတ်ကူးလိုက်သတဲ့။ ဘုရင်ကြီးဟာ သူ့ရဲ့နောက် လိုက်နောက်ပါတွေကို မိန်းမပျိုလေးအား ဖမ်းဆီးပြီး ခေါ်လာခဲ့ဖို့ အမိန့်ပေးလိုက်တယ်။ နောက်လိုက်နောက်ပါတွေကလည်း ရှုလာလေး ကို နန်းတော်ထဲအထိ ဖမ်းပြီးခေါ်ဆောင်သွားသတဲ့။

ဘုရင်ကြီးဟာ ရှုလာလေးကို သူ့ရဲ့မိဖုရားလုပ်ဖို့ ပြောကြား လိုက်တဲ့အခါ ရှုလာလေးဟာ အလွန်စိတ်ဆိုးသွားပြီး ဘုရင်ကြီးကို အမျိုးစုံအောင် ပြောဆိုငြင်းဆန်လိုက်သတဲ့။ သူမရဲ့ ကြမ်းတမ်းတဲ့ စကားလုံးတွေကြောင့် ဘုရင်ကြီးဟာ အလွန်ဒေါသထွက်ပြီး

"ခုချက်ချင်း နင့်ပါးစပ်ကို ပိတ်လိုက်စမ်း။ ငါ့ဓားနှင့် နင့်

ခေါင်းကို ဖြတ်ပစ်လိုက်မယ်။ သူ့ကို အချုပ်ထဲပို့လိုက်ကြစမ်း'' လို့ အမိန့်ပေးလိုက်တယ်။

ညဉ့်နက်တဲ့အခါမှာတော့ နန်းတော်ကြီးတစ်ခုလုံး အိပ်မော ကျကာ တိတ်ဆိတ်ငြိမ်သက်နေပြီး ရှူလာလေးမှာတော့ အကျဉ်းခန်း ထဲမှာ တစ်ယောက်တည်း ငိုကြွေးနေရှာတာပေါ့။ မိန်းကလေးဟာ သူမကို အနိုင်ကျင့်တဲ့ဘုရင်ကြီးအပေါ်မှာ အလွန်ရွံရှာမုန်းတီးနေသလို တစ်ချိန်တည်းမှာပဲ သူမရဲ့ချစ်သူမြင်းထိန်းလေးကို သတိရတမ်းတ နေလျက်ရှိတယ်။ သူမဟာ အကျဉ်းထောင်က လွတ်မြောက်ချင်နေ တယ်။

ဘုရင်ကြီးကတော့ ရှူလာလေးကို မိဖုရားအဖြစ် မြှောက်ဖို့ ဖြားယောင်းသွေးဆောင်နေသတဲ့။ သူ့ကို လက်ထပ်ရင် ခုချက်ချင်း အကျဉ်းထောင်က လွတ်ပေးမယ်လို့ပြောလေရဲ့။ ရှူလာလေးကတော့ ဘုရင်ကြီးကို သူမ မယူနိုင်ကြောင်း၊ အကျဉ်းထောင်ထဲမှာပဲ အသေ ခံမည်ဖြစ်ကြောင်း ခေါင်းမာစွာနှင့် ပြန်ဖြေကြားနေသတဲ့။

ဒီသတင်းတွေကို မြင်းထိန်းလေး ကြားတဲ့အခါမှာ ရှူလာ လေးကို အသက်စွန့်ပြီးကယ်တင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ညဉ့်နက် သန်းခေါင်ကျော်တဲ့အခါ မြင်းထိန်းလေးဟာ အိပ်ငိုက်နေတဲ့အစောင့် ပေါ်ကို ဖြတ်ကျော်ပြီး ရှူလာလေးကို ဖမ်းချုပ်ထားတဲ့အချုပ်ခန်းထဲ တိတ်တခိုး ဝင်ရောက်လာသတဲ့။ အဲဒီနောက် ရှူလာလေးရဲ့လက်ကို ဆွဲကာ

''ကဲ..တို့ပြေးကြစို့'' လို့ပြောလိုက်တယ်။ ပါလာတဲ့ မြင်း

ပေါ်ကို နှစ်ယောက်သား ခုန်တက်လိုက်ကြပြီး သူတို့နှစ်ဦး ထွက်ပြေးပါလေရော။

သိပ်မကြာခင်မှာပဲ အစောင့်တွေ နိုးလာပြီး အမဲလိုက်ခွေးတွေနှင့်အတူ အတင်းပြေးပြီး လိုက်ဖမ်းတော့တယ်။ မြင်းထိန်းကလေးကလည်း သူ့ရဲ့မြင်းကို ဒုန်းစိုင်းပြီး ညအမှောင်ထုကို ဖောက်ထွင်းကာ မရပ်မနားခရီးဆက်ခဲ့သတဲ့။

မနက်မိုးလင်းတဲ့အခါမှာတော့ မြင်းရော၊လူပါ ခြေကုန်လက်ပန်းကျပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ ခဏ နားလိုက်ကြတယ်။ ဒီအချိန်မှာပဲ နောက်ကလိုက်လာတဲ့ ဘုရင်ရဲ့နောက်လိုက်နောက်ပါတွေဟာ သူတို့ကို ဖမ်းမိသွားကြတယ်။ သူတို့နှစ်ဦးကို ဘုရင့်ရှေ့တော်မှောက် ခေါ်ဆောင်လာခဲ့ကြသတဲ့။

ဘုရင်ကြီးဟာ မြင်းထိန်းကလေးကို မြင်လိုက်ရတဲ့အခါမှာ အလွန်ဒေါသထွက်ပြီး

"ဒီမိန်းကလေးကို ကယ်တင်ဖို့ မင်းကို ဘယ်သူက ခိုင်းတာလဲ။ မင်းဟာ အတင့်ရဲလှချည်လား" လို့ကြိမ်းမောင်းလိုက်တယ်။

မြင်းထိန်းလေးဟာ ဘုရင်ကြီးကြိမ်းမောင်းတာကို မကြောက်တဲ့အပြင် မတ်တပ်ရပ်ပြီး ဘုရင်ကြီးကို လက်ညှိုးငေါက်ငေါက်ထိုးကာ

"သူများရဲ့သမီးပျိုလေးကို အလိုမတူဘဲ မတရားသိမ်းပိုက်ထားတာကရော တရားမျှတမှု ရှိရဲ့လား။ ကဲ ကျွန်တော့်ကို အဖြေပေးစမ်းပါ။ ဒုက္ခရောက်နေတဲ့ မိန်းမပျိုလေးတစ်ယောက်ကို ကယ်

တင်တာ မှားသလား" လို့ ပြောဆိုလိုက်သတဲ့။

ဘုရင်ကြီးဟာ ပါးစပ်အဟောင်းသားဖြစ်ကာ အတော်လေး အထိနာပြီး အံ့အားသင့်သွားလျက် ခဏမျှ ကြက်သေ သေသွားသတဲ့။ သူ့လို အာဏာရှင်ဘုရင်တစ်ယောက်ကို အခုလို နစ်နစ်နာနာ ပြောဆိုဆက်ဆံတာမျိုး သူ တစ်ခါမှမကြားဖူးခဲ့ဘူး။ ယခုတော့ ဘာမဟုတ်သည့်မြင်းထိန်းတစ်ယောက်က လက်ညှိုးငေါက်ငေါက်ထိုးပြီး အပြစ်တင်နေတာကို ခံလိုက်ရသည့်အတွက် ဘုရင်ကြီးဟာ ဒေါသအလွန်ထွက်လာပြီး မျက်နှာကြီးနီရဲလာကာ

"ဟဲ့ အစောင့်တွေ လာကြစမ်း။ ဒီအကောင်ကို ကားစင်မှာ ကြိုးနှင့်တုပ်ပြီး ခွေးစာ ကျွေးလိုက်တော့" လို့ အမိန့်ပေးလိုက်သတဲ့။

ဒီအခါမှာ ရှုလာလေးက ဘုရင်ကြီးရဲ့ခြေအစုံကို ပြေးဖက်ပြီး

"အရှင်မင်းကြီး ဒါ မလုပ်သင့်ပါဘူး။ ဒါဟာ အလွန်ဆိုးရွားတဲ့ အပြစ်ဒဏ်ပါပဲ။ ကျွန်တော်မျိုးမ တောင်းပန်ပါတယ်။ သူ့ကို လွှတ်ပေးပါ" လို့ ငိုယိုပြီး တောင်းပန်လိုက်သတဲ့။

ဘုရင်ကြီးက "နင် ဘေးဖယ်နေစမ်း။ နင်ပါ ပါသွားမယ်" လို့ ပြောဆိုပြီး၊ ရှုလာလေးကို မြေကြီးပေါ် ကန်ချလိုက်တယ်။

အစောင့်တွေဟာ မြင်းထိန်းလေးကို ဆွဲခေါ်သွားသတဲ့။

ရှုလာလေးဟာ လဲကျသွားတဲ့နေရာမှာ သတိမရတစ်ချက် ရတစ်ချက်နှင့် အလွန်ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခွေးအူသံများ

နှင့် အလွန့်နာကျင်စွာအော်ဟစ်လိုက်တဲ့ အသံတွေကို ကြားလိုက်ရတဲ့အခါ သတိလစ် မေ့မြောသွားရှာတယ်။ မြင်းထိန်းလေးလည်း မရှုမလှနှင့် သေဆုံးသွားရှာတာပေါ့ကွယ်။ ရှုလာလေး သတိရလာတဲ့အခါမှာတော့ ဘုရင်ကြီးက သူ့ကိုလက်ထပ်ဖို့ အကျပ်ကိုင်တော့သတဲ့။ ဒါပေမယ့် ရှုလာလေးဟာ ဘုရင်ကြီးရဲ့ဆန္ဒကို မလိုက်လျောဘဲ သူ့ချစ်သူမြင်းထိန်းလေးကို သတိရတဲ့အနေနှင့် အစာ မစားဘဲ နေလိုက်တော့တယ်။

အဲဒီလိုနှင့် မကြာခင်မှာပဲ သူမဟာ လူ့လောကထဲကနေ အပြီးတိုင် ထွက်ခွာသွားရပြန်တယ်။

ယုတ်မာတဲ့ဘုရင်ကြီးဟာ နောက်ဘဝမှာတောင် သူတို့နှစ်ဦး ပြန်ပြီး မပေါင်းရလေအောင် ရှုလာရဲ့အလောင်းကို မြစ်အရှေ့ဘက်ကမ်းမှာမြှုပ်ပြီး၊ မြင်းထိန်းလေးရဲ့အလောင်းကိုတော့ အနောက်ဘက်ကမ်းမှာ ပစ်ထားလိုက်သတဲ့။

အဲဒီမနက်မှာပဲ အလွန်သနားကြင်နာစိတ်ရှိလှတဲ့ အဘိုးအိုကြီးတစ်ယောက်ဟာ မြင်းထိန်းလေးရဲ့အလောင်းကို တွေ့သွားတော့ ကောင်းကောင်းမွန်မွန် မြေမြှုပ် သင်္ဂြိုဟ်လိုက်ပါတယ်။

အဲဒီလို အဖြစ်အပျက်တွေ ဖြစ်ပျက်ပြီး သုံးရက်အကြာမှာ ဘုရင်ကြီးဟာ အိမ်မက်မက်သတဲ့။ အိပ်မက်ထဲမှာ မြင်းထိန်းလေးနှင့် ရှုလာတို့စုံတွဲဟာ ကောင်းကင်ယံမှမြေပြင်ပေါ်ကို ဆင်းသက်လာပြီး သူ့ကို လက်ညှိုးထိုးကာ

"ဟေ့ လူယုတ်မာကြီး။ တို့နှစ်ဦးကို မင်း ဘယ်လိုမှ ခွဲ

လို့ မရဘူး။ မင်း ဘယ်လိုပဲခွဲခွဲ ငါတို့နှစ်ဦးက အမြဲတန်းအတူတကွ ရှိနေမှာပဲ''လို့ ပြောပြီး ပျောက်ကွယ်သွားတယ်။

မနက်မိုးလင်းတဲ့အခါမှာတော့ အရှေ့ဘက်ကမ်းမှာ တောင်ကြီးတစ်လုံး၊ အနောက်ဘက်ကမ်းမှာ တောင်ကြီးတစ်လုံး အသီးသီး ထွက်ပေါ်လာသတဲ့။ အဲဒီတောင်ကြီးနှစ်ခုရဲ့ တောင်ထိပ် နှစ်ခုဟာ တစ်ခုနှင့်တစ်ခုဆက်နေပြီး အလွန်ခိုင်ခံ့တဲ့ကျောက်ချွန်းကြီးတွေအဖြစ် ရှိနေလေရဲ့။ အဲဒီကျောက်ချွန်းကြီးနှစ်ခုဟာ တဖြည်းဖြည်းအောက်ကို အိကျလာပြီး ဟိုဘက်ကမ်းနှင့်ဒီဘက်ကမ်းကို ဖြတ်သန်းလို့ရတဲ့ ကျောက်တံတားကြီးအသွင် ဖြစ်သွားကြပြန်တယ်။

ဒီသတင်းဟာ ဘုရင်ကြီးနားကို ပေါက်ကြားသွားတဲ့အခါ သူဟာ မြစ်ဆိပ်ကို ကမန်းကတန်းပြေးဆင်းပြီး ကြည့်လိုက်သတဲ့။ သူ့အိပ်မက်ထဲကအတိုင်း ဒီကျောက်တံတားကြီးတွေဟာ မြင်းထိန်းလေးနှင့် ရှုလာတို့ပဲ ဖြစ်ရမယ်ဆိုတာကို သူ အတပ်သိလိုက်တယ်။ ဒီအခါမှာ ဘုရင်ကြီးဟာ အလွန်မနာလိုစိတ် ဖြစ်သွားပြီး သူ့နိုင်ငံမှာ ရှိတဲ့ ပန်းရံသမားတွေ၊ ကျောက်ထုသမားတွေ အကုန်လုံးကို ခေါ်ပြီး ဒီတောင်နှစ်လုံးကို ဖျက်ဆီးဖို့ စေခိုင်းလိုက်သတဲ့။

ဘုရင်ကြီး စေခိုင်းထားတဲ့ ကျောက်ထုသမားတွေ၊ ပန်းရံသမားတွေဟာ တစ်နေ့တာပတ်လုံး မနားမနေနှင့် ကျောက်တောင်ကြီးကိုဖြိုချဖို့ အားသွန်ခွန်စိုက်ကြိုးစားကြပေမယ့်လို့ ကျောက်တောင်ကြီးနှစ်ခုဟာ ပိုပိုပြီး ခိုင်မြဲသွားတယ်။

ဘုရင်ကြီးဟာ ဒီသတင်းကိုကြားတဲ့အခါမှာ တစ်တိုင်းပြည်

လုံးမှာရှိတဲ့ တောရောမြို့ပါမကျန် ပန်းရံဆရာတွေ၊ ကျောက်ထုသမား တွေကို ဆင့်ခေါ်ပြီး နေ့ရော ညပါ ဖြိုချဖို့ ခိုင်းတော့သတဲ့။ ဒါပေမယ့် အဲဒီအလုပ်သမားတွေအကုန်လုံးဟာ ခြေကုန်လက်ပန်း ကျလာပြီး သူတို့ရဲ့လက်တွေကိုတောင် မမြှောက်နိုင်ကြတော့အောင် ဖြစ်နေလေရဲ့။

ဘယ်လိုပဲ ဖြိုဖျက်ဖြိုဖျက် ကျောက်ဆောင်ကြီးတွေကို ဘယ်သူမှ မဖျက်စီးနိုင်ဘူး ဖြစ်နေသတဲ့။ ဘုရင်ကြီးဟာ နောက်ဆုံးမှာတော့ အလွန် စိတ်ဆိုးဒေါသထွက်ပြီး သူကိုယ်တိုင် ဖြိုဖျက်ဖို့အတွက် ကျောက်ဆောင်ပေါ်ကို တက်လိုက်တယ်။

"မင်းတို့အကုန်လုံး အသုံးမကျဘူး။ ဘာမဟုတ်တဲ့ကျောက်ဆောင်ကိုတောင် ဖြိုမချနိုင်ကြဘူး။ မင်းတို့အကုန်လုံး ထပ်ပြီးဖြိုချကြစမ်း။ ဒီကျောက်ဆောင်ကြီး မပြိုရင် မင်းတို့ရဲ့ခေါင်းတွေကို ဖြတ်ပစ်မယ်" လို့ ခက်ထန်မာကျောစွာ အမိန့်ပေးလိုက်ပြန်တယ်။

ဒေါသကြီးပြီး တစ်ကိုယ်ကောင်းစိတ်များလှတဲ့ ဘုရင်ကြီးဟာ ပြောရင်းဆိုရင်းက သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ကျောက်ဆောင်ကြီးတွေပေါ်ကနေ လိမ့်ကျပြီး၊ ရေထဲကို ပြုတ်ကျသွားတော့သတဲ့။


မြစ်ဆိပ်မှာရှိတဲ့ လူအပေါင်းဟာ ရေထဲကိုငုံ့ကြည့်လိုက်တဲ့အခါ အလွန်ကြီးမားတဲ့ လိပ်ကြီးတစ်ကောင်ကိုသာ မြင်တွေ့ရတော့တယ်။ အဲဒီလိပ်ကြီးကတော့ အလွန် စိတ်ပုပ်လှတဲ့ ဘုရင်ကြီးပေါ့ကွယ်။

သူများကို မကောင်းကြံတဲ့သူဟာ ကိုယ့်ကိုပြန်ပြီး ဒဏ်ထိ

စမြဲပဲပေါ့။ အဲဒါကြောင့် ရှေးလူကြီးသူမတွေက 'သူများ မကောင်းကြံ ကိုယ်ဘေးဒဏ်ထိ' ဆိုတဲ့စကားပုံလေးနှင့် ခိုင်းနှိုင်းပြီး ဆုံးမထားတာပေါ့ကွယ်။

အဲဒီနေ့က စပြီး ကျောက်တံတားကြီးကို လူတွေက 'ဖျက်ဆီး၍မရသော ချစ်သူနှစ်ဦးရဲ့တံတား' လို့ခေါ်စမှတ်ပြုကြတော့သတဲ့ကွယ်။

■



## မိုးနတ်မင်းရဲ့ သား

ဟိုးရှေးရှေးတုန်းက တရုတ်နိုင်ငံ ကူမင်းပြည်နယ်မှာ ရှိတဲ့ ရွာကလေး တစ်ရွာမှာ အဘိုးကြီးလင်မယားနှစ်ယောက် နေထိုင်ကြသတဲ့။ သူတို့လင်မယားဟာ ပေါင်းသင်းလာကြတာ အနှစ် လေးဆယ်လောက် ရှိကြပေမယ့် သားသမီး တစ်ယောက်မှ မထွန်းကားကြဘူး။ သူတို့ဟာ ကလေးတစ်ယောက်လောက်ဖြစ်ဖြစ် လိုချင်နေကြတယ်။ နေ့စဉ်နေ့တိုင်း သူတို့ရဲ့မိုးနတ်မင်းကြီးဆီမှာ ကလေး ရဖို့ ဆုတောင်းကြသတဲ့။

ဒီလိုနှင့် တစ်နေ့မှာတော့ အဘွားကြီးဟာ သူ့မှာ ကိုယ်ဝန်ရှိလာတယ်လို့ ထင်လိုက်တယ်။ အဘိုးအိုလင်မယားလည်း အလွန်ပျော်ရွှင်သွားကြတာပေါ့။ အဘွားကြီးရဲ့ကိုယ်ဝန်ဟာ တဖြည်းဖြည်းရင့်လာပြီး တစ်နှစ်ကျော်ကြာသည်အထိ ကလေး မမွေးဖွားသေးဘူး။ နှစ်နှစ်ကြာသွားလည်း မမွေးသေးပြန်ဘူး။

အိမ်နီးချင်းတွေဟာ ကိုယ်ဝန်ဆောင်အဘွားကြီးကို "ဒီလို

သမရိုးကျဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ ကိုယ်ဝန်ဟာ လူသားစင်စစ် မဖြစ်နိုင်ဘူး။ တန်ခိုးရှိတဲ့ နတ်ဝင်စားတာပဲဖြစ်မယ်' လို့ ဝိုင်းပြီး ပြောကြသတဲ့။

အဲဒီလို ပြောရင်းဆိုရင်းနှင့် သုံးနှစ်မြောက်အချိန်ကာလကို ရောက်လာတဲ့အခါမှာတော့ အဘွားကြီးဟာ သားယောကျ်ားလေး တစ်ယောက် မွေးဖွားပါလေရော။

အဘိုးအိုလင်မယားဟာ အသက်ကြီးမှ ကလေးရလေတော့ ဝမ်းသာပျော်ရွှင်လွန်းလို့ မျက်ရည်များတောင် ကျမိရှာတယ်။ ဒါပေမယ့် သူတို့အဖို့ ကံမကောင်းချင်တော့ ကလေးမွေးဖွားတဲ့အချိန်မှာ သူတို့ဒေသဟာ မိုးခေါင်ရေရှားဖြစ်နေတဲ့အတွက် ထင်သလောက် မပျော်ရွှင်နိုင်ကြဘူး ဖြစ်နေတာပေါ့။

အဘိုးအိုက မွေးဖွားလာတဲ့သားငယ်လေးကို 'ကန်ဟန်' လို့ အမည်ပေးထားသတဲ့။ 'ကန်ဟန်' ဆိုတဲ့ အဓိပ္ပာယ်ကတော့ မိုးခေါင်ရေရှားကာလ' လို့ အဓိပ္ပာယ်ရတယ်။ ကန်ဟန်လေးဟာ နှစ်လသားအရွယ်မှာပဲ လမ်းလျှောက်နိုင်ပြီး၊ သုံးလသားအရွယ်မှာတော့ စကားပြောတတ်နေပြီလေ။ သူဟာ မိုးနတ်မင်းရဲ့သားတော်တစ်ပါး ဝင်စားတာကြောင့်ပဲ ဖြစ်ပါတယ်။

သူ ခြောက်လသားအရွယ် ရောက်တဲ့အခါမှာတော့ အိမ်အလုပ်တွေကိုကူညီလုပ်ကိုင်ပေးသတဲ့။ အဘိုးကြီးအဘွားကြီး လင်မယားနှစ်ယောက်ကိုလည်း ပြုစုစောင့်ရှောက်တယ်။

နှစ်နှစ်သားအရွယ် ရောက်တဲ့အခါမှာတော့ သူဟာ အရွယ်

ရောက်ယောက်ျားအသွင် ဖြစ်ပေါ်လာတယ်။

အဲဒီအချိန်ထိ သူတို့ရပ်ရွာမှာ မိုးခေါင်ရေရှား ဖြစ်နေတုန်းပဲ။ မိုးမရွာ၊ ရေမရှိတာကြောင့် ကောက်ပဲသီးနှံတွေ မစိုက်ပျိုးနိုင်ဘူးပေါ့။ သူတို့ဟာ သစ်ခေါက်၊ သစ်ဖုတွေကိုသာ စားသုံးပြီး အသက်ရှင်နေထိုင်ကြရရှာတယ်။ တစ်နေ့မှာတော့ "ကန်ဟန်"လေးဟာ ဒီအကြောင်းအရာတွေကို စဉ်းစားတွေးတောနေမိပြီး၊ သူ့အမေကိုမေးလိုက်သတဲ့။

"အမေရေ။ ကျွန်တော်တို့ဟာ စပါးတွေကို ဘာလို့ မစိုက်ကြတာလဲ"

"လူကလေးရယ်။ နဂါးဘုရင်ကြီးက တို့ကို မိုးမှ မရွာချပေးတာ။ ဘယ်လိုလုပ်ပြီး စပါးစိုက်လို့ ရမှာလဲ"လို့ သူ့မိခင်အိုကြီးက ပြန်ပြောလိုက်တယ်။

"ဒီလိုဆိုရင် အဲဒီ နဂါးဘုရင်ကြီးကို ကျွန်တော် သွားတွေ့မယ်"

"သားငယ်လေး၊ အဲဒီ နဂါးဘုရင်ကြီးဟာ ရေအောက်ကနန်းတော်ထဲမှာ နေတယ်။ လူကလေး သူ့ကိုရှာချင်ရင် ရေအကြောင်းကို ကောင်းကောင်းနားလည်ထားမှပဲ ရမယ်"

ကန်ဟန်လေးဟာ အဲဒီနေ့ကစပြီး ရေတွေရဲ့ သဘာဝ အကြောင်းအရာတွေကို လေ့လာ စူးစမ်းနေသတဲ့။ ရာသီဥတုအခြေအနေ ဘယ်လောက်ပဲ အေးအေး၊ ဘယ်လောက်ပဲ ပူပူ၊ နွေမိုးဆောင်းကာလမရွေး ဆက်လက်လေ့လာရှာလေရဲ့။

အချိန်ကာလ ကြာမြင့်လာတာနှင့်အမျှ သူဟာ ရေအောက် ကြမ်းပြင်မှာ ရက်ရှည်လများ နေထိုင် သွားလာနိုင်လာသတဲ့။ သူ ဟာ တဖြည်းဖြည်းနှင့် နဂါးကြီးရှိရာ ရေအောက်နန်းတော်ကို ရေငုပ် ပြီး ရှာဖွေပါလေရော။ အဲဒီလိုရှာရင်းနှင့် ရက်မှလသို့ ကူးပြောင်းလာ တဲ့အခါမှာ သူဟာ ပင်ပန်းနွမ်းနယ်လာပြီး ရေအောက်မှာပဲအိပ်ပျော် သွားတော့တယ်။

သူဟာ အိပ်ပျော်နေရင်းနှင့် အလွန်ထူးဆန်းတဲ့အိပ်မက်ကို မက်သတဲ့။ အိပ်မက်ထဲမှာ အလွန်လှပတဲ့မိန်းမပျိုလေးဟာ သူ့ဆီ ကို လာပြီး-

"ကန်ဟာန်။ အသင်ဟာ နဂါးကြီးရဲ့နန်းတော်ကိုရှာချင်ရင် ပထမဦးဆုံး သူနေတဲ့ ဂူကြီးကို တွေ့အောင်ရှာပါ။ ကဲ အခု ခပ်မြန် မြန်လေးရှာပေတော့။ အခုအချိန်ဟာ နဂါးကြီး အိပ်မောကျနေတယ်" လို့ ပြောလိုက်သတဲ့။

မိန်းမပျိုလေးရဲ့အသံလေးဟာ ငွေခေါင်းလောင်းလေး တီး လိုက်သလို ကြည်လင်အေးမြလှပြီး၊ ပြောလိုက်တဲ့စကား တစ်ခွန်းစီ မှာလည်း ပုလဲလုံးလေးတွေ တန်းစီပြီး ပါးစပ်က ထွက်ကျလာသလို ပဲတဲ့။

သူမဟာ ကန်ဟာန်ကို နဂါးကြီးရဲ့ဂူနေရာကို ပြောပြလိုက် တယ်။ အဲဒီလိုပြောလို့ စကားမဆုံးခင်မှာဘဲ ကန်ရဲ့ မျက်နှာပြင်ဟာ လှိုင်းတံပိုးများထလာသလို ဆူပွက်လာတဲ့အခါ သူမဟာ နောက်လှည့် ပြီး ပြေးတော့သတဲ့။



ဩူဃစပေ

ကန်ဟန်ဟာ မိန်းမပျိုလေးနောက်ကို ပြေးလိုက်မယ်အလုပ်မှာ အိပ်မက်က လန့်နိုးလာပြီး ကန်ရေမျက်နှာပြင်ကို ပြန်ရောက်လာသတဲ့။ သူဟာ အပေါ်လေကို အားရပါးရရှူရှိုက်လိုက်ပြီး မိန်းမပျိုလေးညွှန်ပြထားတဲ့ နဂါးကြီးဂူရှိရာကို ရေငုပ်ပြီး ရှာဖွေလိုက်တယ်။

အဲဒီလို ရှာရင်းရှာရင်းနှင့် လူတစ်ရပ်လောက် မြင့်တဲ့ ဂူအပေါက်ဝကြီးတစ်ခုနားကို ရောက်သွားသတဲ့။ ကန်ဟန်ဟာ ဂူအတွင်းထဲကို ဝင်လိုက်တယ်။ ဂူထဲကရေတွေဟာ ရေခဲပမာအေးစက်နေလေရဲ့။ သူဟာ အေးလွန်းလို့ သွားတွေကိုကျိတ်ပြီး အားတင်းကာ ရှေ့ဆက်သွားနေသတဲ့။

အဲဒီလိုသွားရင်းနှင့် ဂူရဲ့အဆုံးကိုရောက်သွားတဲ့အခါမှာတော့ တံခါးနှစ်ချပ်နှင့် သော့ခတ်ပိတ်ထားတဲ့ သော့ခလောက်ကြီးတစ်ခုကို တွေ့လိုက်ရတယ်။ အဲဒီတံခါးပေါက်မှာလည်း သံဆူးကြိုးတွေနှင့် ပိတ်ကာထားသတဲ့။

ကန်ဟန်ဟာ တံခါးကို လက်ဖြင့် တွန်းလိုက်တဲ့အခါတိုင်း သံဆူးကြိုးတွေနှင့် ခြစ်မိသွားပြီး သွေးတွေဖြာထွက်ကုန်တယ်။ ခြေထောက်နှင့် တွန်းကန်ပြန်တော့လည်း ခြေထောက်တွေမှာ ဒဏ်ရာတွေ ရကုန်ပြန်ရော။ သူဟာ ဒဏ်ရာတွေ ဘယ်လောက်ပဲ ရရ၊ ဖွဲ့မလျှော့ဘဲ ဆက်လက်ကြိုးစားပြီး တံခါးကြီးကို ဖွင့်နေသတဲ့။

ဒီအချိန်မှာပဲ

"အို . . .ကန်ဟန်ရေ၊ မင်း နဂါးကြီးရဲ့တံခါးကို ဖွင့်ချင်တယ်ဆိုရင် "နဂါးသော့"ကို ရှာဖွေခဲ့ပါ။ အဲဒီ နဂါးသော့ဟာ ဘုရား

ကျောင်းရဲ့အောက်ခြေမှာ မြှုပ်နှံထားတယ်။ မင်း အဲဒီသော့ကိုယူပြီး မှသာ ဒီနေရာကိုပြန်လာခဲ့ပေတော့"လို့ မိန်းမပျိုလေးရဲ့ကြင်နာတဲ့ အသံလေးကို ကြားလိုက်ရသတဲ့။

ကန်ဟန်ဟာ အဲဒီနေရာကနေ မခွာချင်ခွာချင်ဖြင့် ကုန်းပေါ်ကို ပြန်တက်လာခဲ့တယ်။ တောင်ပေါ်ကို ပြန်ရောက်လာတဲ့အခါမှာ အနာကျက်တဲ့ဆေးရွက်တွေကို ရှာဖွေပြီး သူ့ဒဏ်ရာတွေကို ပျောက်ကင်းအောင် လိမ်းလိုက်သတဲ့။ အဲဒီနောက် သူဟာ မိန်းမပျိုကလေး ပြောပြထားတဲ့ ဘုရားကျောင်းရှိရာကို သွားရောက်ခဲ့တယ်။

ဘုရားကျောင်းကိုရောက်တဲ့အခါမှာ ဘုရားကိုဝတ်ပြုဖို့ လာနေတဲ့လူအုပ်ကြီးနှင့် သွားတိုးပါလေရော။

အဲဒီလူအုပ်ကြီးက သူ့ကို "ဒီနေရာမှာ ဘာလာလုပ်နေတာလဲ"လို့ ဝိုင်းပြီး မေးကြတယ်။

"ကျွန်တော်ဟာ ရေအောက်က နဂါးကြီးကို မိုးရွာအောင် လုပ်ပေးဖို့ သွားပြောမလို့ပါ။ အဲဒါ နဂါးကြီးရဲ့တံခါးကိုဖွင့်ဖို့ သော့လိုနေလို့ပါ။ အဲဒီသော့ဟာ ဒီဘုရားကျောင်းရဲ့အောက်ခြေမှာ ရှိပါတယ်"လို့ ပြန်ပြောလိုက်သတဲ့။

ဒီအခါမှာ လူအုပ်ကြီးက ဝိုင်းဝန်းရယ်မောကြပြီး

"တို့လို လူကြီးအများစုကတောင် မိုးရွာအောင် မလုပ်နိုင်တာ၊ မင်းလို လူငယ်တစ်ယောက်ကရော ဘာအသုံးကျမှာလဲ။ စိတ်ကူး မယဉ်စမ်းပါနှင့်ကွာ"လို့ပြောပြီး ကန်ဟန်လေးကို တားမြစ်ကြသတဲ့။

"ကျွန်တော်ဟာ ခင်ဗျားတို့ထင်သလို သာမန်လူသားတစ်ဦး မဟုတ်ပါဘူး။ မိုးနတ်မင်းရဲ့သားတော်တစ်ပါးပါ။ လူတွေ ဒုက္ခရောက်နေရင် ကယ်တင်ဖို့အတွက် ကိုယ်စားပြုပြီး စေလွှတ်ခံရသူပါ။ ကျွန်တော် ပြောတာကို မယုံရင် ကျွန်တော့်အမေကို မေးကြည့်ပါ။ ကျေးဇူးပြုပြီး ကျွန်တော့်ကို နဂါးသော့ယူခွင့်ပေးပါ" လို့တောင်းပန် ပြောဆိုလိုက်တယ်။

ဒီအခါမှာ လူအုပ်ထဲက အသက်ကြီးကြီး မိန်းမကြီး တစ်ယောက်က

"မင်းဟာ လွန်ခဲ့တဲ့ နှစ်နှစ်က အဘွားကြီး မွေးခဲ့တဲ့သားလား" လို့မေးလိုက်သတဲ့။

"ဟုတ်ပါတယ်။ ကျွန်တော့်နာမည် ကန်ဟန်လို့ ခေါ်ပါတယ်"

"ဟုတ်တယ်ဟေ့။ သူဟာ မွေးရိုးမွေးစဉ်နှင့် မွေးဖွားခဲ့တဲ့ လူသားတစ်ဦး မဟုတ်ဘူး။ သူ့အမေဟာ သူ့ကို သုံးနှစ်တောင် ကိုယ်ဝန်ဆောင်ခဲ့ရတယ်။ သူဟာ အခုမှ နှစ်နှစ်သားပဲ ရှိသေးတာ။ သူမွေးတုန်းက ကျုပ်တောင် ရှိသေးတယ်။ ခု မင်းတို့ အမြင်ပဲလေ။ သူဟာ နှစ်နှစ်နှင့် ဘယ်လောက် ထွားကျိုင်းတဲ့လူငယ်တစ်ယောက် ဖြစ်နေပြီလဲလို့။ ဒါဟာ မိုးနတ်မင်းရဲ့သားတော်မဟုတ်လို့ ဘယ်ကလူဖြစ်ရမှာလဲကွယ်တို့။ ကဲ . .သူလုပ်ချင်တာကို လုပ်ခွင့်ပြုလိုက်ပါ။ အောင်မြင်ရင်လည်း ကျုပ်တို့ကံပေါ့။ အဓိကကတော့ မိုးရွာပြီး ရေရရှိဖို့ မဟုတ်လား" လို့ ပြောဆိုလိုက်သတဲ့။

လူအုပ်ကြီးလည်း သဘောတူပြီး ကန်ဟန် အလိုရှိရာကို လုပ်ခွင့်ပြုဖို့ သဘောတူလိုက်တယ်။ ကန်ဟန်ဟာ ဘုရားကျောင်း အောက်မှာရှိတဲ့ နဂါးသော့ကို ယူပြီး ရေအောက်ကို ငုပ်ဆင်းသွား သတဲ့။

ရေအောက်ကို ရောက်သွားတဲ့အခါမှာ သူဟာ နဂါးကြီးနေ တဲ့ဂူကို ပါလာတဲ့ နဂါးသော့နှင့်ဖွင့်ပြီး အထဲကိုဝင်သွားတော့တယ်။

နန်းတော်ထဲမှာတော့ ကျောက်သံပတ္တမြားရောင်တွေကြောင့် ထိန်လင်းနေလေရဲ့။ တစ်ချိန်တည်းမှာပဲ သာယာညင်းပျောင်းတဲ့ တီး မှုတ်သံကလေးတွေကိုလည်း ကြားနေရသတဲ့။ နဂါးဘုရင်ကြီးဟာ ဝတ်ရုံအနက်ကြီးကို ဝတ်ဆင်ပြီး သလွန်ပေါ်မှာ ပါးစပ်ကြီး ဟ,ကာ အိပ်မောကျနေလေရဲ့။ သူ့ရဲ့ဟနေတဲ့ပါးစပ်ကြီးထဲမှာလည်း တောက် ပြောင်နေတဲ့ပတ္တမြားလုံးကြီးတစ်ခု လှုပ်ရှားနေသတဲ့။

ကန်ဟန်ကလည်း မိန်းမပျိုကလေးပြောလိုက်တာကို သတိ ရပြီး နဂါးကြီးရဲ့ပါးစပ်ထဲက ပတ္တမြားကို ကပျာကယာဆွဲယူပြီး မြို ချလိုက်တယ်။ ဒီအခါမှာ နဂါးကြီးဟာ အိပ်ရာက လန့်နိုးလာပြီး ပါးစပ်နှင့် နှာခေါင်းပေါက်ဝကနေ မီးတောက်မီးလျှံတွေ ထွက်ပေါ် လာတယ်။

"ငါ့ရဲ့ပတ္တမြားလုံးကို မင်း ယူထားတာလား။ မင်း သေ ချင်နေပြီလား။ မင်းကို ခုချက်ချင်း ဓားနှင့် ခုတ်သတ်ပစ်လိုက်မယ်" လို့ ကြုံးဝါးလိုက်သတဲ့။

ဒီအခါမှာ ကန်ဟန်ဟာ "ဪ··ပတ္တမြားလုံးလား။ ကျုပ်

မြိုချလိုက်ပြီ" လို့ အေးအေးဆေးဆေး ပြန်ပြောလိုက်သတဲ့။

နဂါးကြီးဟာ ကန်ဟာန်ရဲ့စကားကိုကြားတဲ့အခါမှာ အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး မျက်စိမျက်နှာတွေ ပျက်သွားတော့တယ်။

ပတ္တမြားလုံးက သူ့ရဲ့အသက်ပဲလေ။ ပတ္တမြားလုံးကြီး မရှိရင် သူဟာ အသက်ဆက်ပြီးမရှင်သန်နိုင်တော့ဘူး။ သူ့မှာရှိတဲ့ တန်ခိုးတွေဟာလည်း အကုန်လုံး ပျောက်ကွယ်ကုန်ပြီလေ။

ဒီအခါမှာ နဂါးကြီးက

"မင်း ဘာလိုချင်လို့လဲ။ မင်းလိုချင်တာကို ငါပေးပါ့မယ်။ ဒါပေမယ့် ငါ့ရဲ့ပတ္တမြားကိုတော့ ပြန်ပေးပါကွာ" လို့ ပြောလိုက်သတဲ့။

"မရတော့ဘူး။ မင်းဟာ လူတွေစိတ်သောကရောက်အောင်လုပ်ခဲ့တယ်။ လူတွေ ငတ်မွတ်ခေါင်းပါးအောင်လာပ်ခဲ့တဲ့ မကောင်းဆိုးဝါးပဲ။ မင်းကို ပတ္တမြားပြန်ပေးရင် မင်းဟာ အရင်လိုပဲ ဒုက္ခပေးဦးမှာပဲ။ မင်းကိုအပြစ်ပေးဖို့ ငါ့မှာတာဝန်ရှိတယ်" လို့ပြောပြီး နဂါးကြီးကို တစ်ခါတည်း ဓားဖြင့်ပိုင်းပြီး ခုတ်သတ်လိုက်သတဲ့။ နဂါးဘုရင်ကြီးလည်း သေဆုံးသွားတာပေါ့။


ကန်ဟာန်ဟာ သူ့ကိုယ်သူ နဂါးအသွင်ပြောင်းပြီး နေရာအနှံ့ကို မိုးတွေ ရွာချလိုက်သတဲ့။

အဲဒီလို ရွာသွန်းလိုက်တဲ့ မိုးတွေဟာ ကောင်းကင်ကနေပြီး သွန်ချလိုက်သလား အောက်မေ့ရလောက်အောင် ပြင်းထန်လှပါတယ်။

သူဟာ အဲဒီနေ့ကစပြီး နဂါးကြီးရဲ့အရိုက်အရာကို ဆက်ခံပြီး လူအပေါင်းကို ကူညီစောင့်ရှောက်လေ့ရှိတယ်။

'ကန်ဟန်'ကိုဂုဏ်ပြုတဲ့အနေနှင့် လူတွေဟာ ဘုရားကျောင်းတွေမှာ နဂါးရုပ်ထုတွေ ထုလုပ်ပူဇော်လေ့ ရှိသလို၊ နှစ်သစ်ကူးပွဲတော်တွေမှာလည်း နဂါးပုံသဏ္ဌာန်တွေပြုလုပ်ပြီး နဂါးအကဖြင့် ကပြဖျော်ဖြေလေ့ ရှိတော့သတဲ့ကွယ်။

■



သူဓာတပေ

## တံတားကြီးနှင့်တံတားကလေး

ဟိုးရှေးရှေးတုန်းက တရုတ်ပြည်နယ်လေးမှာရှိတဲ့ 'ချာချောင်'မြို့မှာ အုတ်နှင့်ပြုလုပ်ထားတဲ့ တံတားနှစ်ခု ရှိသတဲ့။ တစ်ခုက မြို့ရဲ့ တောင်ဘက်မှာဖြစ်ပြီး၊ ကျန်တစ်ခုကတော့ မြို့ရဲ့အနောက်ဘက်မှာ တည်ရှိသတဲ့။

တောင်ဘက်မှာရှိတဲ့တံတားကြီးကိုတော့ 'လုပန်း'လို့ ခေါ်တဲ့ ဗိသုကာဆရာကြီးက ဆောက်လုပ်ပြီး၊ အနောက်ဘက်မှာ ရှိတဲ့တံတားငယ်လေးကိုတော့ သူ့ရဲ့ညီမဖြစ်သူ 'လုချီရန်'က တည်ဆောက်ခဲ့သတဲ့။

တံတားကြီးနှစ်ခု မဆောက်လုပ်ခင်က သူတို့မောင်နှမနှစ်ဦးဟာ နိုင်ငံတစ်ဝှမ်းကို လှေ့လာရေးခရီးများ ထွက်ခဲ့ကြတယ်။

တစ်နေ့မှာတော့ သူတို့ဟာ 'ချာဂိုချောင်'ဆိုတဲ့ မြို့ငယ်လေးတစ်မြို့ကိုရောက်လာကြသတဲ့။ အဲဒီမြို့လေးဟာ အလွန်သာယာလှပတာကြောင့် သူတို့မောင်နှမ နှစ်ယောက်စလုံး သဘောကျသွားကြတယ်။ မြို့အနှံ့လျှောက်လည်ပြီးလို့ မြစ်ဆိပ်ကမ်းဘက်ကို ထွက်

အလာမှာ တစ်ဘက်ကမ်းကိုဖြတ်ကူးဖို့အတွက် လူစုလူဝေးကြီးစောင့်မျှော်နေတာကို မြင်လိုက်ရသတဲ့။

အဲဒီလူစုလူဝေးကြီးထဲမှာ ဆန်ကုန်သည်တွေ၊ ကောက်ရိုးလှည်းတွေ၊ ဆားအထမ်းသည်တွေ၊ အလုပ်သမားတွေ၊ စွန်ပလွန်သီးသည်တွေ၊ တစ်ဘက်ကမ်းက အလုပ်ရုံကို ဝါဂွမ်းထုပ်တွေ ယူ့အလုပ်သမားတွေ။ သူတို့ရဲ့ကုန်ပစ္စည်းအမျိုးမျိုးကိုလက်တွန်းလှည်းနှင့်ဆွဲသူက ဆွဲ၊ မြင်းတွေပေါ်တင်တဲ့သူက တင်နှင့် တစ်ဘက်ကမ်းကိုရောက်ဖို့ သူ့ထက်ငါ အလုအယက် တိုးဝှေ့စောင့်စားနေလေရဲ့။

မြစ်ကလည်း ရေစီးအလွန်သန်ပြီး တစ်ဘက်ကမ်းကိုကူးဖို့လှေကလေးနှစ်စင်းပဲ ရှိတယ်။ လှေကလေးနှစ်စင်းကလည်း ခေါက်တုံ့ခေါက်ပြန်နှင့် သယ်ယူပို့ဆောင် ပို့ပေးနေသတဲ့။

တစ်ဘက်ကမ်းကို ကူးတဲ့အခါမှာလည်း လူနည်းနည်းနှင့်ကုန်အနည်းအကျဉ်းသာ ဆံ့တဲ့အတွက် တချို့လူတွေဟာ သူတို့အလှည့်ကို ရောက်အောင်စောင့်နေရတာကို စိတ်မရှည်နိုင်တော့ဘဲ ဆဲရေးတိုင်းထွာနေကြလေရဲ့။

အဲဒီလိုအခြေအနေတွေကို "လုပန်း" မြင်တွေ့လိုက်ရတော့အနီးအနားက လူတစ်ယောက်ကို

"ဒီလောက်တောင် ရောင်းဝယ်ဖောက်ကားပြီး စည်ကားနေတဲ့ မြို့ကြီးမှာ မြစ်ကို ဖြတ်ကျော်ဖို့အတွက် တံတားလေးတစ်ခုတောင် ဘာလို့ မဆောက်ကြတာလဲ" လို့ မေးလိုက်သတဲ့။

အနီးအနားမှာရှိတဲ့လူတွေက

"မြစ်ပြင်ကြီးဟာ ဆယ်လံမက ကျယ်ပြန့်လွန်းတယ်။ ကမ်းပါးတစ်လျှောက်မှာလည်း နင်းလိုက်တိုင်း စုံးစုံးမြုပ်သွားတဲ့ နုံးမြေတွေချည်းပဲ။ ဒီမှာရှိတဲ့ ကိုလိုသာမန်လူတွေအနေနှင့် ဘယ်လိုလုပ်ပြီး ဆောက်နိုင်ပါ့မလဲ။ ကျွမ်းကျင်ဦးဆောင်နိုင်တဲ့ ပညာရှင်လည်း ဒီဒေသမှာ မပေါ်ထွန်းသေးပါဘူး" လို့ ပြန်ပြောလိုက်သတဲ့။

လုပန်းနှင့် လုချီရန်တို့ မောင်နှမနှစ်ယောက်ဟာ ပတ်ဝန်းကျင်အနေအထားကိုလေ့လာပြီး၊ မြစ်တစ်ဘက်ကမ်းကို ကူးဖို့အတွက် တံတားနှစ်ခုဆောက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

အဲဒီလိုနှင့် မောင်နှမနှစ်ယောက်က တံတားနှစ်ခုကို အပြိုင်အဆိုင်တည်ဆောက်ဖို့ ပြင်ဆင်ကြပါလေရော။

လုချီရန်ဟာ ဘယ်နေရာကိုပဲ သွားသွား၊ သူ့အစ်ကိုကြီးတည်ဆောက်နေတဲ့ တံတားက အကောင်းဆုံးဖြစ်မှာပဲဆိုပြီး လူတွေက ချီးမွမ်းနေတာကို ကြားနေရသတဲ့။ သူမဟာ အဲဒီလိုချီးကျူးသံတွေကိုကြားရတော့ မနာလိုဖြစ်လာပြီး၊ သူမရဲ့အစ်ကိုကြီးကို သူမနှင့်ယှဉ်ပြိုင်ဖို့ စိန်ခေါ်လိုက်တယ်။

သူတို့နှစ်ဦးစလုံး တံတားတစ်ခုစီကို အပြိုင်ဆောက်ကြမယ်။ အရင်ဆုံးပြီးတဲ့သူက အနိုင်ရမယ်။ အလုပ်လုပ်ချိန်ကိုတော့ နေဝင်တာနှင့် စပြီး အလုပ်လုပ်ကြဖို့၊ မနက် အရုဏ်တက်လို့ ကြက်တွန်ရင်အလုပ်ကို ရပ်ပစ်လိုက်ဖို့ သဘောတူကြသတဲ့။ အဲဒီအချိန်အတွင်း တံတားဆောက်လို့မပြီးတဲ့သူက အရှုံးဆိုပြီး သတ်မှတ်ထားကြတယ်။

အဲဒီလို ကတိကဝတ်ပြုပြီး ကိုယ့်အစီအစဉ်နှင့် ကိုယ် တံ

တား အမြန်ပြီးစီးဖို့ ပြင်ဆင်ကြသတဲ့။ အစ်ကိုကြီးဖြစ်တဲ့ လုပန်းက မြို့ရဲ့တောင်ဘက်ကနေဖြတ်တဲ့ တံတားကို ဆောက်လုပ်ဖို့နှင့် ညီမဖြစ်သူ လုချီရန်ကတော့ မြို့ရဲ့အနောက်ဘက်ကနေဖြတ်မယ့် တံတားကို ဆောက်ဖို့ စီမံကြတယ်။

ညီမငယ်လေး လုချီရန်ဟာ သူ ဆောက်ရမယ့် နေရာကို ရောက်တာနှင့်တစ်ပြိုင်နက်တည်း လိုအပ်တဲ့ပစ္စည်းပစ္စယတွေကိုဝယ်ပြီး အားကြိုးမာန်တက်ဆောက်လိုက်တဲ့အခါမှာ ညသန်းခေါင်မတိုင်ခင်မှာ ပြီးစီးသွားတော့သတဲ့။ ဒီတစ်ခါတော့ သူ့အစ်ကိုကြီးကို အနိုင်ရပြီဆိုပြီး သူ့ဘာသာသူ ကျိတ်ပြီး ဝမ်းသာလုံးဆို့နေလေရဲ့။

တဖြည်းဖြည်း သူမဟာ စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်လာပြီး မြို့ရဲ့တောင်ဘက်မှာ သူ့အစ်ကိုဆောက်နေတဲ့ တံတားကို တိတ်တိတ်ကလေး သွားချောင်းကြည့်လိုက်တယ်။

သူမ ချောင်းကြည့်လိုက်တဲ့အခါမှာ မြစ်ကလည်း အရင်လိုပဲ ရေတွေ တသွင်သွင်စီးဆင်းနေတာကို မြင်လိုက်ရသတဲ့။ အနီးအနားမှာလည်း တံတားဆောက်နေတာကို မတွေ့ရ၊ သူမရဲ့ အစ်ကိုကို ကမ်းပေါ်မှာလည်း မတွေ့ရ။ အစ်ကိုကြီး ဘယ်များရောက်နေသလဲဆိုပြီး ရပ်ကြည့်နေတဲ့အခါမှာ လူတစ်ယောက်ဟာ မြောက်ဘက်မှာရှိတဲ့ တိုင်ဟာတောင်ပေါ်က သိုးတစ်အုပ်နှင့်အတူဆင်းလာတာကို မြင်တွေ့လိုက်ရတယ်။

အနားကိုရောက်တဲ့အခါမှာ သိုးအုပ်ကိုမောင်းလာတဲ့သူဟာ တခြားလူ မဟုတ်ဘဲ သူမရဲ့အစ်ကိုကြီးဖြစ်နေတာကို တွေ့ရတယ်။

သိုးအုပ်ကြီးဟာလည်း တကယ် သိုးအစစ်တွေမဟုတ်ဘဲ နှင်းကဲ့သို့ ဆွတ်ဆွတ်ဖြူနေတဲ့ ကျောက်ပြားချပ်ကြီးတွေ ဖြစ်နေသတဲ့။

ညီမငယ်ကလေးဟာ ကျောက်ပြားအဖြူချပ်တွေကိုမြင်လိုက်ရတဲ့အခါမှာ အတော်ကလေး စိတ်ဓာတ်ကျသွားတယ်။ သူ့အစ်ကိုကြီးယူလာတဲ့ ကျောက်ပြားတွေဟာ အလွန်ခိုင်ခံ့ကောင်းမွန်တဲ့ကျောက်ပြားတွေ ဖြစ်နေလို့ပဲ။

အဲဒီကျောက်ပြားတွေနှင့် တံတားတည်ဆောက်လိုက်လို့ ရှိရင် အလွန်ခိုင်ခံ့လှပတဲ့ တံတားကြီးတစ်ခု ဖြစ်သွားနိုင်တယ်ဆိုတာကို သူမ တပ်အပ်သိလိုက်ရတယ်။ သူမ ပြီးစီးသွားတဲ့တံတားငယ်ကလေးနှင့် ဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်နိုင်ပါ့မလဲဆိုပြီး အားငယ်ဝမ်းနည်း စိတ်ဓာတ်ကျသွားရှာသတဲ့။

အဲဒီလို နေရင်းနှင့် သူမရဲ့ အစ်ကိုထက် သာလွန်အောင် ဘယ်လိုလုပ်ရပါ့မလဲဆိုပြီး အကြံထုတ်လိုက်ပြန်တယ်။

သူမဟာ သူမ တည်ဆောက်ထားတဲ့တံတားကလေးဆီကို အပြေးအလွှားသွားပြီး တံတားရဲ့လက်ရန်းကလေးတွေပေါ်မှာ အလွန်လှပပြီး လက်ရာမြောက်လှတဲ့ ကနုတ်ပန်းလေးတွေဖြင့် ထွင်းဖောက်ပြီး တန်ဆာဆင်လိုက်သတဲ့။

အချိန်သိပ်မကြာခင်မှာပဲ သူမရဲ့တံတားကလေးက အလွန်လှပပြီး အနုပညာဆန်လှတဲ့လက်ရာကလေးများနှင့် ပြည့်စုံသွားတော့တယ်။ တံတားရဲ့လက်ရန်းမှာတော့ နွားကျောင်းသားလေးတွေ၊ ရက်ကန်းရက်နေတဲ့ မိန်းမပျိုလေးတွေ၊ ဓာမဏီငှက်ကလေးတွေဟာ နေ

ရောင်ဝင်းလက်နေတဲ့ကောင်းကင်ယံဆီ ပျံသန်းနေပုံတွေကို အနုစိတ် ထွင်းထုထားသတဲ့။ သူမဟာ အလွန်လှပစွာ ခြယ်မှုန်းထားတဲ့ သူမ ရဲ့လက်ရာတံတားကလေးကိုကြည့်ပြီး ကျေနပ်နှစ်သိမ့်နေရှာတာပေါ့။

နောက်တစ်ခါထပ်ပြီး သူမအစ်ကိုဟာ ဘယ်လိုများ တံတား ဆောက်လုပ်နေသလဲ ဆိုတာကို သိချင်ဇောနှင့် မြို့ရဲ့တောင်ဘက်ကို အပြေးအလွှားလေး ပြေးကြည့်လိုက်သတဲ့။

သူမ ကြည့်နေချိန်မှာပဲ သူမအစ်ကို လုပန်းဟာ တံတား ဆောက်လို့ ပြီးဆုံးကာနီးဖြစ်နေလေရဲ့။ တံတားရဲ့အပေါက်ဝတွေကို ကျောက်ပြားတွေကပ်ဖို့ပဲ ကျန်တော့သတဲ့။ အဲဒီလိုမြင်ကွင်းကို မြင် လိုက်တော့ လုချီရန်ဟာ အတော်လေး စိတ်လှုပ်ရှားသွားပြီး သူမရဲ့ အာခေါင်ကိုခြစ်ထုတ်ကာ ကြက်တွန်သံအတုလုပ်ပြီး အော်မြည်လိုက် သတဲ့။ သူမ အသံအတုလုပ်ပြီး တွန်လိုက်သံကို ကြားရတဲ့ ကြက် တွေဟာ အိပ်ရာက နိုးကုန်ပြီး အရုဏ်တက်ပြီအထင်နှင့် ဝိုင်းပြီးတွန် ကြပါလေရော။

အဲဒီလို ကြက်တွန်သံကိုကြားလိုက်ရတော့ လုပန်းဟာ တံ တားဝကြီးတွေကို ကျောက်ပြားတွေ အမြန်ကပ်လိုက်တယ်။ သူရဲ့တံ တားကြီးဟာလည်း မိုးမလင်းခင် ပြီးစီးသွားတာပေါ့ကွယ်။

သူတို့မောင်နှမ ဆောက်လုပ်ထားတဲ့ တံတားနှစ်ခုဟာ တစ် ခုက ကြီးပြီး၊ တစ်ခုက သေးငယ်နေသတဲ့။

လုပန်း တည်ဆောက်ထားတဲ့တံတားကြီးဟာ ထုနှင့်ထည် နှင့် သားနားခိုင်ခံ့မှုမှာ ပထမတန်းဖြစ်နေသတဲ့။

သူဇာတပေ

ညီမဖြစ်သူ ဆောက်ထားတဲ့ တံတားငယ်ကလေးကတော့ အနုပညာဆန်လှတဲ့ လက်ရာကလေးများဖြင့် ပြည့်နှက်နေပြီး ချစ်စဖွယ်ကောင်းနေလေရဲ့။

မြို့ကလေးမှာရှိတဲ့ လူအပေါင်းဟာ သူတို့မောင်နှမဆောက်လုပ်ထားတဲ့ တံတားနှစ်ခုစလုံးကိုကြည့်ပြီး ဝိုင်းဝန်းချီးကျူးကြသတဲ့။ အစ်ကိုဖြစ်သူ ဆောက်လုပ်ထားတဲ့ တံတားကြီးကိုတော့ 'ဖြိုဖျက်၍မရနိုင်တဲ့ကျောက်တံတားကြီး' လို့ခေါ်ပြီး ညီမဖြစ်သူ ဆောက်လုပ်ထားတဲ့ တံတားငယ်လေးကိုတော့ 'အနုပညာတံတားလေး' လို့ခေါ်ဝေါ်ခဲ့ကြသတဲ့။

သူတို့နှစ်ဦးစလုံး ဆောက်လုပ်ခဲ့တဲ့ တံတားနှစ်ခုစလုံးဟာ တစ်မျိုးစီ လှပကောင်းမွန်နေတဲ့အတွက် အနိုင်၊ အရှုံးဆိုတာ မရှိတော့ဘဲ မောင်နှမနှစ်ယောက်စလုံး ဝမ်းသာပျော်ရွှင်သွားကြတာပေါ့။

ယနေ့ထက်တိုင် ချာ့ဇိုချောင်မြို့မှာရှိတဲ့ မိန်းကလေးတွေဟာ ခေါင်းအုံးစွပ်တွေကို ပန်းထိုးတဲ့အခါမှာ ဖြစ်စေ၊ ဖိနပ်တွေမှာ ပန်းအလှစီတဲ့အခါ ဖြစ်စေ၊ မြို့ရဲ့အနောက်တံခါးမှာ ရှိတဲ့ 'အနုပညာတံတားလေး'ဆီကိုသွားကြပြီး၊ အဲဒီမှာရှိတဲ့ ကနုတ်ပန်းပုံစံတွေကိုကြည့်ပြီး ပန်းထိုးလေ့ ရှိကြတယ်။

အဲဒီလို တံတားနှစ်ခု တစ်ညတည်း အပြိုင်တည်ဆောက်ပြီးတဲ့သတင်းဟာ ရပ်ဝေးရပ်နီး၊ တောရောမြို့ပါမကျန် သတင်းပျံ့နှံ့သွားပါလေရော။ အလွန်ဝေးကွာလှတဲ့ ပင်လယ်သမုဒ္ဒရာထဲမှာ ရှိတဲ့ နတ်သမီးကျွန်းလို့ ခေါ်တဲ့နေရာလေးအထိ သတင်းရောက်သွား

တယ်။ အဲဒီကျွန်းမှာနေတဲ့ ပရလောကသား နတ်တွေနားကိုတောင် ရောက်သွားသတဲ့။

သူတို့အထဲမှ စပ်စုပြီး အလွန်ရှုပ်ပွေလွန်းလှတဲ့ "ချန်ကိုလူး" လို့အမည်ရသော နတ်မင်းကြီးဟာ အဲဒီသတင်းကို ကြားလိုက်ရတဲ့ အခါမှာ မခံချည့်မခံသာ ဖြစ်ပြီး တံတားကြီးကို ဖျက်ဆီးဖို့အတွက် လူယောင်ဖန်ဆင်းကာ အဲဒီနေရာကို လာခဲ့သတဲ့။

သူဟာ ဘုရင်ကြီးဆီကိုဝင်ပြီး တံတားကြီး ခိုင် မခိုင် စမ်းသပ်ကြည့်ကြရအောင်လို့ ပြောပြီး ဆွယ်လိုက်သေးတယ်။

ဘုရင်ကြီးကလည်း သဘောတူပြီး သူနှင့် အတူလိုက်လာခဲ့တာပေါ့။

အကြံသမားဖြစ်တဲ့ နတ်မင်းကြီးဟာ ဘုရင်ကြီးတွန်းလာတဲ့ တွန်းလှည်းကြီးအထဲမှာ တောင်ကြီးလေးလုံးကိုဖန်ဆင်းပြီး ထည့်ထားလိုက်သတဲ့။ သူကိုယ်တိုင်ကတော့ မြင်းကြီးစီးပြီး ဘယ်ဘက်အိတ်ထဲမှာ နေ၊ ညာဘက်အိတ်ထဲမှာ လကို ထည့်လာလေရဲ့။

တံတားထိပ်ကို ရောက်လာတဲ့အခါ နတ်မင်းကြီးချန်ကိုလူးက "ဟေ့ ဒီတံတားကြီးကို ဘယ်သူဆောက်တာလဲဟေ့" လို့အော်မေးလိုက်သတဲ့။

ဒီအချိန်မှာ လုပန်းဟာ သူ ဆောက်ထားတဲ့ တံတားလက်ရန်းတွေ ခိုင် မခိုင် လိုက်စစ်ဆေးနေလေရဲ့။

သူဟာ အသံကြားရာကို မော့ကြည့်ပြီး

"ကျွန်တော်ဆောက်ထားတာပါ ခင်ဗျာ။ ဘာများ အမှား

အယွင်းရှိလို့ပါလဲ"လို့ ပြန်မေးလိုက်တယ်။

ဒီအခါမှာ ချန်ကိုလူးက သူ စီးလာတဲ့မြင်းနှင့် ဘုရင်ကြီး တွန်းလာတဲ့ လှည်းကလေးကို လက်ညှိုးထိုးပြရင်း

"တို့နှစ်ယောက် ဒီတံတားပေါ်က ဖြတ်မလို့၊ မင်းတံတား က ခိုင်ပါ့မလား"လို့ မေးလိုက်သတဲ့။

ဒီစကားကို ကြားလိုက်ရတော့ လုပန်းဟာ အလွန်ကျယ် လောင်စွာ ရယ်မောပြီး

"ဒီတံတားပေါ်မှာ ဝန်စည်အပြည့်ပါတဲ့ မြင်းတွေနှင့် စစ် တပ်ကြီးတစ်တပ်လုံး ဖြတ်ကျော်နေကျပဲ။ ခင်ဗျားတို့နှစ်ယောက်နှင့် မြင်းကလေးတစ်ကောင် ဖြတ်မှာကို ခိုင်မှ ခိုင်ပါ့မလားလို့ သံသယ ဖြစ်မနေပါနှင့်။ ရဲရဲသာ ဖြတ်ကူးပါ"လို့ ပြန်ပြောလိုက်သတဲ့။

ချန်ကိုလူးနှင့် ဘုရင်ကြီးဟာ မျက်ရိပ်မျက်ခြည်ပြရင်းနှင့် တံတားပေါ်ကို ဖြတ်ကျော်လိုက်တဲ့အခါမှာ တံတားကြီးဟာ ပြိုကျ သွားတော့မယောင်ဖြစ်ပြီး တုန်ခါသွားတယ်။

လုပန်းဟာ အလွန်အံ့အားသင့်ပြီး တုန်လှုပ်ချောက်ချားသွား ရှာသတဲ့။

သူဟာ တံတားအောက်ကိုအမြန်ပြေးဆင်းပြီး သူ့လက်နှစ် ဖက်နှင့် တံတားကြီးကို မ,ထားလိုက်တယ်။ ဒီအခါမှာ တံတားကြီး ဟာ ပြန်လည်ခိုင်မြဲသွားပြီး အပေါ်က ဖိအားနှင့် ပိုပြီးတောင် တောင့် တင်းခိုင်မာသွားတော့သတဲ့။ ဒါပေမယ့်လို့ တောင်ဘက်ပိုင်းမှာရှိတဲ့ အစိတ်အပိုင်းလေးတစ်ခုကတော့ ပဲ့ကျသွားလေရဲ့။

အဲဒီပဲ့ကျသွားတဲ့နေရာလေးကို ယခုထက်တိုင် ချန်ကိုလူး နတ်မင်းကြီးရဲ့မြင်းခွာပုံလို့ ခေါ်စမှတ်ပြုကြတယ်။ အဲဒီနေရာလေးမှာပဲ ဘုရင်ကြီးရဲ့လက်တွန်းလှည်းကြီး တရွတ်တိုက်ဆွဲသွားတဲ့အစင်းအရာကြီးတစ်ခု ကျန်နေရစ်ခဲ့တယ်။

လှေကားအောက်မှာတော့ တံတားကြီးကို မ,ထားလိုက်တဲ့ လုပန်းရဲ့လက်ရာနှစ်ခုဟာလည်း ကျန်ရစ်ခဲ့သတဲ့။

ယခုထက်တိုင် နှစ်သစ်ကူးပွဲတော်အတွက် ပို့စကတ်ကလေးတွေလုပ်တဲ့အခါ ဗိသုကာဆရာကြီးလုပန်း တံတားကြီးကို မ,နေတဲ့ပုံတွေ ပြုလုပ်ရောင်းချလေ့ရှိကြသတဲ့။

ကဲ…ကလေးတို့ရေ၊ ပုံပြင်ကို ပြန်ဆက်ပြီးပြောရရင် ချန်ကိုလူးနတ်မင်းကြီးဟာ တံတားကိုဖြတ်ကျော်ပြီး လုပန်းကိုကြည့်ရင်း

"မင်းရဲ့ မျက်လုံးကလေးတွေဟာ သနားစရာကောင်းလိုက်တာ" လို့ ပြောဆိုညည်းညူလိုက်တယ်။

ဒီတော့မှ လုပန်းဟာ သတိရသွားပြီး

"တန်ခိုးရှင်နတ်မင်းကြီးကို သူ မမှတ်မိလိုက်ရလေခြင်း" ဆိုပြီး နောင်တရမိသတဲ့။

သူဟာ ဒီအဖြစ်အပျက်တွေတွေးမိတိုင်း ရှက်ကြောက်လာပြီး သူ့ကိုယ်သူဒဏ်ခတ်လိုက်တယ်။ သူ့ရဲ့မျက်လုံးတစ်လုံးကိုထုတ်ပစ်လိုက်ပြီး တံတားဘေးနားမှာချထားလိုက်ကာ အဝေးဆုံးကိုထွက်ခွာသွားတော့တယ်။

ညီမဖြစ်သူ လုချီရန်ကလည်း သူမရဲ့အစ်ကိုကြီးသတင်းကို

ကြားတော့ စိတ်မကောင်းဖြစ်ပြီး သူ့အစ်ကိုကို ရှာဖွေဖို့ အဲဒီမြို့က လေးကနေ ထွက်ခွာသွားသတဲ့။

အချိန်ကာလ အနည်းငယ်ကြာတဲ့အခါမှာ မြင်းဘုရင်ကြီးဟာ အဲဒီတံတားနားကိုရောက်လာပြီး လုပန်း စွန့်ပစ်ထားခဲ့တဲ့ မျက်လုံးကြီးကိုကောက်ယူကာ သူ့နဖူးမှာတပ်ဆင်ထားလိုက်တယ်။

အဲဒီနောက်ကစပြီး လူတွေဟာ မြင်းခေါင်းပုံသဏ္ဍာန်ကိုဆွဲတဲ့အခါမှာ မျက်လုံးသုံးလုံးထည့်ပြီး ဆွဲလေ့ရှိကြသတဲ့။

မျက်လုံးတစ်ဖက်တည်းသာ ရှိတော့တဲ့ ဗိသုကာဆရာကြီး လုပန်းကို ဂုဏ်ပြုတဲ့အနေနှင့် ဆောက်လုပ်ရေးလုပ်ကိုင်တဲ့ အလုပ်သမားတွေဟာ သူတို့အလုပ်လုပ်တဲ့အခါ မျဉ်းကြောင်းတည့် မတည့် စစ်ဆေးကြည့်ရှုတဲ့အခါမှာ မျက်လုံးတစ်ဖက်တည်းဖြင့်သာ အသုံးပြုလေ့ရှိကြတယ်။

ချာဇိုချောင်မြို့ကလေးမှာတော့ ဗိသုကာဆရာကြီးလုပန်းတို့ မောင်နှမကို အမြဲထာဝရသတိရလျက် ရှိပြီး ကဗျာလင်္ကာလေးတွေ စပ်ဆိုလေ့ ရှိကြသတဲ့။ ယနေ့ထက်တိုင် ရွှာကျောင်းသားလေးတွေ ဟာ တံတားကြီးနားကိုရောက်ရင် ဒီကဗျာလင်္ကာလေးကို သီဆိုလေ့ ရှိကြလေသတည်း။ ကဗျာလေးထဲမှာပါတဲ့ စာကြောင်းလေးတွေက တော့

ချာဂိုချောင်မြို့မှာရှိတဲ့ တံတားကြီးကို
ဘယ်သူဆောက်။
မြင်းကလေးစီးကာ တံတားကြီးကိုဖြတ်သွားသူက

ဘယ်သူများပါလိမ့်ကွယ် . . ..
အစင်းကြောင်းကြီးဖြစ်အောင် ဘယ်သူ
ဖျက်စီးခဲ့သလဲကွယ်။
ချာဂိုချောင်ရဲ့ တံတားငယ်လေးကို
ဘယ်သူဆောက်။
ဆောက်တဲ့လူကို ထွက်ပြေးသွားအောင် ဘယ်သူ
လုပ်သလဲကွယ်။

ကဗျာလင်္ကာရဲ့အဖြေကတော့ . . .
တံတားကြီးကို
ဗိသုကာဆရာကြီး 'လုပန်း' ဆောက်။
'ချန်ကိုလူး' နတ်မင်းကြီးဟာ မြင်းကလေးကို
စီးကာ ဖြတ်သန်းသွား။
အစင်းကြောင်းရဲ့အရာကြီးဟာ
ဘုရင်ကြီးက ပြုလုပ်တာ။
တံတားငယ်လေးဟာ ညီမငယ်လေး 'လုချီရန်'
ဆောက်တာပါ။
သူကလည်းကွယ် ကြာကြာမနေ၊ သူ့အစ်ကိုကို
ရှာဖို့ပြေး။

■

## ဇာမဏီနတ်မိမယ်ပန်း

ဟိုရှေးယခင်တုန်းက အလွန်ခြောက်သွေ့ပြီး ရှေးကျလှတဲ့ တောင်ပေါ်ဒေသလေးတစ်ခုရဲ့ရွာကလေးတစ်ရွာမှာ လက်မှုအတတ်ပညာကို တစ်ဖက်ကမ်းခပ်လောက်အောင် ကျွမ်းကျင်တတ်မြောက်တဲ့ မိန်းမချောလေးတစ်ယောက် နေထိုင်သတဲ့။ သူမ ရက်လုပ်တဲ့ အဝတ်အထည်တွေ၊ ဇာထိုးပန်းထိုးအစလေးတွေကို သူမလို လက်ရာမြောက်အောင် ဘယ်သူမှ မလုပ်နိုင်ကြဘူး။

သူမဟာ ကိုယ့်ကိုယ်ကို အဝတ်အစားဝတ်ဆင်ရာမှာလည်း တန်ဖိုးကြီးတဲ့ပိတ်စတွေ မဟုတ်ဘဲနှင့် သူမကိုယ်တိုင် ချုပ်လုပ်ဖန်တီးထားတဲ့ ဈေးပေါပေါအဝတ်အစားကလေးတွေပဲ ဝတ်ဆင်လေ့ရှိတယ်။ သို့ပေမယ့် သူမရဲ့အဝတ်အစားတွေဟာ အမြဲလိုပဲ အလွန်လှပပြီး မြင်သူတကာက ငေးလောက်အောင် ဖြစ်နေသတဲ့။

သူမကိုတော့ လူအများက 'အလိမ္မာလေး' လို့ ခေါ်ဝေါ်ကြတယ်။ သူမနေတဲ့အိမ်ရဲ့မျက်နှာချင်းဆိုင်တဲ့အိမ်ကလေးမှာတော့ 'မန်



ဘူဇာတာပေ

ချမ်း' လို့ခေါ်တဲ့ လုလင်ပျိုလေးတစ်ယောက် နေသတဲ့။ သူမတို့နှစ်ဦး စလုံးဟာ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ကစားဖော် ကစားဖက်တွေဖြစ်ကြပြန်တယ်။

အရွယ်ရောက်လာချိန်မှာလည်း တစ်ဦးကို တစ်ဦး ချစ်ချင် ခင်ခင်နှင့်နေထိုင်လာကြရာက ချစ်သူတွေဘဝကို ရောက်ရှိသွားကြ သတဲ့။ သူတို့နှစ်ဦးရဲ့မိဘတွေက သူတို့ကိုလက်ထပ်ပေးဖို့ စီစဉ်ကြ တယ်။

မန်ချမ်းနှင့်အလိမ္မာလေးတို့ဟာ အလွန်ဆင်းရဲလှတဲ့တောင် သူလယ်သမားမိသားစုက ပေါက်ဖွားလာကြတာ ဖြစ်တယ်။ ရပ်ရွာ ဓလေ့ထုံးစံအတိုင်း သတို့သမီးတောင်းပွဲမှာ ယောက်ျားလေးမိဘများ က ခန်းဝင်ကြေးအနေနှင့် ပြောင်းဖူးတစ်စည်း၊ အလွန်ကြီးမားလှတဲ့ ဂေါ်ဖီထုပ် တစ်ထုပ်၊ ပဲကတ္တီပါတစ်အိတ်နှင့် ငရုတ်သီးစိမ်းအနီတစ် တွဲ အစရှိတဲ့ တန်ဖိုးနည်းပစ္စည်းလေးတွေနှင့်သာ တင်တောင်းနိုင်သ တဲ့။

မိန်းကလေးအလိမ္မာလေးရဲ့ စိတ်ထဲမှာတော့ ဒီလို တန်ဖိုး နည်းလှတဲ့ခန်းဝင်ပစ္စည်းလေးတွေကိုပဲ ကမ္ဘာပေါ်မှာ အလှပဆုံးနှင့် အထိုက်တန်ဆုံးပစ္စည်းလေးတွေပဲလို့ မှတ်ယူထားသတဲ့။ မိန်းကလေး ဟာ အဲဒီပစ္စည်းလေးတွေကို သူမရဲ့အိပ်ခန်းပြတင်းပေါက်နားမှာတင် ပြီး အချိန်တိုင်းလိုလို အမြတ်တနိုးကြည့်ရှုလေ့ရှိတယ်။ သူမရဲ့ စိတ် ထဲမှာလည်း ပစ္စည်းလေးတွေကို မြင်တိုင်း ရင်ခုန်လှိုက်မောစွာဖြစ် ပြီး တစိမ့်စိမ့်ကြည့်နူးနေလေ့ရှိသတဲ့။

နွေဦးကာလလွန်လို့ ဆောင်းဦးပေါက်ကလေးမှာ နှစ်ဖက်မိဘတွေဟာ သူတို့နှစ်ဦးကို လက်ထပ်ပေးဖို့ ပြင်ဆင်ကြပါလေရော။

မိန်းကလေးရှင်မိဘများဟာ သမီးကလေး မျက်နှာမငယ်ရအောင် မင်္ဂလာပွဲမှာဝတ်ဖို့ ထိုက်တန်ကောင်းမွန်တဲ့ ဝတ်စုံလေးတစ်စုံကို ဝယ်ပေးချင်ကြသတဲ့။ ဒါပေမယ့် သူတို့ဟာ ဆင်းရဲနွမ်းပါးသူများဖြစ်လို့ အိမ်မှာရှိတဲ့ ပစ္စည်းတွေကိုပဲ ရောင်းချဖို့ စီစဉ်ကြလေရဲ့။ အလိမ္မာကလေးက မိဘတွေရဲ့အကြံအစည်ကို သိရှိသွားပြီး အလွန်စိတ်မကောင်းဖြစ်သွားရှာသတဲ့။

အဲဒါနှင့် သူမဟာ မိဘနှစ်ပါးကို

"သမီးအနေနှင့် သတို့သမီးဝတ်စုံဝယ်ဖို့ မလိုအပ်ပါဘူး။ သမီးမှာ လက်နှစ်ဖက်ရှိပါတယ်။ သမီးအတွက်ဝတ်စုံကို သမီးကိုယ်တိုင် ချုပ်ဝတ်နိုင်ပါတယ်။ ဒီအတွက် မေမေတို့ ဖေဖေတို့ စိတ်မပူပါနှင့်။ စိတ်အေးချမ်းသာစွာနေပါ။ သမီးအတွက် ဒုက္ခမရှာပါနှင့်" လို့ပြောပြီး သူမရဲ့မိဘတွေကို နှစ်သိမ့်လိုက်သတဲ့။

သတို့သားဖြစ်သူ မန်ချမ်းကလည်း အလိမ္မာကလေးအတွက် သတို့သမီးဝတ်စုံ မဝယ်ပေးနိုင်လို့ စိတ်မကောင်းဖြစ်နေရှာတယ်။ သူဟာ ပိတ်စတစ်စတောင် မဝယ်ပေးနိုင်တော့ သူ့ကိုယ်သူ အားငယ်နေရှာသတဲ့။

အလိမ္မာကလေးက သူ့ချစ်သူ စိတ်မကောင်းဖြစ်နေတာကို ချော့မော့နှစ်သိမ့်ပြီး အားပေးစကားပြောရှာတယ်။ သူမအတွက် အဖိုးတန်ပိတ်စ မလိုအပ်ကြောင်း၊ ချည်ခင်တစ်လုံး ရှိရင် သူမဘာသာ

ပိတ်စဖြစ်အောင် ရက်လုပ်တတ်ကြောင်း ပြောဆိုလိုက်သတဲ့။

မန်ချမ်းလေးဟာ သူမဆီက ဒီစကားတွေကို ကြားလိုက်ရတော့ အလွန်ဝမ်းသာသွားရှာတယ်။ ဘာကြောင့်လဲဆိုတော့ ချည်ခင်တစ်လုံးဖြစ်ဖို့ ဝါဂွမ်းတွေလိုက်စုရင် ဖြစ်နိုင်တာကြောင့်ပဲ ဖြစ်သတဲ့။ ဝါဂွမ်းဆိုတာကလည်း ပိတ်စလောက်တော့ ဈေးမကြီးဘူးလေ။ သူလိုဆင်းရဲသားအတွက် ကြိုးစားပြီးဝယ်နိုင်ရင် ရလောက်သတဲ့။ အဲဒီလိုနှင့် သူဟာ အလိမ္မာကလေးအတွက် ကြိုးစားပမ်းစား အလုပ်လုပ်ပြီး ဝါဂွမ်းလေးတွေ အမြောက်အမြားဝယ်ပေးလိုက်တယ်။

အလိမ္မာကလေးရဲ့အိမ်နားပတ်ဝန်းကျင်မှာ ရွှေမာလာ လို့ခေါ်တဲ့ မိန်းမပျိုလေးတစ်ယောက်လည်းရှိသေးတယ်။ သူမဟာလည်း အလိမ္မာကလေးနှင့် တစ်နှစ်တည်း မင်္ဂလာဆောင်မယ့် သတို့သမီးလောင်းလေးပဲ ဖြစ်သတဲ့။ သူမကတော့ အလိမ္မာကလေးနှင့် မတူဘူးပေါ့ကွယ်။ သူမနှင့်လက်ထပ်မယ့်သူက ချမ်းသာကြွယ်ဝတဲ့ သူဌေးကလေးတစ်ယောက်ပဲ။ သတို့သားလောင်းရဲ့မိဘတွေကလည်း ချမ်းသာကြွယ်ဝလေတော့ သတို့သမီးအတွက် ခန်းဝင်ပစ္စည်းတွေဟာ အဖိုးထိုက်အဖိုးတန်တွေချည်းပဲပေါ့။ ခန်းဝင်ပစ္စည်းတွေထဲမှာ အလွန်အဖိုးထိုက်တန်တဲ့ လက်ဝတ်ရတနာတွေ၊ လှပတဲ့ဝတ်စုံကလေးတွေကလည်း အမြောက်အမြားပေါ့။

ရွှေမာလာလေးကတော့ အဲဒီဝတ်စုံတွေကို တစ်ခုပြီးတစ်ခုဝတ်ကြည့်ပြီး ရေတွင်းတွေ၊ မြစ်ဆိပ်တွေမှာ သူ့အရိပ်ကို ပြန်ကြည့်ကာ ပီတိဖြစ်နေသတဲ့။ မကြာခဏဆိုသလို ဝတ်ကောင်းစားလှတွေ

ဝတ်ပြီး ရွာထဲမှာ လမ်းသလားရင်း သူ့ကိုယ်သူ ဝင့်ကြွားနေတော့တယ်။ ပထမတော့ လူတွေဟာ ဝိုင်းဝန်း ချီးမွမ်းကြသတဲ့။ နောက်မြင်ရဖန်များလာတော့ သူမကို အရေးမလုပ်ဘဲ နေကြတော့တယ်။

မိန်းကလေးအလိမ္မာကလေးကတော့ သူမကို သတိမထားမိပါဘူး။ သူမ အဲဒီလိုဝတ်စားတာကိုလည်း သူများမိန်းကလေးတွေလို အားမကျဘူးတဲ့ကွယ်။ သူကလေးကတော့ ရှာမှရှားတဲ့သူကလေးပါပဲ။

သူမရဲ့ချစ်သူမန်ချမ်းလေး ဝယ်ပေးထားတဲ့ ဝါဂွမ်းတွေကိုပဲ ချည်မျှင်ဖြစ်အောင် ကြိုးစားပြီး ရက်လုပ်တယ်။ နေ့ရှိသရွေ့ ဝါဂွမ်းတွေကို ချည်မျှင်တွေ ပေါ်လာအောင် ရက်လုပ်တယ်။ အဲဒီလိုရက်လုပ်လို့ အတော်ကြာတဲ့အခါမှသာ ပိတ်စလေးအဖြစ်ပြောင်းလဲလာသတဲ့။ အဲဒီပိတ်စလေးအပေါ်မှာ အပင်ပန်းခံပြီးတော့ ဇာထိုးပန်းထိုးပြုလုပ်တော့တယ်။ သူမ ထိုးထားတဲ့ ဇာကွက်ပုံသဏ္ဍာန်တွေကတော့ ပြောင်းဖူးအနံ့တွေရယ်၊ ဂေါ်ဖီထုပ်ပုံတွေ၊ ပဲကတ္တီပါစေ့ပုံတွေနှင့် ငရုတ်သီးနီရဲရဲပုံတွေကိုပါ ထည့်ပြီး ထိုးထားသတဲ့။

ပြောင်းဖူးအနံ့လေးတွေရဲ့ပုံတွေဟာ ရွှေရောင်လို တောက်ပနေလေရဲ့။ ဂေါ်ဖီထုပ်ပုံကလည်း မြအဆင်းသဏ္ဍာန်အလား အောက်မေ့ရပြီး ငရုတ်သီးအနီရဲရဲကလေးတွေဟာလည်း ကျောက်မျက်ရတနာတွေလို နီရဲတောက်ပနေသတဲ့။ ပဲကတ္တီပါစေ့ပုံလေးတွေကလည်း နဂါးတစ်ကောင်ရဲ့မျက်လုံးတွေလို တောက်ပဝင်းလက်နေလေရဲ့။

အလိမ္မာကလေးဟာ သူမရဲ့လက်ရာဖြစ်တဲ့ ပိတ်စတစ်စလုံးကို အနုစိတ်လိုက်ပြီး ခြယ်မှုန်းနေသတဲ့။

သူမဟာ တစ်နေ့တစ်နေ့ မိုးလင်းကနေစပြီး မိုးချုပ်တဲ့အထိ မရပ်မနား ချုပ်နေရရှာတယ်။ တစ်ခါတစ်ရံ လက်ကို အပ်စူးမိလို့ သွေးစက်ကလေးတွေဟာ အဝတ်ပေါ်ကျပြီး စွန်းထင်းသွားတဲ့အခါ သူမဟာ အဲဒီနေရာကလေးကို ပန်းခက်အနီရောင်လေးအဖြစ် ဖန်တီးလိုက်သတဲ့။ တစ်ခါတစ်ရံလည်း ပင်ပန်းလွန်းလို့ ချွေးစက်ကလေးတွေ အဝတ်ပေါ်ကိုကျသွားလေ့ရှိတယ်။ အဲဒီလို ချွေးစက်ကလေးတွေကျလို့ ကွက်သွားတဲ့နေရာကလေးကို လိပ်ပြာပုံလေးအဖြစ် ပန်းထိုးလိုက်တယ်။

သူမ ပင်ပန်းတကြီးနှင့်ချုပ်လာတဲ့ ဝတ်စုံလေးဟာ သုံးလအကြာမှာတော့ ပြီးဆုံးသွားတယ်။ အဲဒီဝတ်စုံလေးဟာ အလွန်လှပပြီး တိမ်တောင်တိမ်လိပ်တွေ ကောင်းကင်ယံမှာ ရွေ့လျားနေသလိုလို၊ နံနက်ခင်းရဲ့နေရောင်ခြည်အောက်မှာ လှပစွာပွင့်လန်းနေတဲ့ ပန်းပွင့်လေးများသဖွယ် ထင်မှတ်လိုက်ရသတဲ့။

သူမဟာ ကိုယ်တိုင်ရက်လုပ်ထားတဲ့ ဝတ်စုံလေးကို ကြည့်ပြီး ပီတိဖြစ်နေတုန်းမှာပဲ မျက်နှာချင်းဆိုင်အိမ်က ရွှေမာလာ ဆိုတဲ့ မိန်းကလေးဟာ တံခါးဝကို ရောက်လာပါလေရော။ ရွှေမာလာဟာ အလိမ္မာကလေးချုပ်ထားတဲ့ဝတ်စုံလေးကို မြင်လိုက်ရတော့ မနာလိုစိတ်တွေ တဖွားဖွားပေါ်ပေါက်လာတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလောက်တောင် လှပလွန်းတဲ့ ဝတ်စုံလေးကို သူမ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမမြင်ဖူးခဲ့ဘူးလေ။ သူမမှာရှိတဲ့ အဖိုးတန်အထည်စတွေနှင့် နှိုင်းယှဉ်လို့မရအောင်ဖြစ်နေတာကို သူမ နားလည်လိုက်

တယ်လေ။ ရွှေမာလာဟာ အလိမ္မာကလေးအနားကို ကပ်သွားပြီး

"ချစ်သူငယ်ချင်းရေ၊ မင်းနှင့်ငါ အင်္ကျီချင်း လဲကြရအောင်။ ငါ့မှာ ရှိတဲ့ အပေါ်ဝတ်အင်္ကျီ ဆယ်ထည်နှင့် ဂါဝန် ဆယ်ထည်ကို မင်း အင်္ကျီတစ်ထည်တည်းနှင့် လဲပါလားဟင်" လို့ ချိုချိုသာသာလေး ပြောလိုက်သတဲ့။

မိန်းကလေး အလိမ္မာကလေးက

"ငါကိုယ်တိုင် ပင်ပင်ပန်းပန်း ရက်လုပ်ထားတဲ့ အင်္ကျီကလေးနှင့် မင်း ဘာတွေပဲပေးပေး မလဲနိုင်ပါဘူး" လို့ ပြန်ပြောလိုက်တယ်။

ရွှေမာလာဟာ အလိမ္မာကလေးဆီကစကားကို ကြားလိုက်ရတဲ့အခါမှာ အလွန်စိတ်ဆိုးသွားပြီး

"ဒီအင်္ကျီကို ငါ တစ်ရက်ဝတ်ပြီးရင် မင်းကိုပြန်ပေးမယ်" လို့ပြောပြီး ပြောပြောဆိုဆိုဖြင့် အတင်းလုယူသွားသတဲ့။

အလိမ္မာကလေးဟာ အလွန်ဒေါသထွက်သွားပြီး ရွှေမာလာနောက်ကို ပြေးလိုက်သွားပါလေရော။

ရွှေမာလာရဲ့စိတ်ထဲမှာ အလိမ္မာကလေးဟာ ဒီဝတ်စုံကလေး ဝတ်လိုက်ရင် သူမထက်ပိုလှသွားမှာစိုးလို့ မနာလိုဖြစ်နေတယ်။ သူမ မဝတ်ရသလို အလိမ္မာကလေးလည်း မဝတ်စေရဘူး ဆိုတဲ့ရည်ရွယ်ချက်နှင့် အလွန်မြင့်မားလှသော အုတ်တံတိုင်းကြီးပေါ် ပစ်တင်လိုက်တယ်။ ဒီအခါမှာ ကောင်းကင်ပေါ်မှာပျံသန်းနေတဲ့ မိုးစွေငှက်တွေဟာ တစ်ရှိန်ထိုးဆင်းလာပြီး အဲဒီဝတ်စုံလေးကို သုတ်ချီသွားသတဲ့။

သူဇာစာပေ

အလိမ္မာကလေးဟာ ခြေထောက်ကိုဆောင့်ပြီး စိတ်ဆိုးမာန်ဆိုးဖြင့် အော်ဟစ်ချောက်လှန့်တော့တာပေါ့။ ဒါပေမယ့်လို့ မိုးစွေငှက်တွေဟာ အမြင့်ကိုပျံတက်ပြီး တိမ်တိုက်တွေကြားထဲမှာ ပျောက်ကွယ်သွားတယ်။

မိန်းကလေးဟာ စိတ်ဆိုးလွန်းလို့ ငိုချင်တာတောင် မျက်ရည်မထွက်တော့ဘူးတဲ့ကွယ်။ ဒီအခါမှာ ရွှေမာလာဟာ သူ့သူငယ်ချင်းကို ချော့မော့ နှစ်သိမ့်ပြီး အလျော်ပြန်ပေးပါမယ်လို့ ကတိပေးစကားတွေပြောဆိုလိုက်တယ်။ အလိမ္မာကလေးကတော့ ရွှေမာလာရဲ့စကားကိုလက်မခံဘဲ လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့လိုက်သတဲ့။

သူတို့နှစ်ယောက် အချိန်အတော်ကြာတဲ့အထိ ရန်ဖြစ်နေကြလေရဲ့။ နောက်ဆုံးတော့ ရွှေမာလာဟာ အလိမ္မာကလေး ပြောဝဲ့စကားတွေကို မခံနိုင်တော့တာနှင့် အိမ်ထဲကိုပြေးဝင်သွားတယ်။

အလိမ္မာကလေးဟာ သူ့ဝတ်စုံကလေးကို ချီသွားတဲ့ မိုးစွေငှက်တွေကိုပဲ ဒေါသဖြစ်နေမိပြန်သတဲ့ကွယ်။ သူဟာ ကြာရှည်အချိန်ဆိုင်းမနေဘဲ သူ့မှာကျန်ရှိနေတဲ့ ချည်မျှင်တွေကို ပိုက်ကွန်အဖြစ် ရက်လုပ်လိုက်တယ်။

သူမရဲ့မင်္ဂလာပွဲမတိုင်မီ နှစ်ရက်အလိုမှာပဲ ပြီးစီးသွားသတဲ့။

နောက်တစ်နေ့ မိုးလင်းတဲ့အခါမှာ မိုးစွေငှက်တစ်အုပ်ဟာ အလိမ္မာကလေးရဲ့ခေါင်မိုးပေါ်မှာ လာနားပြီး မရပ်မနားအော်ဟစ်နေ

ကြတယ်။ မိန်းကလေးဟာ ငှက်သံတွေကို ကြားလိုက်ရတော့ သူမ ရက်လုပ်ထားတဲ့ပိုက်ကွန်ကိုပြေးယူပြီး မြေကြီးမှာ ဖြန့်ချထားလိုက်သတဲ့။ ပိုက်ကွန်အောက်မှာလည်း ပြောင်းဖူးစေ့လေးတွေ ကျဲထားလိုက်လေရဲ့။

ခေါင်မိုးပေါ်မှာ နားနေတဲ့ မိုးစွေငှက်တွေဟာ မြေပြင်ပေါ်က အစာကိုမြင်တာနှင့် အောက်ကိုတစ်ရှိန်ထိုးဆင်းလာပြီး ပိုက်ကွန်ထဲက ပြောင်းဖူးစေ့တွေကို စားလိုက်ကြသတဲ့။ ဒီအခါမှာ အလိမ္မာကလေးဟာ ပိုက်ကွန်ကြိုးကို ဆွဲပြီး ငှက်တွေကို ဖမ်းမလို့လုပ်နေတုန်းမှာပဲ မိုးစွေငှက်တွေဟာ လန့်ဖြန့်ပြီး ကောင်းကင်ယံကိုပျံတက်သွားကြတယ်။ အလိမ္မာကလေးလည်း ပိုက်ကွန်နှင့်ငြိပြီး ပါသွားရှာသတဲ့။

မိုးစွေငှက်တွေဟာ ထွက်ပေါ်လာစ နေမင်းကြီးဆီကို ဦးတည်ပြီး အရှိန်အဟုန်ပြင်းစွာ ပျံတက်သွားကြတော့တယ်။ မိန်းကလေးကြားနေရတဲ့အသံတွေကတော့ လေတိုက်ခတ်သံတွေပဲ ဖြစ်နေလေရဲ့။ မြေပြင်မှာရှိနေတဲ့ လယ်ကွင်းတွေဟာ တဖြည်းဖြည်း သေးငယ်သွားပြီး အတော်ဝေးသွားတဲ့အခါမှာတော့ မြင်ကွင်းက ပျောက်ကွယ်ကုန်ကြတယ်။

မိုးစွေငှက်တွေဟာ မြင့်သထက်မြင့်အောင် ပျံသန်းသွားကြပြီး တောင်ထိပ်တစ်ခုကိုရောက်သောအခါ ခရီးဆုံးသွားပြီဖြစ်လို့ ရပ်နားလိုက်ကြသတဲ့။ တောင်ထိပ်ပေါ်မှာတော့ အရောင်အသွေးစုံလင်လှပတဲ့ ငှက်မျိုးစုံဟာ ပျော်မြူးနေကြလေရဲ့။ အဲဒီငှက်ပေါင်းစုံတွေ

ဟာ တစ်ကောင်နှင့် တစ်ကောင် ခွဲခြားလို့ မရနိုင်လောက်အောင် အလွန်များပြားလှပါတယ်။

မိုးစွေငှက်တွေဟာ မိနေတဲ့ ပိုက်ကွန်အောက်မှ ရုန်းထွက်လိုက်ပြီး သူတို့အပေါင်းအဖော်ငှက်တွေနှင့် ရောနှောကာ ပျော်မြူးနေကြသတဲ့။

ရုတ်တရက်ဆိုသလို ငှက်တွေဟာ သီချင်းဆိုပြီးအရှိအသေပြုလိုက်ကြတယ်။ အဲဒါကတော့ တခြားမဟုတ်ဘူး။ သူတို့ရဲ့ငှက်ဘုရင်မ ကြွမြန်းလာလို့ပဲ ဖြစ်တယ်။ သူတို့ရဲ့ ဘုရင်မဟာ အလွန်လှပတဲ့ နတ်မိမယ်လေးလို ဖန်ဆင်းထားသတဲ့။

အလိမ္မာကလေးဟာ နတ်မိမယ်လေးကိုမြင်လိုက်ရတဲ့အခါ အလွန်အံ့အားသင့်သွားတယ်။ ဘာကြောင့်လဲဆိုတော့ နတ်မိမယ်ကလေး ဝတ်ထားတဲ့အင်္ကျီဟာ သူမ ကိုယ်တိုင် ရက်လုပ်ထားတဲ့ဟာလေးဖြစ်နေလို့ပဲ။

သူမဟာ နတ်မိမယ်လေးရှိရာကို အပြေးအလွှားသွားပြီး

"အသင်ဟာ ဘယ်သူပါလဲ။ အသင်ဝတ်ထားတာ ကျွန်မရဲ့အင်္ကျီစလေးပါပဲ။ ကျေးဇူးပြုပြီး ကျွန်မကို ပြန်ပေးပါ" လို့ တောင်းဆိုလိုက်သတဲ့။

ဒီအခါမှာ နတ်မိမယ်လေးက

"မင်းရဲ့အင်္ကျီလေးဟာ အလွန်လှပလွန်းတာကို ငါ သိပါတယ်။ ဒါကြောင့် ငါ့မှာရှိတဲ့ ရတနာတွေကို ကြိုက်သလောက် ယူသွားပါ။ မင်းရဲ့အင်္ကျီနှင့် လဲတဲ့သဘောပေါ့" လို့ ပြန်ပြောလိုက်

တယ်။ အလိမ္မာကလေးက ချက်ချင်းဆိုသလိုပဲ

"ဝမ်းနည်းပါတယ်ရှင် ဒီအင်္ကျီလေးဟာ ကျွန်မရဲ့ မင်္ဂလာဆောင်မှာဝတ်ဖို့ ကျွန်မကိုယ်တိုင်ချုပ်ထားတာပါ။ ဘယ်လိုတန်ဖိုးရှိတဲ့အရာမျိုးနှင့်မှ မလဲနိုင်ပါဘူး"

ဒီအခါမှာ နတ်မိမယ်လေးက

"ဪ . .ဒီလိုလား။ ကဲ၊ ငါသဘောပေါက်ပါပြီ။ မင်းရဲ့အင်္ကျီလေးကိုပြန်ပေးလိုက်ပါမယ်။ မင်းလို လောဘမကြီးဘဲ ကိုယ့်ပစ္စည်းလေးကိုသာ မက်မောတွယ်တာတဲ့မိန်းကလေးကို ငါ ဆုတစ်ခုပေးလိုက်မယ်။ မင်းနှင့် မင်းသတို့သားဟာ အသက်ထက်ဆုံးချမ်းသာပျော်ရွှင်စွာ ပေါင်းသင်းနိုင်ကြပါစေ"လို့ နတ်မိမယ်လေးက ဆုမွန်ကောင်း တောင်းပေးလိုက်သတဲ့။

နတ်မိမယ်လေးဟာ တဖြည်းဖြည်းနှင့် ရွှေရောင် ကဲ့သို့တောက်ပနေသော ဓာမဏီငှက်အသွင် ပျံထွက်သွားတယ်။ ငှက်အပေါင်းကလည်း သူတို့ရှေ့က ပျံသန်းသွားတဲ့ ငှက်ဘုရင်မကြီးနောက်ကို တပျော်တပါးပျံသန်းလိုက်ပါသွားကြသတဲ့။

မိုးစွေငှက်တွေဟာလည်းပဲ အလိမ္မာကလေးကို ပိုက်ကွန်ထဲထည့်ပြီး သူမရဲ့နေအိမ်ရှိရာကို ပြန်ပို့ပေးကြတယ်။

သတို့သားလေးနှင့်တကွ မိသားစုတွေဟာ သူမ ပျောက်သွားလို့စိတ်ပူနေရှာတာပေါ့။ မမျှော်လင့်ဘဲ သူမ ပြန်ရောက်လာတာကိုမြင်လိုက်ရတော့ တအံ့တသြဖြစ်ပြီး ဝိုင်းမေးကြပါလေရော။ သူမကလည်း ဖြစ်ပျက်ပုံအကြောင်းစုံတွေကို ပြန်ပြောလိုက်တယ်။

နောက်တစ်နေ့မှာတော့ သူတို့ရဲ့မင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြတယ်။ မင်္ဂလာပွဲကို တက်ရောက်လာသူအပေါင်းက သူမရဲ့ဝတ်စုံလေးကို ဝိုင်းပြီးချီးကျူးကြလေရဲ့။

သတို့သားလေးကလည်း သူ့ရဲ့ချစ်လှစွာသော သတို့သမီးလေးကို ကြည့်ရင်း ပျော်တပြုံးပြုံးနှင့်ပေါ့။

မင်္ဂလာဆောင်ပြီးတဲ့နောက်မှာတော့ သူတို့နှစ်ယောက်ဟာ အရင်ကထက် ပိုပြီး အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ကြတော့တယ်။

မန်ချမ်းဟာလည်း အလုပ်ကို ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လုပ်ကိုင်တော့ သိပ်မကြာခင်မှာပဲ သူတို့လင်မယားနှစ်ယောက်ဟာ ချမ်းသာကြွယ်ဝလာတော့တယ်။ သူတို့ရဲ့အိမ်ထောင်ရေးဟာ ပျော်ရွှင်ဖွယ်ရာအတိပဲပေါ့။

တစ်နေ့မှာတော့ မိန်းကလေးအလိမ္မာကလေးဟာ မင်္ဂလာဝတ်စုံလေးကို ကျောက်တုံးပေါ်မှာတင်ပြီး နေပူထုတ်လှန်းသတဲ့။ မိုးဖွေငှက်တွေဟာလည်း ဒီအင်္ကျီလေးကို ဘယ်သူမှ မခိုးနိုင်အောင် စောင့်ရှောက်နေကြလေရဲ့။ ဒီအချိန်မှာပဲ ရွှေမာလာဟာ မြို့ကနေ သူတို့အိမ်ကိုပြန်လာတော့ အလိမ္မာကလေးလှန်းထားတဲ့ အင်္ကျီလေးကို မြင်လိုက်ရသတဲ့။

သူမဟာ အရင်တုန်းကအဖြစ်အပျက်တွေကို သတိရသွားပြီး မကျေမနပ်ဖြစ်ကာ အင်္ကျီကလေးနားကို တိတ်တိတ်ကလေး ကပ်သွားသတဲ့။ အနားကိုရောက်တဲ့အခါမှာ ယူပြီး ပခုံးပေါ်တင်လိုက်တယ်။

ဒီအခါမှာ မိုးစွေငှက်တွေဟာ သူမ ရှိရာကို ပျံဝဲပြီး ထိုးဆိတ်ကြတော့တယ်။ သူမဟာ ထွက်ပြေးဖို့ကြိုးစားပေမယ်လို့ ငှက်တွေဟာ သူမရဲ့နောက်ကနေ သဲကြီးမဲကြီး လိုက်လံထိုးဆိတ်နေကြသတဲ့။

သူမဟာ အသံကုန် အော်ဟစ်မောင်းထုတ်နေပေမယ့် ငှက်တွေဟာ တရကြမ်းလိုက်ပါလာပြီး၊ ရန်းရင်းဆန်ခတ်ဖြစ်နေကြတယ်။ ဒီအတောအတွင်းမှာပဲ ငှက်တွေက ဆိတ်လိုက်၊ သူမက ရုန်းလိုက်နှင့် ဖြစ်နေကြရာ သူမ ပခုံးပေါ်မှာ တင်ထားသော အင်္ကျီစလေးဟာ အစိပ်စိပ်အမြွာမြွာစုတ်ပြဲကုန်ကြပါလေရော။ သူမရဲ့ မျက်နှာတစ်ပြင်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်တွေနှင့် ပြည့်နှက်ကုန်ကြတယ်။

ဒဏ်ရာတွေပျောက်သွားတဲ့အခါမှာလည်း အမာရွတ်တွေဖြစ်ပြီး ရုပ်ဆိုး အကျည်းတန်သွားသတဲ့။ သူမရဲ့ ခင်ပွန်းသည်ဟာလည်း သူမကို အိမ်ကနေ နှင်ချလိုက်တော့တယ်။

သူများအပေါ် မကောင်းကြံပြီး မနာလိုတဲ့သူဟာ နောက်ဆုံးတော့ ဒုက္ခရောက်ရတော့တာပဲပေါ့ကွယ်။ ကလေးတို့ရေ ပုံပြင်ကို ဆက်ပြောရမယ်ဆိုရင် -

အလိမ္မာကလေးဟာ သူမရဲ့အင်္ကျီလေးကို နှမြောလွန်းလို့ အစိပ်စိပ်အမြွာမြွာ ဖြစ်သွားတဲ့ ပိတ်စလေးတွေနောက်ကို ပြေးလိုက်သွားသတဲ့။ ပိတ်စလေးတွေဟာ ကွင်းပြင်ပေါ်ကို ကျရောက်တဲ့အခါ ပျောက်ကွယ်ကုန်တယ်။

သိပ်မကြာခင်မှာပဲ အဲဒီနေရာလေးမှာ အပင်ငယ်ကလေးတွေ

ပေါက်လာသတဲ့။ အဲဒီအပင်ငယ်ကလေးတွေကို တွေ့လိုက်ရတော့ သူမဟာ အကျီလေးကို သတိရမိပြီး စိတ်မကောင်းဖြစ်ရရှာတယ်။ သူမဟာ ဖွဲမလျှော့ဘဲ အဲဒီအပင်ပေါက်ကလေးတွေကို တစ်ပင်ပြီး တစ်ပင် လိုက်နှုတ်ကာ သူမရဲ့ခြံထဲမှာ စိုက်ထားလိုက်သတဲ့။

နွေရာသီ ကုန်ဆုံးပြီး ဆောင်းရာသီ ရောက်လာတဲ့အခါမှာ တော့ အပင်ပေါက်ကလေးတွေဟာ ကြီးထွားပြီး စိမ်းလန်းစိုပြည်လာ သတဲ့။ သိပ်မကြာခင်မှာပဲ ပန်းပွင့်ကလေးတွေ ပွင့်လာပါလေရော။

အဲဒီပန်းပွင့်ရဲ့ဝတ်ဆံလေးတွေဟာ မီးရောင်ကဲ့သို့ထိန်လင်း တောက်ပနေတယ်။ အဝေးကနေ ကြည့်တဲ့အခါ ဇာမဏီငှက်တစ် ကောင် အတောင်ပံဖြန့်ပြီး နေရောင်ခြည်ထဲမှာ ဝင်းလက် တောက်ပ နေသလို ထင်ရတယ်။ အဲဒါကြောင့် လူအများက ဒီပန်းကလေးကို 'ဇာမဏီနတ်မိမယ်ပန်း' လို့ ယနေ့ထက်တိုင် တင်စားခေါ်ဝေါ်ခဲ့ကြ လေတော့သတည်း။

■



သူကစာပေ

## မောင်ရုပ်ဆိုးကလေး

ဟိုး · ·ရှေးရှေးတုန်းကပေါ့ကွယ်။ တရုတ်ပြည်ရဲ့ မထင်ရှားလှတဲ့ ရွာကလေးတစ်ရွာမှာ လင်မယားနှစ်ယောက် နေထိုင်ကြသတဲ့။ သူတို့ဟာ အလွန်ဆင်းရဲတဲ့သူများ ဖြစ်ကြတယ်။ သူတို့မှာ သားတစ်ယောက်ရှိလေရဲ့။ အဲဒီသားကလေးဟာ အလွန် အရုပ်ဆိုးရှာတယ်။ သူ့ကို အများက "မောင်ရုပ်ဆိုး"လို့ အမည်ပေးထားကြသတဲ့။ မိဘနှစ်ဦးကတော့ သူတို့သားလေး ဘယ်လောက်ပဲ ရုပ်ဆိုးဆိုး ချစ်ရှာတာပေါ့။ တစ်ဦးတည်းသောသားကလေးဖြစ်လို့ အလိုလိုက်ပြီး ယုယုယယကျွေးမွေးစောင့်ရှောက်ကြတယ်။

သားကလေးကလည်း အရွယ်ရောက်လာတဲ့အခါ မိဘကို ကူညီ လုပ်ကိုင်ပေးရှာတယ်။ မိဘများကို အရိပ်တကြည့်ကြည့်နှင့် ကြည့်ပြီး အလိုက်သိတဲ့သားလိမ္မာကလေးတစ်ယောက်ဖြစ်ပြန်တယ်။

သူဟာ တစ်နေ့တခြားကြီးပြင်းလာပြီး လူပျိုပေါက်အရွယ် ရောက်ရှိလာသတဲ့။ လူ့သဘာဝအတိုင်း အိမ်ထောင်ပြုချင်စိတ်လည်း

ပေါ်လာတာပေါ့။ ဒါပေမယ့် သူဟာ သူ့ကိုယ်သူ အရုပ်ဆိုး အကျည်းတန်မှန်း သိရှာတယ်။ မိဘများကိုလည်း မပူဆာ၊ သူ့ကိုယ်သူသာ "ငါ့နှယ်‥ကံဆိုးလိုက်တာ။ ဘာကြောင့်များ ဒီလောက် အကျည်းတန် အရုပ်ဆိုးရတာလဲ။ ဘယ်မိန်းမကမှ ငါ့ကို ကြိုက်မှာ မဟုတ်ပါဘူး" လို့တွေးပြီး စိတ်အားငယ်နေရှာတာပေါ့။

တစ်နေ့တော့ သူဟာ ပျင်းပျင်းရှိတာနှင့် တောနက်ထဲက ရေအိုင်ကြီးတစ်အိုင် ရှိရာကိုထွက်လာခဲ့တယ်။ အဲဒီအချိန်မှာပဲ ဟသ်ာငှက်ကြီးတစ်ကောင်ဟာ ရေအိုင်ထဲကိုထိုးဆင်းပြီး ရေထဲမှာ ပျော်မြူးနေသတဲ့။ သူကြည့်နေတုန်းမှာပဲ အဲဒီဟသ်ာကြီးဟာ ကောင်းကင်ကို တစ်ဟုန်ထိုးပျံတက်သွားပြီး တဖြည်းဖြည်းပျောက်ကွယ်သွားတယ်။

မောင်ရုပ်ဆိုးကလေးဟာ ဒီမြင်ကွင်းကို မြင်လိုက်ရတော့ 'ဟသ်ာတွေဟာ အမြဲတမ်း နှစ်ကောင်တွဲပြီးရှိနေတတ်တယ်။ ဒီဟသ်ာကြီးကတော့ တစ်ကိုယ်တည်းပါလား။ ထူးဆန်းလိုက်တာ' လို့ စဉ်းစားမိသတဲ့။

နောက်တစ်နေ့ကျပြန်တော့လည်း သူဟာ မနေ့က ဟသ်ာကြီးများ ပြန်ရောက်လာဦးမလားဆိုပြီး ရေအိုင်နောက်မှာ စောင့်ကြည့်နေလေရဲ့။ သူမျှော်လင့်သလို ဟသ်ာကြီးဟာ အရင်လိုပဲ ရေအိုင်ထဲကို ပျော်မြူးစွာထိုးဆင်းပြီး ရေကူးနေသတဲ့။ အဲဒီနောက် ကောင်းကင်ကို တစ်ဟုန်ထိုးပျံတက် ပျောက်ကွယ်သွားတာကို မြင်ရပြန်တယ်။

သူဟာ အဲဒီလို နေ့စဉ်နေ့တိုင်း အချိန်မှန်မှန်ရေလာကူးတဲ့ ဟသ်ာကြီးကို မြင်ရဖန်များလာတော့ ဖမ်းချင်စိတ်ပေါက်လာသတဲ့။

အဲဒါကြောင့် ပိုက်ကွန်အကြီးကြီး ရက်လုပ်ပြီး ရေအိုင်ကြီးတစ်ခုလုံး အုပ်မိအောင် စီစဉ်ထားတယ်။ ပိုက်တန်း ပိုက်စကလေးတွေကိုတော့ အကောင်းဆုံးမြင်းမြီးတွေနှင့် ချည်သတဲ့။ သူဟာ အရုပ်ဆိုးပေမယ့် ခွဲ လုံ့လ ဝိရိယရှိသူဖြစ်လေတော့ မကြာမီ ပြီးစီးသွားတော့တယ်။

သူက ပိုက်ကြီးကို ရေပြင်ပေါ်မှာဖြန့်လိုက်သတဲ့။ ပိုက်တန်း ပိုက်စကလေးတွေက ရေပေါ်မှာနေပေမယ့် ပိုက်ကြီးကတော့ ရေပြင် အောက်မှာ အိကျနေတာပေါ့လေ။

အချိန်တန်တော့ ဟင်္သာကြီးလည်း ကောင်းကင်ပြင်က ထိုး ဆင်းလာသတဲ့။ အဲဒီအခါမှာ မောင်ရုပ်ဆိုးကလေး ထောင်ထားတဲ့ ပိုက်ကွန်ကြီးအထဲမှာ မိတော့တာပေါ့။ ဟင်္သာကြီး တဖျပ်ဖျပ် ရုန်း နေတုန်း သူက ရေထဲဆင်းပြီး ဖမ်းတော့တာပေါ့။

သူဟာ ဟင်္သာကြီးရဲ့ခြေနှစ်ချောင်းကို မြင်းမြီးဖြင့် တုပ်ပြီး 'ဘာလုပ်ရရင် ကောင်းမလဲ' လို့ စဉ်းစားလိုက်သတဲ့။

'အင်း . . အိမ်မှာပဲ အလှမွေးထားရင်ကောင်းမလား။ ဒါ မှမဟုတ် သတ်ပဲ စားပစ်လိုက်ရင် ကောင်းမလား။ ငါ့ မိဘတွေလည်း ဟင်္သာအသား မစားဖူးကြဘူး' လို့ တွေးနေလိုက်တယ်။

ဒီအခါမှာ ဟင်္သာကြီးက သူ့စိတ်ထဲမှာတွေးနေတာကို သိ နေသည့်အလား

"မောင်ရင်ရယ် ကျုပ်ကို မသတ်ပါနှင့်။ ကျုပ်ဟာ တကယ် တော့ ဟင်္သာအစစ် မဟုတ်ပါဘူး။ ကောင်းကင်ယံက နတ်မင်းကြီး တစ်ပါးပါ။ ကျုပ်ဝါသနာက တစ်နေ့တစ်ခါလောက် ဟင်္သာယောင်

ဖန်ဆင်းပြီး ရေချိုးချင်တဲ့ဝါသနာပါပဲ။ ဒီရေအိုင်မှာ ရေချိုးရတာကို ကျုပ် သိပ်ပျော်ပါတယ်။ ကျုပ်ကို မသတ်ပါနှင့်။ ကျုပ်အသက်ကို ချမ်းသာပေးရင် မောင်ရင်လိုချင်တာမှန်သမျှ ပေးပါ့မယ်" လို့ ပြောလိုက်သတဲ့။

ပထမတော့ သူဟာ အလွန်ထိတ်လန့်သွားတာပေါ့ကွယ်။ နောက်တော့မှ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး

"ခင်ဗျား ကျုပ် လိုချင်တာကို ပေးနိုင်ပါ့မလား" လို့ မေးလိုက်တယ်။

ဒီအခါမှာ ဟင်္သာကြီးက

"မောင်ရင်လိုချင်တာမှန်သမျှ ကျုပ် လုပ်ပေးပါ့မယ်" လို့ ပြန်ပြောလိုက်သတဲ့။

"ကျုပ် ဒီပြင်ဟာတော့ မလိုချင်ပါဘူး။ မိန်းမပဲ လိုချင်တယ်"

"ဒီအတွက် စိတ်မပူပါနှင့်။ ကျုပ်မှာ သမီး သုံးယောက်တောင် ရှိတယ်။ ကြိုက်တာသာ ပြော" လို့ ဟင်္သာကြီးက မောင်ရုပ်ဆိုးကလေးကို ပြောလိုက်တယ်။

မောင်ရုပ်ဆိုးကလေးက

"သမီးအကြီးဆိုတော့ ငါ့ထက် အသက်ကြီးမှာပဲ။ အငယ်ဆိုရင် ငါ့ကို နှဲ့ဆိုး ဆိုးမှာပဲ။ အလတ်မ ဆိုရင် ငါနှင့် သက်တူရွယ်တူဖြစ်မယ် ထင်တယ်" လို့ တွေးတော စဉ်းစားမိပြီး ဟင်္သာကြီးကို အလတ်မကို လိုချင်ပါတယ်လို့ ပြန်ပြောလိုက်သတဲ့။

ဟသ်ာကြီးက

"ဒီလိုဆိုရင် မနက်ဖြန်ရောက်ရင် သမီးအလတ်ကို ခေါ်ခဲ့မယ်။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ နတ်နှင့် လူဟာ ကိုးနှစ်သာ ပေါင်းရစမြဲပဲ။ ကိုးနှစ် ပြည့်ရင်တော့ ကျုပ်သမီးဟာ နတ်ပြည်ကို ပြန်ရလိမ့်မယ်" လို့ ပြောလိုက်တယ်။

မောင်ရုပ်ဆိုးကလေးကလည်း မိန်းမရရင် ပြီးရော၊ ဘယ်လောက်ပဲ ပေါင်းရပေါင်းရလို့ သဘောထားတော့ ဟသ်ာကြီးပြောတာကို သဘောတူလိုက်တာပေါ့။ သူဟာ ဟသ်ာကြီးကို ကြိုးဖြည်ပြီး လွှတ်လိုက်သတဲ့။

ဟသ်ာကြီးဟာ သူ့ ဗိမ္ဗာန်ကိုရောက်တော့ နတ်မင်းကြီးပြန်ဖြစ်သွားပြီး၊ သမီးတော်သုံးပါးကို ခေါ်လိုက်တယ်။

အဲဒီနောက် သမီးလတ်ကို လူသားနှင့် အိမ်ထောင်ချပေးမယ့်အကြောင်း၊ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတာတွေကို ပြောပြလိုက်တယ်။

သမီးလတ်ကလည်း သူ့အဖေရဲ့ အမိန့်ကို မလွန်ဆန်ဝံ့လို့သာ သဘောတူလိုက်ရတာပေါ့ကွယ်။

နတ်မင်းကြီးက မောင်ရုပ်ဆိုးကလေးနှင့် ချိန်းဆိုထားသောရေအိုင်ကို သမီးလတ်ကို ခေါ်ဆောင်လာခဲ့သတဲ့။

မောင်ရုပ်ဆိုးကလေးလည်း နတ်သမီးလေးကို မြင်လိုက်ရတော့ အလွန်သဘောကျသွားတာပေါ့။ သူ့စိတ်ထဲကလည်း 'နတ်မင်းကြီးဟာ ကတိတည်သားပဲ' လို့ အောက်မေ့လိုက်တယ်။

သူကတော့ မိန်းမချောကလေးကို ပိုင်ဆိုင်ရမှာဖြစ်လို့ ဝမ်းသာနေသလောက် နတ်သမီးလေးကတော့ သူ့ကို ရုပ်ဆိုး အကျည်းတန်ကြီးနှင့်ပေးစားရမလားဆိုပြီး ငိုယိုနေတော့တာပေါ့။ သူ့ဖခင်ကိုလည်း သူ့ကို ပြန်ခေါ်သွားဖို့ တောင်းပန်ရှာတယ်။ နတ်မင်းကြီးက ပေးထားတဲ့ကတိကိုမဖျက်ဘဲ သမီးလတ်ကိုထားခဲ့ပြီး ဟင်္သာယောင် ဖန်ဆင်းကာ ကောင်းကင်ကို ပျံသန်းသွားတော့တယ်။

မောင်ရုပ်ဆိုးကလေးဟာ ဝမ်းသာအားရဖြစ်ပြီး နတ်သမီးလေးကို သူရဲ့အိမ်ကိုခေါ်သွားတာပေါ့။ သူ့အဖေနှင့် အမေတို့ကလည်း ချွေးမချောကလေးကို ချစ်ခင် နှစ်သက်ကြတယ်။ သူတို့နှစ်ယောက်ကို လက်ထပ်ထိမ်းမြားပေးလိုက်တာပေါ့။

နတ်သမီးလေးဟာ သူမရဲ့ တန်ခိုးနှင့် အိမ်တွေ၊ ယာတွေ၊ ကျေးကျွန်တွေဖန်ဆင်းပြီး ချမ်းချမ်းသာသာနေထိုင်သတဲ့။ မောင်ရုပ်ဆိုးကလေးရဲ့ အဖေနှင့်အမေတို့လည်း ချမ်းချမ်းသာသာ နေထိုင်ရတာပေါ့ကွယ်။ မောင်ရုပ်ဆိုးကလေးကတော့ မွေးမြူရေးလုပ်ငန်းတွေလုပ်ကိုင်ပြီး သူ့ မိဘနှစ်ပါးကိုလုပ်ကျွေးပြုစုသတဲ့။ သူဟာ နတ်သမီးလေးဖန်ဆင်းလို့ ရထားတဲ့ စည်းစိမ်ချမ်းသာတွေကို မမက်မောဘဲ ကိုယ့်အားကိုယ်ကိုးပြီး အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်တယ်။ လူကြီးမိဘတွေကိုလည်း ရိုသေလေးစားတယ်။ စိတ်ကောင်းနှလုံးကောင်းလည်းရှိလေတော့ နတ်သမီးကလေးဟာ သူ့ကို တဖြည်းဖြည်း ချစ်ခင်ပြီး သံယောဇဉ်တွယ်လာသတဲ့။

မောင်ရုပ်ဆိုးကလေးရဲ့ အမေနှင့် အဖေကလည်း အသက်

အရွယ်ကြီးလာတဲ့အခါ ကွယ်လွန်ကုန်ကြတယ်။ အဲဒီလိုနှင့် တဖြည်းဖြည်း ကိုးနှစ်ကာလကို ရောက်ရှိလာပါလေရော။ မောင်ရုပ်ဆိုးကလေးဟာ မိန်းမဖြစ်သူနှင့် ရတ်တရက် ခွဲကွာ[illegible]လိမ့်မယ် ဆိုတာကို မမှတ်မိတော့ဘူးတဲ့ကွယ်။ အရင်တုန်း[illegible] လင်မယား နှစ်ယောက် ချစ်ချစ်ခင်ခင်နေထိုင်ကြတာပေါ့။

ကိုးနှစ်ပြည့်တဲ့နေ့မနက်မှာတော့ သူ[illegible]က နိုးလာတယ်။ သူ့ဘေးနားမှာ ဇနီးဖြစ်သူလည်း မရှိ။ အိမ်[illegible] ပျောက်၊ ချွေရံသင်းပင်းတွေလည်း ပျောက်ကုန်ပြီ။ သူတစ်[illegible]တည်းသာ ကျန်ရစ်ခဲ့သတဲ့။

မောင်ရုပ်ဆိုးကလေးဟာ ရူးသွပ်မ[illegible]ခံစားနေရရှာတယ်။ သူ့မှာ မိဘတွေကလည်း မရှိ၊ မိန်းမကလည်း ပျောက်နှင့် ဖြစ်နေရှာတာပေါ့ကွယ်။ သူဟာ တစ်ဦးတည်းမနေလိုတဲ့အတွက် ခြေဦးတည့်ရာကို လျှောက်သွားနေတော့သတဲ့ကွယ်။ လမ်းခရီးမှာ တွေ့ကရာအလုပ်ကိုလုပ်ရင်း သူ့ဝမ်းသူ ကျောင်းနေရတယ်။ တစ်နေရာတည်းမှာလည်း ကြာရှည်မနေ၊ ခရီးကိုသာ ဆက်ပြီးသွားနေသတဲ့။ သူသွားလေရာမှာတော့ ဓားကြီးတစ်ချောင်း အမြဲပါတယ်။

မွန်းတည့်ချိန်မှာတော့ သူဟာ မြစ်ပြင်ကျယ်ကြီးတစ်ခုအနားကို ရောက်ရှိသွားသတဲ့။ အဲဒီနေရာက လူသူကင်းဝေးတဲ့ နေရာဒေသတစ်ခုပဲလေ။ ကျောက်တောင်တွေထူထပ်ပြီး တောရိပ်တောင်ရိပ်တွေနှင့် အုပ်ဆိုင်းနေတာပေါ့လေ။ သူဟာ မြစ်ပြင်ကျယ်ကြီးရဲ့ ကမ်းခြေတစ်လျှောက်ကို လမ်းလျှောက်သွားနေသတဲ့။

ခရီးအတော်ကြာတဲ့အခါမှာတော့ ကျောက်ဆောင်ကြီးတစ်ခုရဲ့ အောက်ကို ရောက်ရှိသွားတယ်။ သူဟာ ကျောက်ဆောင်ကြီးကို မော့်ကြည့်လိုက်တဲ့အခါ ငှက်ပေါက်စကလေးသုံးကောင်ကို မြင်တွေ့လိုက်ရသတဲ့။ အဲဒီငှက်ကလေးတွေကို သေသေချာချာ ကြည့်လိုက်တဲ့အခါမှာ ဂဠုန်ပေါက်စကလေးတွေ ဖြစ်နေတာကို တွေ့လိုက်ရတယ်။ ငှက်ကလေးများက တကျီကျီတကျာကျာအော်မြည်ရင်း သူတို့မိဘတွေကို မျှော်နေဟန်ပဲ။

မောင်ရုပ်ဆိုးကလေးကတော့ သူ မမြင်ဘူးတဲ့ငှက်ကလေးများဖြစ်လို့ ငေးကြည့်နေတာပေါ့လေ။ သူ ကြည့်နေတုန်းမှာပဲ ငှက်ကလေးတွေဟာ အလွန်ကြောက်လန့်တကြားနှင့် သူတို့ရဲ့အတောင်ကလေးများကို တဖျပ်ဖျပ်ခတ်ရင်း ပျံတော့မလို လုပ်နေတယ်။

မောင်ရုပ်ဆိုးကလေးကလည်း ငှက်ကလေးတွေရဲ့ပုံသဏ္ဍာန်ကို ကြည့်ပြီး သူတို့မှာ ဒုက္ခရောက်စရာကြုံနေပြီဆိုတာ သိလိုက်ရသတဲ့။ အဲဒါနှင့် သူဟာ ငှက်ကလေးတွေရဲ့ရန်သူကို ရှာဖွေကြည့်လိုက်လေရဲ့။ ကောင်းကင်ကိုလည်း မော့်ကြည့်တယ်။ မတွေ့ရပြန်ဘူး။ သူ့အနောက်က မြစ်ပြင်ကျယ်ကြီးကတော့ လှိုင်းထနေသတဲ့။ အဲဒီအချိန်မှာပဲ နဂါးကြီးတစ်ကောင်ဟာ ရှူးရှူးရှဲရှဲအသံများ အော်မြည်ရင်း ရေထဲကတက်လာနေတာကို မြင်လိုက်ရတယ်။

မောင်ရုပ်ဆိုးကလေးဟာ နဂါးကြီးဆီကို တစ်ဟုန်ထိုးပြေးသွားပြီး လည်မျိုအောက်ကိုရောက်အောင် ဝင်သွားတယ်။ ရောက်တဲ့အခါမှာ လည်မျိုအောက်ကနေ ဓားဖြင့် မရပ်မနားခုတ်လိုက်သတဲ့။

နဂါးကြီးလည်ပင်းက သွေးတွေ တဖြိုင်ဖြိုင်ကျဆင်းလာတယ်။ နဂါးကြီးတစ်ကိုယ်လုံး ပျော့ခွေသွားကာ ရှူးရှဲရှူးရှဲအသံတွေပျောက်ဆုံးသွားပြီး သေဆုံးသွားသတဲ့။ မောင်ရုပ်ဆိုးကလေးရဲ့တစ်ကိုယ်လုံးကတော့ နဂါးသွေးတွေနှင့် ရဲရဲနီနေတာပေါ့။

အဲဒီအချိန်မှာပဲ ကောင်းကင်ယံမှ မိုးချုန်းသလိုအသံများကို ကြားလိုက်ရသတဲ့။ သူဟာ ကောင်းကင်ယံကို သေချာကြည့်လိုက်တဲ့အခါမှာ ရှောမဂငှန်ကြီးနှစ်ကောင်ကို မြင်တွေ့လိုက်တယ်။ ဂငှန်ကြီးနှစ်ကောင်ဟာ သူတို့အသိုက်ထဲမှာ နားလိုက်လေရဲ့။ သူတို့ရဲ့သားငယ်ကလေးတွေဟာ နဂါးကြီးကို နှုတ်သီးတွေ ထိုးပြလိုက်၊ မောင်ရုပ်ဆိုးကလေးကို ထိုးပြလိုက်နှင့် ဆူညံစွာ တိုင်ပြောနေသတဲ့။

ဂငှန်ကြီးနှစ်ကောင်ဟာ သူတို့ကလေးတွေရဲ့ အသက်ကိုကယ်တဲ့အတွက် မောင်ရုပ်ဆိုးကလေးကို အလွန် ကျေးဇူးတင်ပြီး အသိုက်ထဲကို ခေါ်ဆောင်လာတယ်။ ဂငှန်မကြီးက မောင်ရုပ်ဆိုးကလေးရဲ့အကြောင်းကိုမေးမြန်းလိုက်တယ်။ သူကလည်း နတ်မင်းကြီးနှင့်တွေ့ပုံ၊ နောက်တော့ နတ်သမီးနှင့် ထိမ်းမြားရပုံ၊ ကိုးနှစ်စေ့သွားလို့ နတ်သမီးပျောက်သွားပုံ၊ မိမိလည်း စိတ်ညစ်ညစ်နှင့် လျှောက်သွားနေရပုံတို့ကိုပြန်ပြောပြလိုက်တယ်။ ဂငှန်မိသားစုကလည်း သူပြောသမျှကို စိတ်မကောင်းစွာနှင့်နားထောင်နေသတဲ့။ သူ့စကားဆုံးသွားတဲ့အခါ ဂငှန်ကြီးက

"အေး . .မင့်အဖြစ်က သနားစရာပဲကိုး။ ဒီကိစ္စကို ငါတော့ ထိထိရောက်ရောက် မကူညီနိုင်လှဘူး။ ဒါပေမယ့် နတ်မင်း

ကြီးဆီကိုတော့ အရောက်ပို့ပေးမယ်။ မနက်ဖြန် နတ်သဘင်အစည်းအဝေးပွဲရှိတယ်။ နတ်သဘင်အစည်းအဝေးပွဲမှာ မင်းကိုယ်စား ငါပြောပေးပါ့မယ်။ ကဲ မင်းလည်း တရေးတမောအိပ်ပြီး နားလိုက်ဦး''လို့ ပြောလိုက်သတဲ့။

မနက်အရုဏ်တက်မှာတော့ ဂငျှန့်ကြီးဟာ မောင်ရုပ်ဆိုးကလေးကို ကျောပေါ်တင်ပြီး ကောင်းကင်ယံကိုခေါ်ဆောင်သွားတယ်။ တိမ်တောင်တိမ်လိပ်များကို ဖြတ်သန်းလာပြီး နောက်ဆုံး ရွှေစိုင်ရွှေခဲတွေနှင့်လုပ်ထားတဲ့နန်းတော်ကြီးဆီကို ရောက်လာကြတယ်။ ခဏကြာတဲ့အခါ ကိုယ်ရောင်တလင်းလင်းနှင့် နတ်မင်းကြီးများ အစည်းအဝေးထိုင်နေတာကို မြင်လိုက်ရသတဲ့။ နတ်သဘင်အလယ်ကို သူတို့နှစ်ဦးရောက်ရှိသွားတဲ့အခါ နတ်မင်းကြီးများက နှာခေါင်းရှုံ့ကြတယ်။

ခေါင်းဆောင်နတ်မင်းကြီးက ဂငျှန့်ကြီးကို လက်ညှိုးထိုးရင်း

''အသင်ဟာ အဘယ်ကြောင့် ဤလူသားကို ခေါ်ဆောင်လာတာလဲ။ သူ့အနံ့ကို ကျုပ်တို့ မခံနိုင်ဘူး။ ကျုပ်တို့နတ်ပြည်ကို မသန့်ရှင်းအောင် လုပ်တာလား''လို့ အပြစ်တင်လိုက်သတဲ့။

ဒီအခါမှာ ဂငျှန့်ကြီးက

''အို··အရှင်နတ်မင်းကြီး၊ ဤလူကား ဟသ်ာယောင်ဖန်ဆင်း၍ လူ့ပြည်သို့ ရေဆင်းကူးတက်သော နတ်မင်းကြီးတစ်ပါး၏ သမက်တည်း။ ထို နတ်မင်းကြီးအား ဖမ်းမိ၍ သတ်မည်ပြုရာတွင် သူ့အသက်ကို သမီးနှင့် လဲခဲ့ပါတယ်။ သူ့သမီးတော်နှင့် ဤသူငယ်အား ကိုးနှစ် ပေါင်းသင်းစေခဲ့ပါတယ်။ ချစ်ခင်စွာပေါင်းသင်းနေသော

လင်မယားနှစ်ဦးကို ကိုးနှစ်ပြည့်တဲ့အခါ ခွဲပစ်ခဲ့ပြန်တယ်။ သူငယ်လေးက စိတ်ညစ်ညစ်နှင့် သွားလိုရာကို သွားရင်း ကျုပ်ရဲ့နေရာကို ရောက်လာတယ်။ သူဟာ နဂါးကြီးကိုသတ်ပြီး ကျုပ်သားငယ်လေးတွေရဲ့အသက်ကို ကယ်တင်ခဲ့တယ်။ သူဟာ နဂါးကြီးကို မကြောက်မရွံ့နှင့်သတ်ပစ်ခဲ့တယ်။ ကျုပ်ရဲ့ကျေးဇူးရှင်ဖြစ်လို့ သူ့ကိစ္စကိုလည်း စဉ်းစားပေးတော်မူပါ"လို့ လျှောက်တင်လိုက်တယ်။

ခေါင်းဆောင် နတ်မင်းကြီးလည်း မောင်ရုပ်ဆိုးကလေးကို သနားသွားပြီး ယောကျ်ားမဖြစ်သူ နတ်ကြီးနှင့်သမီးတော်ကို ရှေ့တော်သို့ ခေါ်သွင်းစေတယ်။

နတ်သမီးကလေးဟာ မောင်ရုပ်ဆိုးကလေးကို မြင်တဲ့အခါ အပြေးကလေး ရင်ခွင်ထဲကို တိုးဝင်ပြီး ဖက်ထားလိုက်သတဲ့။

နတ်မင်းကြီးက "ဂဠုန်ကြီးရဲ့လျှောက်ထားချက်များက အမှန်တွေပဲလား"လို့ နတ်ကြီးအား မေးလိုက်တယ်။ နတ်ကြီးက ဝန်ခံတဲ့အခါမှာ နတ်သဘင်အစည်းအဝေးပွဲမှာရှိတဲ့နတ်တွေဟာ ရုတ်ရုတ်သဲသဲဖြစ်ကုန်ပြီး

"ယုတ်ညံ့တဲ့လူသားနှင့် ပေါင်းသင်းပြီးဖြစ်တဲ့ နတ်သမီးကား နတ်ပြည်နှင့်မတန်၊ လူ့ပြည်သို့ ပြန်ပို့ပါ"လို့ တညီတညွတ်တည်း လျှောက်ထားလိုက်ကြတယ်။

နတ်မင်းကြီးလည်း အားလုံးရဲ့သဘောဆန္ဒအတိုင်း နတ်သမီးကို"နတ်သက်ကြွေပြီး လူသားနှင့် ပြန်ပေါင်းစေ"လို့ အမိန့်တော်ချမှတ်လိုက်သတဲ့။

ဂဠုန်ကြီးလည်း မောင်ရုပ်ဆိုးနှင့် နတ်သမီးလေးကို ကျော ပေါ်တင်ပြီး သူ့ဘိုဖွားကလေးကို အရောက်ပို့ပေးရှာတယ်။ မောင်ရုပ် ဆိုးကလေးဟာ ဂဠုန်ကြီးကို ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက် လိုက်သတဲ့။ အဲဒီနောက်မှာတော့ သူနှင့် လူ့ဘဝသို့ပြောင်းလဲပြီးဖြစ် တဲ့ ဇနီးသည်နတ်သမီးကလေးတို့ဟာ ပျော်ပျော်ပါးပါးဖြင့် အသက် ထက်ဆုံး ပေါင်းသင်းနေထိုင်သွားကြတော့လေတယ်။

■

## ကောင်ကလေး ချန်နှင့် နဂါးညီနောင်

ဟိုးရှေးရှေးတုန်းကပေါ့ကွယ် . . . .

ချီလင်မြို့ကလေးရဲ့ "ယူးယ" ခေါ်တဲ့ တောင်ခြေကလေးမှာ "ပုန်းကွယ်နေတဲ့ နဂါးများ" လို့အမည်ရတဲ့ အလွန်ကြီးမား‌တဲ့ကျောက်တုံးကြီးတစ်ခု ရှိပါတယ်။ ကျောက်တုံးကြီးရဲ့ မျက်နှာပြင်မှာတော့ တရုတ်လူမျိုးတွေရဲ့ယုံကြည်မှု ရိုးရာအဖြစ်အပျက်လေးတွေကို ထွင်းထုထားသတဲ့။ အဲဒီထွင်းထုထားတဲ့အထဲမှာတော့ "နဂါးတွေ အဝေးကို ပျံသန်းသွားပြီ" ဆိုတဲ့အကြောင်း ဖြစ်ပါတယ်။

ချီလင်မြို့ကလေးမှာရှိတဲ့ လူအများစုကတော့ ဒီဇာတ်လမ်းအကြောင်းကလေးကို အမြဲပြောလေ့ရှိတယ်။ ကျောက်တုံးကြီးကတော့ ဒီဇာတ်လမ်းကလေးနှင့် ပတ်သက်ပြီး အလွန်ထင်ရှားကျော်စောနေတော့သတဲ့။

ဒီဇာတ်လမ်းကလေး ဖြစ်ပေါ်လာပုံကတော့

တစ်ခါတုန်းက ယူးယတောင်ခြေက ရွာကလေးတစ်ရွာမှာ 'ချန်' လို့ခေါ်တဲ့ ကောင်ငယ်ကလေးတစ်ယောက် ရှိသတဲ့။ ချန်ကလေးရဲ့မိဘတွေကတော့ အလွန်ဆင်းရဲပါတယ်။ ချန်ကလေးဟာ ရွာထဲက တခြားကလေးတွေလို ပညာမသင်နိုင်ရှာပါဘူး။ သူဟာ ဘဲတွေကိုကျောင်းရတဲ့ ဘဲကျောင်းသားကလေးပေါ့ကွယ်။

ချန်ကလေးဟာ နေ့စဉ်နေ့တိုင်း သူ့ရဲ့ ဘဲတွေကို ယူးယတောင်ခြေမှာရှိတဲ့ စမ်းချောင်းကလေးဆီကို ကျောင်းဖို့ခေါ်သွားလေ့ရှိတယ်။ အဲဒီကျောက်တုံးကြီးရဲ့အောက်ခြေမှာ လိုဏ်ဂူကြီးတစ်ဂူရှိသတဲ့ကွယ်။ အဲဒီလိုဏ်ဂူကြီးရဲ့အပေါက်ဝမှာ လူငယ်နှစ်ယောက်ဟာ (တရုတ်ရိုးရာကစားနည်းဖြစ်တဲ့)စစ်တုရင်ကစားနေတာကို မကြာခဏဆိုသလို တွေ့ရသတဲ့။ တဖြည်းဖြည်းနှင့် ချန်ကလေးဟာ လူငယ်နှစ်ယောက်နှင့် ခင်မင်ရင်းနှီးလာပြီး မိတ်ဆွေတွေဖြစ်သွားတယ်။

တစ်ခါတလေမှာ သူတို့နှင့်အတူ စစ်တုရင်ဝင်ပြီး ကစားလေ့ ရှိသတဲ့။

ချန်ကလေးဟာ လူငယ်နှစ်ယောက်ကို ကြည့်ပြီး အလွန်စဉ်းစားရခက်နေရှာတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ မိတ်ဆွေနှစ်ယောက်ဟာ တစ်နေ့လုံး ဘာမှ မစား မသောက်ဘဲ နေနိုင်သတဲ့။ တစ်ခါမှလည်း မအိပ်ဘဲ အမြဲလိုလို စစ်တုရင်သာ ကစားနေလေ့ရှိတယ်။

ချန်ကလေးဟာ သူတို့နှစ်ဦးနှင့်ပတ်သက်ပြီးတော့ သူတို့ရဲ့



သုဇာတာပေ

မျိုးနွယ်ဟာ 'လောင်'ဖြစ်တယ် ဆိုတာကိုပဲ သိရပါတယ်။ တရုတ်လူမျိုးတွေရဲ့ထုံးစံအရ လောင် ဆိုတဲ့အမိဖွာယ်ဟာ 'နဂါးများ'လို့ အမည်ရသတဲ့။ ဒါပေမယ့် ချန်ကလေးကတော့ သူ့ မိတ်ဆွေ နှစ်ယောက်ဟာ လူယောင်ဖန်ဆင်းထားတဲ့ နဂါးညီနောင်ဆိုတာကိုတော့ ကလေးအရွယ်လေးမို့ နားမလည်နိုင်ဘူး ဖြစ်နေတာပေါ့ကွယ်။

တစ်နေ့မှာတော့ 'လူဆန်ချီ'လို့ ခေါ်တဲ့ နတ်သမီးကလေးတစ်ပါးဟာ ချီလင်မြို့ပေါ်ကနေ တိမ်တိုက်စီးပြီးဖြတ်သန်းသွားတယ်။ သူမရဲ့နှုတ်ဖျားကလည်း သီချင်းတွေ သီဆိုသွားသတဲ့။ သီချင်းထဲမှာပါတဲ့ အဓိပ္ပာယ်ကလေးကတော့

"ယူးယတောင်ခြေမှာ လှိုဏ်ဂူကြီးတစ်ဂူရှိပါတယ်။ လှိုဏ်ဂူထဲမှာတော့ အပျင်းကြီးပြီး အိပ်နေတတ်တဲ့ နဂါးနှစ်ကောင်ရှိတယ်။ သူတို့ဟာ အစား စားဖို့နှင့် အိပ်ဖို့ကလွဲပြီး ဘာမှ သုံးမရကြပါဘူး။ သူတို့ဟာ ဘာဖြစ်လို့ အပြင်ကိုထွက်ပြီး မိုးတွေရွာအောင် မလုပ်ကြတာလဲ။ အဲဒီနဂါးတွေ ဘာလုပ်နေကြသလဲကွယ်"

နတ်သမီးလေးပြောတာတွေဟာ အမှန်တွေပါပဲ။ သူတို့မြို့မှာ မိုးမရွာတာ လပေါင်းအတော်ကြာနေပါပြီ။ နေပူရှိန်ကြောင့် မြေကြီးတွေဟာ အက်ကွဲခြောက်သွေ့လာတယ်။ ရွာသားတွေဟာ သူတို့ရဲ့ ကောက်ပဲသီးနှံတွေအတွက် စိုးရိမ်သောကဖြစ်နေရှာတာပေါ့။

လူငယ်နှစ်ယောက်ဟာ နတ်သမီးကလေးရဲ့ သီချင်းသံကိုကြားရတဲ့အခါမှာ လှိုဏ်ဂူကြီးကို လှည့်ပတ်ကြည့်ရှုပြီး အောက်ကို ငုံ့ကြည့်လိုက်သတဲ့။



ဒူဂါတပေ

ဘူးဖြစ်သွားရာသတဲ့။ နောက်တော့မှ သတိဝင်လာပြီး 'အစ်ကိုကြီး တို့က ကျွန်တော့်ကို နောက်နေကြတာလား။ ဒီလှိုဏ်ဂူကြီးရဲ့အဝက အကျယ်ကြီးပဲ ဘာဖြစ်လို့ ပျံသန်းလို့ မရနိုင်တာလဲ'လို့ မေးလိုက်တယ်။

ဒီအခါမှာ နဂါးညီနောင်က

"အခုတို့နေတဲ့နေရာဟာ ရွာတွေနှင့်သိပ်နီးတယ်။ တကယ်လို့ တို့တွေဟာ ကောင်းကင်ပေါ်ကို ပျံတက်မယ်ဆိုရင် မိုးကြီးလေကြီးတွေကျလာပြီး ရွာတွေပျက်စီးကုန်လိမ့်မယ်။ ငါတို့ဟာ ရွာသားတွေကို ထိခိုက်နစ်နာအောင် မလုပ်ချင်ကြဘူး။ ဒါပေမယ့် မိုးမရွာလို့ ရှိရင်လည်း ရွာသားတွေ ဒုက္ခရောက်ကုန်ကြမှာပဲ"လို့ ပြောပြလိုက်သတဲ့။

ချန်ကလေးဟာ ခဏမျှ တိတ်ဆိတ်သွားပြီး စဉ်းစားလိုက်တယ်။ သူတို့ပြောတာ အမှန်တွေပါပဲ။တစ်ခါတုန်းက အဘိုးကြီးတစ်ယောက်ပြောဖူးတာကို သူ ပြန်ပြီး သတိရမိတယ်။

'နဂါးတွေဟာ လူတွေနှင့်နီးတဲ့နေရာက ပျံတက်လာလို့ ရှိရင် ကောင်းကင်ယံမှာ မိုးသည်း မုန်တိုင်းတွေကျပြီး လေမုန်တိုင်းကြီးတွေတိုက်မယ်။ တောင်တန်းကြီးတွေ ပြိုကွဲပြီး သမုဒ္ဒရာကြီးတွေ ပွက်ပွက်ဆူပြီး လူတွေ ကံဆိုးမိုးမှောင်ကျလိမ့်မယ်'လို့အဘိုးအိုကြီး ပြောတဲ့စကားတွေကို သူ့ နားထဲမှာ ပြန်ကြားယောင်လာသတဲ့။

ချန်ကလေးဟာ ရုတ်တရက် ဆိုသလို အကြံတစ်ခု ရလိုက်တယ်။

"အစ်ကိုကြီးတို့နဂါးတွေဟာ ရေကူးတတ်သားပဲ ဘာဖြစ်လို့ မြစ်ကိုဖြတ်ကူးပြီး တောင်တန်းကြီးတွေဆီကနေ မိုးကောင်းကင်ဆီကို ပျံသန်းမသွားတာလဲ။ အဲဒါဆို ကျွန်တော်တို့ရွာနှင့် အတော်ဝေးသွားပြီလေ။ ဒါဆို လူသားတွေ ဒုက္ခမရောက်တော့ဘူးပေါ့"

ဒီအခါမှာ နဂါးညီနောင်က

"မြစ်ချောင်း ဆိုတာ နဂါးတစ်ကောင်ကူးပြီး သွားဖို့ရာ အရမ်းတိမ်လွန်းတယ်" လို့ ပြောလိုက်တယ်။

အချိန်အတော်ကြာတဲ့အခါမှာ အဝါရောင်နဂါးက

"အဲ နည်းလမ်းတစ်ခုတော့ရှိတယ်။ ဒါပေမယ့် မင်း အဲဒါကိုလုပ်ဖို့ အရမ်းငယ်သေးတယ်။ ဖြစ်နိုင်မယ်မထင်ဘူး" လို့ပြောလိုက်တယ်။

"ကျွန်တော်ကတော့ မငယ်ဘူးထင်တာပဲ။ အဲဒီနည်းလမ်းကိုသာပြောပါ။ ကျွန်တော် အစ်ကိုကြီးတို့ကိုကူညီရမယ်ဆိုရင် ဘယ်လိုအရာမျိုးတွေပဲ လုပ်ရ၊ လုပ်ရ၊ ဂရုမစိုက်ပါဘူး။ ကျွန်တော် ကြိုးစားပြီး လုပ်မှာပါ။ ကျွန်တော့်ကို မယုံဘူးလားဗျာ" လို့ ချန်ကလေးက တက်တက်ကြွကြွနှင့် မေးလိုက်သတဲ့။

အဝါရောင်နဂါးဟာ ချန်ကလေးကို ကြည့်ပြီး စိတ်ဝင်စားသွားတယ်။

"အေး . .ငါတို့ယုံပါတယ်။ ငါ မင်းကိုပြောပြမယ်။ ဒီကနေ အလွန်ဝေးကွာလှတဲ့နေရာမှာ 'ရှိရှန်' လို့ခေါ်တဲ့ တောင်ကြီးတစ်တောင်ရှိတယ်။ အဲဒီတောင်ထိပ်မှာ မှော်ဝါးပင်နှစ်ပင်ရှိတယ်။ တကယ်

လို့များ မင်းဟာ အဲဒီမှော်ဝါးပင်ကြီး နှစ်ပင်ကို ခုတ်ပြီး အပေါက် ဖြစ်အောင်လုပ်နိုင်မယ်ဆိုရင် ဘယ်လောက်ပဲ သေးငယ်တဲ့ စမ်းချောင်း ကလေး ဖြစ်ပါစေ အလွန်ကြီးမားတဲ့ချောင်းကြီး ဖြစ်သွားနိုင်တယ်။ အဲဒါဆို ငါတို့ဟာ ရေအောက်ကနေ ငုံ့ဆင်းသွားပြီး ကောင်းကင်ယံ ကို ပျံတက်နိုင်ပြီ။ အနီးအနားက လူတွေကိုလည်း မထိခိုက်နိုင်ဘူး။ လူတွေကိုလည်း မိုးတွေရွာအောင် လုပ်နိုင်ပြီပေါ့ကွာ"

အဝါရောင်နဂါးရဲ့စကားအဆုံးမှာပဲ ချန်ကလေးဟာ မတ် တတ်ထရပ်ပြီး ခရီးကို စတင်လိုက်သတဲ့။

နဂါးညီနောင်ဟာ သူ့ကိုလှမ်းခေါ်ပြီး "ညီလေးရေ မသွား ပါနှင့်ကွာ။ ရှိရှန်တောင်ကြီးဟာ အရမ်းမြင့်မားပြီး သားရဲတိရစ္ဆာန် တွေ ထူပြောတယ်။ ပြန်လာခဲ့ပါကွာ။ ပြန်လာခဲ့ပါတော့"လို့ အော် ပြောလိုက်တယ်။

ချန်ကလေးက

"ကျွန်တော် လုံးဝမကြောက်ပါဘူး။ ကျွန်တော့်ဘဲကလေး တွေကိုသာ ကြည့်ထားခဲ့ပါ။ ကျွန်တော်တော့ သွားပြီ"လို့ အော် ပြောရင်း ခရီးဆက်ခဲ့သတဲ့။

ချန်ကလေးဟာ တစ်နေ့လုံး မရပ်မနားနှင့် ခရီးဆက်လာခဲ့ ရာ ရှိရှန်တောင်ခြေကို ရောက်ရှိသွားတယ်။ အဲဒီမှာပဲ တစ်ညတာ အနားယူဖို့ ဆုံးဖြတ်ပြီး ထိုင်ချလိုက်သတဲ့။ အဲဒီအချိန်မှာပဲ အလွန် ကြီးမားတဲ့မြွေကြီးဟာ သူ့ကိုပေါက်မယ့်ဟန် ပြင်လိုက်တယ်။

သူဟာ အနောက်ကို ဆုတ်လိုက်ရင်း မကြောက်မရွံ့ဖြင့်



သုဇာတာပေ

"စိတ်ကောင်းရှိလှတဲ့ မြွေကြီးရယ်။ ကျွန်တော့်ကို မကိုက်ပါနှင့်။ ကျွန်တော်ဟာ နဂါးတွေအတွက် မှော်ဝါးပင်ကိုယူဖို့ လာရာတာပါ။ မှော်ဝါးပင် ရရင် နဂါးကြီးတွေဟာ လူတွေအတွက် မိုးတွေရွာသွန်းပေးမှာပါ။အဲဒါမှ လူအပေါင်းဟာ ဒုက္ခမရောက်မှာပါ။ကျေးဇူးပြုပြီး ကျွန်တော့်ကိုလမ်းဖယ်ပေးပါ" လို့ တောင်းပန်လိုက်သတဲ့။

မြွေကြီးဟာ ချန်ကလေး ပြောတဲ့စကားကို နားထောင်ရင်း ချုံပုတ်ထဲ တိုးဝင်ပျောက်ကွယ်သွားတော့တယ်။

နောက်တစ်နေ့ မနက်မိုးလင်းတဲ့အခါမှာတော့ ချန်ကလေးဟာ တောင်ပေါ်ကို တက်ပါလေရော။ တောင်ပေါ်မှာရှိတဲ့ ဆူးတွေဟာ သူ့လက်တွေရော ခြေထောက်တွေကိုပါ စူးကုန်တယ်။ သူဟာ ဒဏ်ရာတွေကို ဂရုမစိုက်ဘဲ တောင်ပေါ်ကို ဆက်တက်သွားသတဲ့။

တစ်နေ့လုံးတက်နေပေမယ့် မရောက်နိုင်သေးဘူး။ သူ့ ခြေထောက်တွေဟာလည်း ဒဏ်ရာအနာတရတွေဖြစ်ကုန်ပြီ။

ဒီအခါမှာပဲ အလွန်ကြီးမားတဲ့ကျားကြီးတစ်ကောင်ဟာ နာနတ်တောထဲက ထွက်လာပြီး သူ့ရဲ့ကြောက်စရာကောင်းလှတဲ့ သွားတွေကို ဖြဲကာ မာန်ဖီရင်း ကိုက်မယ့်ဟန် ပြင်လိုက်တယ်။

ချန်ကလေးဟာ ကြောက်ရွံ့မှု မပြဘဲ

"အို မြင့်မြတ်လှတဲ့ ကျားကြီးရယ်။ ကျွန်တော်ဟာ မှော်ဝါးပင်တွေလာယူတာပါ။ အဲဒါမှ နဂါးတွေဟာ လူသားတွေအတွက် မိုးရွာသွန်းနိုင်ပြီး ကယ်တင်နိုင်မှာပါ။ ကျေးဇူးပြုပြီး ကျွန်တော့်ကို လမ်းဖယ်ပေးပါခင်ဗျာ" လို့ ချိုချိုသာသာလေးပြောလိုက်တယ်။

ကျားကြီးဟာ သူ့စကားကို ကြားလိုက်ပြီးနောက် ခေါင်းကိုငုံ့ချပြီး သစ်ပင်တွေထဲကို ပြန်ဝင်သွားသတဲ့။

သူဟာ အဲဒီနေရာမှာအနားယူလိုက်ရင်း နာနတ်သီးအနည်းငယ်စားလိုက်တယ်။ အဲဒီနောက် တောင်ပေါ်ကိုတက်သွားလိုက်တာ သုံးရက်မြောက်တဲ့နေ့မနက်မှာတော့ တောင်ထိပ်ပေါ်ကိုရောက်ရှိသွားတယ်။

တောင်ထိပ်ပေါ်မှာတော့ အဝါရောင်နဂါး ပြောလိုက်သလိုပါပဲ။ ဝါးပင်နှစ်ပင်ပေါက်နေတာကို မြင်လိုက်ရသတဲ့။ ချန်ကလေးဟာ ဝါးပင်အောက်မှာ ခြေပစ်လက်ပစ် အိပ်ချလိုက်တယ်။ သူဟာ ပင်ပန်းမှုတွေကို ဂရုမစိုက်နိုင်ဘဲ ပျော်ရွှင်စွာ ရယ်မောလိုက်သတဲ့။ အဲဒီနောက် ပါလာတဲ့ဓားကို ထုတ်လိုက်ပြီး ဝါးပင်တွေကို ဓားနှင့်ခုတ်လိုက်ပါလေရော။ ဒီအချိန်မှာပဲ စွန်ကြီးတစ်ကောင်ဟာ သူ့ခေါင်းပေါ်ပျံဝဲရင်း အန္တရာယ်ပြုတော့မှာကို မြင်တွေ့လိုက်ရတယ်။

ချန်ကလေးဟာ ရဲရင့်စွာနှင့်

"အသင် စွန်ကြီး ကျွန်တော်ဟာ မှော်ဝါးပင်တွေကို ခုတ်ရတော့မယ်။ ဒီမှော်ဝါးပင်တွေရမှ နဂါးတွေဟာ မိုးရွာအောင် လုပ်ပေးနိုင်မှာပါ။ မိုးရွာမှ လူသားတွေကို ကယ်တင်နိုင်မှာပါ။ ကျေးဇူးပြုပြီး ကျွန်တော့်ကို မနှောင့်ယှက်ပါနှင့်ဗျာ" လို့ ချေချေငံငံကလေး ပြောဆိုလိုက်သတဲ့။

စွန်ကြီးလည်း ကောင်းကင်ယံကို ပျံတက်သွားပြန်တယ်။

ချန်ကလေးဟာ အချိန်တော်တော်ကြာအောင် ခုတ်လှဲနေရ

သတဲ့။ ခုတ်လှဲလို့အပြီးမှာပဲ အပေါက်ဖြစ်အောင် ကြိုးစားပြီးလုပ်နေရရှာပြန်တယ်။

သူ ဘယ်လိုပဲ ကြိုးစားပြီး လုပ်နေပေမယ့် ဝါးပင်တွေဟာ အပေါက် ဖြစ်မလာသေးပါဘူး။ အဲဒါနှင့် သူက ဒီတစ်ခါဖြင့် လုပ်နိုင်ပါတော့မလားဆိုတဲ့အတွေးတွေဝင်ပြီး စိတ်မကောင်းဖြစ်လာတယ်။

ဒီအချိန်မှာပဲ အနီးအနားမှာရှိတဲ့ သစ်တောက်ငှက်နှစ်ကောင်ဟာ ချန်ကလေးကို ကြည့်နေရင်းက ကူညီဖို့ရောက်လာခဲ့တယ်။

သစ်တောက်ငှက်ကလေး နှစ်ကောင်ရဲ့ ကူညီပေးမှုကြောင့် အချိန်ခဏလေးမှာပဲ ဝါးလုံးတွေဟာ အပေါက်ဖြစ်သွားပါတော့တယ်။

ချန်ကလေးဟာ ဝါးလုံးတွေကိုကြည့်ရင်း အလွန်ပီတိဖြစ်သွားသတဲ့။

"ကျေးဇူးပါပဲ ငှက်ကလေးတို့ရေ၊ မင်းတို့သာ မကူညီရင်ငါတော့ ဒီဝါးလုံးတွေကို အပေါက်ဖြစ်အောင် လုပ်နိုင်မှာ မဟုတ်ဘူး" လို့ ပြောလိုက်သတဲ့။

သူဟာ လေးလံလှတဲ့ ဝါးလုံးနှစ်လုံးကို ပခုံးပေါ် တင်ပြီး ယူးယတောင်ခြေကို ပြန်လည်ထွက်ခွာလာတယ်။

ငါးရက်မြောက်နေ့မှာတော့ ချန်ကလေးဟာ ယူးယတောင်ခြေကိုရောက်လာခဲ့ပါတယ်။ သူဟာ မောမောပန်းပန်းနှင့် အသက်ကို ခပ်ပြင်းပြင်းရှူပြီး ဝါးလုံးတွေကို တရွတ်တိုက် ဆွဲလာခဲ့သတဲ့။ လိုဏ်ဂူဝကို ရောက်တဲ့အခါမှာတော့ နဂါးညီနောင်ဟာ သူ့ကို ဝမ်း



ဒုဓာရပေ

ပန်းတသာနှင့် ပွေ့ဖက်လိုက်တယ်။ ကျေးဇူးတင်စကားတွေလည်း အထပ်ထပ်အခါခါ ပြောကြားသတဲ့။

နဂါးညီနောင်ဟာ ချန်ကလေးကို နှုတ်ဆက်လိုက်တယ်။

"စိတ်ကောင်းရှိပြီး ကြင်နာတတ်တဲ့ ညီလေးရေ၊ မင်းရဲ့ ဘဝတစ်လျှောက်လုံး ပျော်ရွှင်မှုတွေနှင့်ပြည့်စုံပါစေကွယ်" လို့ ဆုတောင်းပေးပြီး သူတို့ပိုင်တဲ့ ရွှေငွေကျောက်သံပတ္တမြားတွေအကုန်လုံးကို လက်ဆောင်အဖြစ် ပေးခဲ့လိုက်သတဲ့။

ချန်ကလေးကတော့ ဝမ်းမသာနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မိတ်ဆွေနှစ်ယောက်နှင့်ခွဲခွာရတော့မယ်လေ။ သူဟာ အင်မတန်စိတ်မကောင်းဖြစ်သွားပြီး မျက်ရည်တွေ ကျလာသတဲ့။ နဂါးညီနောင်က သူ့ကို ချော့မော့နှစ်သိမ့်ရှာတယ်။

"တိတ်ပါ ညီလေးရယ်။ လူသားတွေအတွက် အစ်ကိုကြီးတို့ အလုပ်လုပ်ပေးကြရဦးမယ်။ အဲဒါ ညီလေးရဲ့ ကူညီမှုကြောင့်ပဲပေါ့။ မိုးတွေရွာလို့ လယ်သမားတွေပျော်ရွှင်နေတာကိုကြည့်ပြီး ကျေနပ်နေပါ ညီလေးရယ်"

နဂါးညီနောင်ဟာ ပြောရင်းဆိုရင်းနှင့် မှော်ဝါးလုံးတွေကို လိုဏ်ဂူဝမှာ တပ်ဆင်လိုက်တယ်။ စမ်းချောင်းကလေးကလည်း ပင်လယ်ကြီးပမာဖြစ်သွားတယ်။ နဂါးညီနောင်ဟာ နဂါးယောင်ဖန်ဆင်းပြီး ရေထဲကို ငုံ့ဆင်းသွားတော့တယ်။ အဲဒီနောက် ကောင်းကင်ယံကိုတက်ပြီး မိုးတွေရွာအောင် လုပ်ပေးလိုက်တယ်။

ချန်ကလေးဟာ သူ့အိမ်ရှိရာကို ပြန်လာခဲ့တယ်။ နဂါးညီ



သူဗာတယေ

နောင်ပေးလိုက်တဲ့ လက်ဆောင်တွေကို သူ့မိဘတွေကို ပေးလိုက်သတဲ့။ သူတို့ မိသားစုလည်း ချမ်းချမ်းသာသာနှင့် နေနိုင်သွားရှာတာပေါ့။

အခုဆိုရင် သူတို့ဒေသကလေးဟာ မိုးတွေ ရွာသွန်းဖြိုးလို့ ကောက်ပဲသီးနှံတွေ အောင်မြင်ဖြစ်ထွန်းကုန်ကြပြီပေါ့ကွယ်။

ချန်ကလေးကလည်း 'ယူးယ' တောင်ခြေမှာ ဘဲကျောင်းနေတုန်း၊ သူ့မိတ်ဆွေတွေကိုလည်း သတိရနေတုန်းပါပဲ။

တစ်နေ့မှာတော့ နတ်သမီးလေး 'လူဆန်ချီ' ဟာ နောက်တစ်ကြိမ် သီချင်းဆိုပြီး ချီလင်မြို့ကလေးပေါ်က ဖြတ်သန်းသွားတယ်။ သီချင်းကလေးကတော့ . . .

"ချန်ကလေးဟာ ရဲရင့်ပြီး ကြင်နာတတ်ပါတယ်။ သူဟာ လူတွေအတွက် လိုအပ်နေတဲ့ မိုးရေတွေကို ဖန်တီးပေးနိုင်ဖို့ မှော်ဝါးပင်တွေကိုယူဆောင်ပေးခဲ့ပါတယ်။ သူ့ရဲ့ကောင်းမွန်လှတဲ့ လုပ်ရပ်ကြောင့် ကမ္ဘာကြီးတစ်ခုလုံး စိမ်းလန်းစိုပြည်သွားတယ်"

ဒီအဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့ပြီးတာ နှစ်တွေအတော် ကြာခဲ့ပါပြီ။

ဒါပေမယ့်

ချီလင်မြို့ကလေးမှာ နေထိုင်တဲ့လူတွေကတော့ နတ်သမီးလေးသီဆိုခဲ့တဲ့သီချင်းကလေးကို သီဆိုနေတုန်းပါပဲ။

ချန်ကလေးကို ချီးမွမ်းဂုဏ်ပြုတဲ့အနေနှင့် 'ယူးယ' တောင်ခြေမှာရှိတဲ့ ကျောက်တုံးကြီးကို 'ပုန်းကွယ်နေသော နဂါးများ' လို့

အမည်ပေးခဲ့ပြီး အဲဒီကျောက်တုံးပေါ်မှာလည်း ချန်ကလေးနှင့် နဂါး ညီနောင်ရဲ့ အဖြစ်အပျက်ကလေးတွေကို ထွင်းထုထားလျက် ရှိပါတယ်။

ဒီအဖြစ်အပျက်လေးကို "နဂါးတွေ အဝေးကို ပျံသန်းသွားပြီ" ဆိုတဲ့ခေါင်းစဉ်လေးတပ်ပြီး သရုပ်ဖော်ပုံကလေးတွေပါ ရေးထိုးထားကြတာကို တွေ့မြင်ရပါလိမ့်မယ်။

## ကျားဘုရင်ဝတ်ရုံ

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ တရုတ်ပြည်နယ်လေးတစ်ခုမှာ ဆင်းရဲတဲ့ လယ်သမားလင်မယားနှစ်ယောက် ရှိသတဲ့။ ဇနီးဖြစ်သူဟာ ကလေးသုံးယောက် ဖွားမြင်ပေမယ့်လို့ သုံးယောက်စလုံးဟာ ကံမကောင်းစွာနှင့်ဘဲ သေဆုံးခဲ့တယ်။

သူတို့မှာ နောက်ထပ် ကလေး မရတော့လို့ လင်မယားနှစ်ယောက်စလုံး စိတ်သောကရောက်နေရရှာတာပေါ့။

အဲဒီလိုနှင့် တစ်ခုသောဆောင်းရာသီမှာ မမျှော်လင့်ဘဲ ဇနီးဖြစ်သူဟာ သားယောကျ်ားကလေး မွေးဖွားသတဲ့။ သူတို့မှာလည်း ဆိတ်နှစ်ကောင်နှင့် နွားတစ်ကောင်ကလွဲပြီး ဘာမှမရှိရှာဘူး။

သားငယ်လေးဟာ နို့ကို အလွန်အမင်းစို့လွန်းလို့ မိခင်ဖြစ်သူဟာ ကြာလာတော့ နို့မထွက်တော့ဘူးဖြစ်နေသတဲ့။ အဲဒါနှင့်သူတို့မှာရှိတဲ့ နွားမနို့ကိုပဲ တိုက်ကျွေးခဲ့တယ်။ကလေးဟာ တဖြည်းဖြည်း ကြီးပြင်းခဲ့တာမဟုတ်ဘဲ နာရီပိုင်းအတွင်းမှာပဲ ကြီးပြင်းလာသတဲ့။

နောက်တစ်နေ့ ရောက်တဲ့အခါမှာတော့ အရွယ်ရောက်တဲ့ ယောကျ်ား ပျိုတစ်ယောက် ဖြစ်သွားပါလေရော။

သူတို့ဇနီးမောင်နှံဟာ ဝမ်းသာအံ့သြနေကြသတဲ့။ သူတို့ရဲ့ သားကလေးကို 'ဂူနန်'လို့ အမည်ပေးလိုက်တယ်။

တတိယနေ့မှာတော့ ဂူနန်ဟာ ဆိတ်တစ်ကောင်လုံး စားပစ် လိုက်သတဲ့။ နောက်တစ်နေ့မှာတော့ နောက်ထပ် ဆိတ်တစ်ကောင် ကို စားပစ်လိုက်ပြန်ရော။

မိခင်နှင့် ဖခင်ဖြစ်သူတို့ဟာ စိတ်ပျက်နေရပြီပေါ့။ နောက် တစ်နေ့ရောက်ရင် ကျန်သေးတဲ့နွားမတစ်ကောင်ကိုပါ စားပစ်လိုက်မှာ ကို စိုးရိမ်နေသတဲ့။

သူတို့မှာ အဲဒီနွားတစ်ကောင်ပဲ ရှိတော့တာကိုး။ ဒါပေမယ့် လို့ ဂူနန်ဟာ သူ့မိခင်ကို ပြောလိုက်တယ်။

"အမေ ကျွန်တော်တို့က သိပ်ဆင်းရဲတယ်။ ကျွန်တော့်ကို အလုပ်လုပ်ခွင့်ပြုပါ။ ကျွန်တော့်မှာ စားစရာမရှိရင် နေလို့ မရလို့ ပါ"

မိခင်ကလည်း သားဖြစ်သူရဲ့ခွန်အားဗလတွေကို ယုံကြည် တာကြောင့် သဘောတူလိုက်သတဲ့။ သူ့အဖေကတော့

"သားရယ်။ မင်း ဘာအလုပ်လုပ်မှာလဲ။ အင်း...အဖေ စဉ်းစားမိပြီ။ ဒီမှာအုပ်ချုပ်တဲ့နယ်စားဆီသွားရင် အလုပ်ရနိုင်တယ်"

ဂူနန်ဟာ မိဘနှစ်ပါးကို ကန်တော့ခဲ့ပြီး ဗိုက်ထဲကလည်း ဆာဆာနှင့် ခရီးထွက်လာခဲ့သတဲ့။

သူ့ရာစာပေ



လမ်းတစ်ဝက်မှာပဲ ဆာလောင်နေတဲ့ ဝံပုလွေတစ်ကောင်နှင့်တွေ့လိုက်ရတယ်။ ဝံပုလွေဟာ သူ့ကို ခုန်အုပ်လိုက်ပါလေရော။

ဒါပေမယ့် ဂူနန်က ဝံပုလွေကို ကိုင်ပေါက်ပြီး မီးကင်စားပစ်လိုက်သတဲ့။

ညမှောင်တဲ့အခါမှာတော့ နယ်စားနေတဲ့အိမ်ကိုရောက်သွားတယ်။ ဂူနန်က နယ်စားဆီမှာ အလုပ်တောင်းတာပေါ့။

နယ်စားက ဂူနန်ရဲ့အစွမ်းကိုသိချင်နေတယ်။ အဲဒါကြောင့် နွားတစ်ကောင်ကိုကင်ပြီး ဂူနန်ကို စားဖို့ဖိတ်ခေါ်လိုက်သတဲ့။ ဂူနန်ဟာ နွားတစ်ကောင်လုံးကို စားပစ်ရုံတင်မကဘဲ၊ အရိုးတွေပါ မကျန်ဝါးစားပစ်လိုက်တယ်။

ဂူနန်ဟာ နယ်စားကြီး သွားလေရာကို အမြဲလိုက်ပါစောင့်ရှောက်ရသတဲ့။ တစ်နေ့မှာတော့ နယ်စားကြီးဟာ အမဲပစ်ဖို့အတွက် တောထဲကိုထွက်ခဲ့ကြတယ်။ ဂူနန်နှင့် ရဲမက်တချို့လည်း လိုက်ပါသွားကြတာပေါ့။

တောနက်ကြီးထဲ ရောက်တဲ့အခါမှာတော့ ရေမကျားကြီးတစ်ကောင်နှင့်ရင်ဆိုင်လိုက်ရတယ်။ နယ်စားကြီးဟာ ကြောက်လွန်းလို့ကတုန်ကရင် ဖြစ်နေရှာတာပေါ့။ သူဟာ ဂူနန်နှင့် အစောင့်တွေကိုမခေါ်နိုင်တော့ဘဲ မြင်းပေါ်တက်ပြီး ပြေးပါလေရော။

အစောင့်တွေကလည်း ကစဥ့်ကလျားနှင့်ထွက်ပြေးကုန်တယ်။ ဂူနန်တစ်ယောက်ပဲ ကျန်ရစ်ခဲ့သတဲ့။ ကျားကြီးဟာ ဂူနန်ကို ခုန်အုပ်လိုက်တယ်။ သူဟာ လျင်မြန်စွာရှောင်တိမ်းပြီး ကျားခြေတစ်ဖက်ကို

ဖမ်းကိုင်ကာ သစ်ပင်နှင့် ကိုင်ဆောင့်ရိုက်သတ်လိုက်သတဲ့။

ကျားကြီးလည်း ပြင်းထန်တဲ့ရိုက်ချက်ကြောင့် သေဆုံးသွားတယ်။ ဂူနန်ဟာ ကျားသေကြီးကိုထမ်းပြီး နယ်စားကြီးနောက် လိုက်ခဲ့တာပေါ့။

မြို့ကိုရောက်သွားတဲ့ နယ်စားကြီးဟာ ကြောက်လန့်နေဆဲမို့ မြင်းပေါ်က ဆင်းလို့မရဘူး ဖြစ်နေလေရဲ့။ သူတ်ခြေတင်ပြီး ပြန်ပြေးလာတဲ့ရဲမက်တွေက သူ့ကို မြင်းပေါ်ကနေ ချပေးလိုက်ရတယ်။

အဲဒီအချိန်မှာပဲ ဂူနန် ရောက်လာသတဲ့။ ဂူနန် ကျောပေါ်က ကျားကိုမြင်လိုက်ရတော့ သူဟာ အလွန်ထိတ်လန့်ချောက်ချားသွားတယ်။

သူက "အစောင့်တွေ အမြန်လာကြ။ တံခါးကို အမြန်ပိတ်လိုက်။ ကျားကို အထဲမဝင်စေနှင့်"လို့ အမိန့်ပေးလိုက်ပြန်တယ်။

နောက်တော့မှ ဂူနန်ယူလာခဲ့တာဟာ ကျားသေမှန်း သိသွားလို့ ပုန်းနေရာကနေ ထွက်လာပြီး၊ ကျားရဲ့ သားရေကို ခွာခိုင်းလိုက်သတဲ့။

နယ်စားကြီးဟာ မွေ့ရာကို ကျားသားရေနှင့်ချုပ်လိုက်တယ်။

သူဟာ တဖြည်းဖြည်းနှင့် ကျားဘုရင်ရဲ့သားရေကိုပါ လိုချင်လာသတဲ့။ ဒါနှင့် ဂူနန်ကိုခေါ်ပြီး ကျားဘုရင်ကို သုံးရက်အတွင်း ဖမ်းပေးဖို့ ပြောလိုက်တယ်။ ကျားဘုရင်ကို မရခဲ့ရင် သတ်ပစ်မယ်လို့လည်း အမိန့်ချမှတ်လိုက်သတဲ့။

ဂူနန်ဟာ အတော်လေး စိတ်ပျက်သွားတာပေါ့။ ကျားဘုရင်

ကို ဘယ်လိုရှာရမလဲဆိုတာကို သူ မသိနိုင်ဘူးလေ။

လူတွေပြောကြတာကတော့ မြောက်ဘက် တောင်တွေဆီမှာ ကျားတွေ အလွန်ပေါတယ်ဆိုပဲ။ ဒါပေမယ့် ဘယ်သူကမှ ကျားဘုရင်ရှိတဲ့အရပ်ကို သေသေချာချာ မပြောနိုင်ကြပါဘူး။

ညရောက်တဲ့အခါ ဂူနန်ဟာ အိမ်ကို စိတ်ပျက်လက်ပျက်နှင့် ပြန်လာခဲ့တာပေါ့။ မိဘနှစ်ပါးကိုလည်း အကြောင်းစုံပြောပြလိုက်သတဲ့။

မိဘနှစ်ပါးဟာ စိတ်မချမ်းမသာ ဖြစ်ပြီး ငိုကြွေးကြတော့တယ်။ သူတို့သားလေးကို မသွားခိုင်းပြန်ရင်လည်း နယ်စားကြီးက သတ်ပစ်ဦးမှာ။ သွားခိုင်းရင်လည်း အသက်ဘေးနှင့် ရင်မဆိုင်ရဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ သူတို့နှစ်ဦးဟာ ဂူနန်အတွက် စိတ်သောက ရောက်နေတာပေါ့။

ရုတ်တရက် ဆိုသလို ဆင်းရဲတဲ့ လယ်သမားအိုကြီးတစ်ယောက်ဟာ သူတို့ရဲ့အိမ်ကလေးဆီကို ရောက်လာသတဲ့။

သူက ဂူနန်ကို ပြောလိုက်တယ်။

"စိတ်အားမငယ်ပါနှင့် လူကလေးရယ်။ ကျားဘုရင်ဟာ သတ္တိကောင်းတဲ့သူကို ကြောက်ရွံ့ပါတယ်။ မင်းဟာ စိတ်ကောင်းနှလုံးကောင်း ရှိပြီး၊ ကူညီတတ်တဲ့သူ ဖြစ်ရင် ဘယ်အခက်အခဲမဆို အောင်မြင်ပါလိမ့်မယ်။ ရောင်စုံအမွေးနှင့်မြင်းတစ်ကောင်ကို အဘိုးပေးလိုက်မယ်။ မင်း ကုသိုလ်ကံကောင်းပါစေလို့ အဘိုး ဆုတောင်းပေးလိုက်ပါတယ်"

လယ်သမားအဘိုးအိုဟာ ဂူနန်ရဲ့ နဖူးကို နမ်းပြီး ပျောက်ကွယ်သွားသတဲ့။

ဂူနန်ဟာ အပြင်ကိုထွက်ကြည့်တဲ့အခါမှာ အမွေးရောင်စုံနှင့် မြင်းငယ်လေးတစ်ကောင်ကို တွေ့လိုက်ရတယ်။

ဂူနန်ဟာ မိဘတွေကိုနှုတ်ဆက်ပြီး ခရီးထွက်ခဲ့သတဲ့။ လေး၊ မြား၊ ဓားတွေ ယူပြီး မြင်းငယ်လေးကိုစီးကာ ကျားဘုရင်ကို အရှာထွက်ခဲ့ပြီပေါ့။

မြင်းကလေးဟာ ပထမတော့ ဖြည်းဖြည်းလေးပဲ သွားသတဲ့။ နောက်တော့ ဒုန်းစိုင်းပြီး ပြေးပါလေရောတဲ့။ ပြေးနှုန်းကတော့ အံ့မခန်းပါပဲ။

လမ်းတစ်လျှောက်လုံး ဖြတ်သန်းလာတဲ့ ဘယ်အရာဝတ္ထုကိုမှ သဲသဲကွဲကွဲမမြင်ရတော့တဲ့အထိပဲလေ။

အဲဒီလိုသွားနေတုန်း လမ်းမှာ ဝံပုလွေတစ်ကောင်ဟာ မိန်းကလေးတစ်ယောက်ကို ခုန်အုပ်ဖို့ချောင်းနေတာကို မြင်လိုက်ရသတဲ့။ ဂူနန်ဟာ လေးကို အလျင်အမြန်ဆွဲထုတ်လိုက်ပြီး ဝံပုလွေခေါင်းကို ချိန်ရွယ်ပစ်လွှတ်လိုက်တယ်။ ဝံပုလွေဟာ သေဆုံးသွားတော့တာပေါ့။

မိန်းကလေးဟာ ကျေးဇူးတင်လွန်းလို့ သူ့အိမ်ကို လိုက်ခဲ့ဖို့ဖိတ်ခေါ်လိုက်သတဲ့။ အိမ်ရောက်တဲ့အခါမှာ မိန်းကလေးရဲ့အဘွားဖြစ်သူဟာ အကြောင်းစုံကို သိလိုက်ရတော့ မြေးမလေးရဲ့ အသက်သခင် ဆိုပြီး ဝမ်းပန်းတသာ ဧည့်ခံရှာတယ်။ စားကောင်းသောက်ဖွယ်တွေလည်း ကျွေးမွေးတယ်။

ဂူနန်ဟာ ကျားဘုရင်ကိုရှာဖို့ ခရီးဆက်ရဦးမှာဖြစ်လို့ မိန်းကလေးနှင့်အဘွားအိုကို နှုတ်ဆက်လိုက်သတဲ့။

အဘွားအိုက သူ့ကို အရိုးတစ်ခု လက်ဆောင်ပေးပြီး

"ဒီအရိုးကို သေချာသိမ်းထားပါ လူကလေး။ မင်းအတွက် အသုံးကျပါလိမ့်မယ်" လို့ ပြောလိုက်တယ်။

ဂူနန်ဟာ လက်ဆောင်ကိုယူပြီး မြောက်ဘက်ကို ခရီးဆက်ခဲ့လေရဲ့။

ခရီးအတော်ပေါက်တဲ့အခါ မြစ်ပြင်ကျယ်ကြီးတစ်ခုကို မြင်လိုက်ရသတဲ့။ မြစ်ကြီးဟာ ရေတွေ တရကြမ်း စီးဆင်းပြီး အလွန်လည်း နက်ရှိုင်းသတဲ့။ သူ ရှေ့ဆက်ရဖို့ အခက်ကြုံနေရပြီပေါ့။ ဒီအခါမှာ လိပ်ကြီး တစ်ကောင်ဟာ ရေထဲက ပေါ်လာပြီး သူ့ဆီကို ရောက်လာခဲ့သတဲ့။

လိပ်ကြီးက ဂူနန်ကို

"ဟေ့ ကောင်လေး။ မင်း ပြန်လှည့်သွားရင် ကောင်းလိမ့်မယ်။ ဒီမြစ်ကို ဖြတ်ကူးလို့ ရမှာမဟုတ်ဘူး" လို့ ပြောလိုက်တယ်။

"အိုး၊ ဒီလိုအခက်အခဲတွေကို အောင်မြင်ဖို့ ကြိုးစားရမှာပေါ့"

"ဩော်၊ မင်းဟာ သတ္တိကောင်းတဲ့ ကောင်လေးပါလား။ ငါ့ကို တစ်ဆိတ်ကူညီစမ်းပါ။ ငါ့ရဲ့ဘယ်ဖက်မျက်လုံးဟာ သိပ်နာနေတယ်။ မျက်လုံးကိုထုတ်ပြီး မျက်လုံးအသစ်နှင့်အစားထိုးရမယ်။ မျက်လုံးကိုထုတ်ပေးဖို့ ကူညီပါကွယ်"

"ကောင်းပါပြီ။ ကျွန်တော် ကူညီပါမယ်"

ဂူနန်ဟာ လိပ်မျက်လုံးကိုထုတ်လိုက်ချိန်မှာတော့ လိပ်ကြီးဟာ နဂါးတစ်ကောင်အဖြစ်ပြောင်းလဲပြီး ပျံတက်သွားသတဲ့။ သူက

"ကျေးဇူးပါပဲ ဂူနန်ရေ။ ငါဟာ ကျိန်စာသင့်နေတဲ့ နဂါးတစ်ကောင်ပဲ။ တစ်ယောက်ယောက်က ငါ့ရဲ့ ဘယ်ဖက်မျက်လုံးကို ထုတ်ပေးရင် ဘဝမှန်ကို ပြန်ရောက်နိုင်ပြီလေ။ မင်း ဒီမျက်လုံးကို သိမ်းထားရင် အရေးကြုံတဲ့အခါ အကူအညီရပါလိမ့်မယ်"လို့ ပြောဆိုပြီး တိမ်တိုက်တွေထဲ ဝင်ရောက်ပျောက်ကွယ်သွားသတဲ့။

ဂူနန်ဟာ မျက်လုံးလေးကို ငုံ့ကြည့်လိုက်တဲ့အခါမှာ အလွန်လှပတဲ့ ပုလဲလုံးလေးအဖြစ် ပြောင်းလဲသွားတယ်။

ပုလဲလုံးလေးဟာ အရောင်တဖိတ်ဖိတ်လက်ပြီး တောက်ပနေလေရဲ့။ အဲဒီပုလဲလုံးလေးကို ကြည့်လိုက်တဲ့အခါမှာ သူ့မျက်လုံးတွေဟာ အလွန်စူးရှထက်မြက်ပြီး ဟိုးအဝေးထိအောင် ထွင်းဖောက်မြင်နေရတယ်။

ပုလဲလုံးဟာ တန်ခိုးတစ်ခုခုရှိနေတာကို သူ သိရှိခံစားလိုက်ရတာပေါ့။ သူဟာ မြင်းပေါ်တက်ပြီး မြစ်ကိုဖြတ်ကူးဖို့ ပြင်ဆင်လိုက်သတဲ့။ အံ့သြစရာကောင်းတာကတော့ သူစီးလာတဲ့ မြင်းဟာ မြစ်ကို တစ်ရှိန်ထိုး ခုန်ပြီးကူးလိုက်တာ ဟိုဘက်ကမ်းကိုရောက်သွားပါလေရော။

ဟိုဘက်ကမ်းကို ရောက်တဲ့အခါမှာတော့ အဘိုးအိုကြီးတစ်ယောက် ထိုင်ငိုနေတာကို တွေ့လိုက်ရသတဲ့။

သူတာစာပေ

အဲဒါနှင့် သူက

"အဘိုးရယ်။ ဘာကြောင့် ငိုနေရတာလဲ။ ကျွန်တော့်ကို ပြောပြပါလား။ ကျွန်တော် ကူညီနိုင်ရင် ကူညီပါရစေ"

အဘိုးက မျက်ရည်တွေကို သုတ်လိုက်ပြီး

"အဘိုး ပြောပေမယ့် လူကလေး ကူညီနိုင်မှာ မဟုတ်ပါဘူး။ မနေ့က အဘိုးရဲ့မြေးမကလေးကို ကျားဘုရင်က ဖမ်းပြီးခေါ်သွားတယ်။ သေသလား ရှင်သလား ဆိုတာတောင် မသိရပါဘူးကွယ်" လို့ပြောတာ ရှိုက်ကြီးတငင်နှင့် ငိုလိုက်ပြန်တယ်။

ဂူနန်က အဘိုးအိုကို ချော့မော့နှစ်သိမ့်လိုက်သတဲ့။

"အဘိုးရယ် စိတ်ညစ်မနေပါနှင့်။ အဘိုးရဲ့မြေး မသေဘူး ဆိုတာကို ကျွန်တော် ပြောရဲပါတယ်။ ကျွန်တော်ဟာ ကျားဘုရင်ကို လိုက်ရှာနေတာ။ အဘိုးရဲ့မြေးကို ကယ်ခဲ့ဖို့ ကတိပေးပါတယ်"

အဘိုးကြီးဟာ ဂူနန်ရဲ့စကားကို ကြားလိုက်ရတော့ အလွန်ပျော်ရွှင်သွားတာပေါ့။ ကျားဘုရင်ရှိတဲ့ ဂူကို လမ်းညွှန်ပြလိုက်သတဲ့။

ဂူနန်ဟာ မိုးမချုပ်ခင်မှာဘဲ ကျားဘုရင်နေတဲ့ဂူကို ရောက်သွားတယ်။ သူရောက်သွားတဲ့အချိန်ဟာ ကျားဘုရင် မရှိတဲ့အချိန်ပေါ့။

ကျားဘုရင်နေတဲ့ ဂူပေါက်ဝမှာ ကျားတွေအမြောက်အမြား စောင့်ကြပ်နေကြသတဲ့။

အဲဒါကြောင့် ဂူနန်ဟာ အဘွားကြီးပေးလိုက်တဲ့ အရိုးကို ထုတ်ယူပြီး ဂူပေါက်ဝနှင့် ဝေးတဲ့အရပ်ဆီကို ပစ်လိုက်တယ်။

ကျားတွေဟာ အရိုးဆီကိုပြေးပြီး လုယက်စားသောက်ကြ

တော့တာပေါ့။ ကျားတွေက အရှေ့ဆီကို အာရုံရောက်နေတုန်း ဂူနန် ဟာ ဂူထဲကို ဝင်သွားသတဲ့။

ဂူထဲဝင်တဲ့အခါမှာတော့ မိန်းမပျိုတစ်ယောက်ကို မြင်လိုက် ရတယ်။ အဲဒီမိန်းမပျိုလေးက လမ်းမှာတွေ့ခဲ့ရတဲ့ အဘိုးကြီးရဲ့မြေး မလေးပဲလေ။

မိန်းမပျိုလေးက သူ့ကို ကျားဘုရင် မနက်ကတည်း ထွက် သွားကြောင်း၊ မကြာခင် ပြန်ရောက်တော့မှာဖြစ်လို့ ပုန်းနေဖို့ ပြော လိုက်သတဲ့။

ဂူနန်က မိန်းမပျိုလေးပြောတာကို လက်မခံဘဲ သူဟာ ကျား ဘုရင်ကိုသတ်ဖို့ လာတာဖြစ်ကြောင်း၊ သူမကိုကယ်ပြီး သူမရဲ့အဘိုး ဆီကိုပြန်ပို့ပေးမယ့်အကြောင်း ရှင်းပြလိုက်တယ်။

ဂူနန်ဟာ မိန်းမပျိုလေးကို သူ့ရဲ့မြင်းပေါ်တင်ပြီး ဂူထဲက နေ ထွက်လာခဲ့သတဲ့။

အပြင်မှာတော့ ကျားတွေက အရှေ့ကို လုကောင်းတုန်းပေါ့။

သူတို့စီးလာတဲ့ မြင်းဟာ လေရဲ့အရှိန်လို ဒုန်းဆိုင်းပြေးနေ သတဲ့။

အဲဒီအချိန်မှာပဲ ကျားမျက်နှာနှင့်ဘီလူးပုံသဏ္ဌာန်ရှိတဲ့ သတ္တ ဝါတစ်ဦးဟာ သူတို့နောက်ကို မိုးတိမ်တွေ စီးပြီး လိုက်လာတာကို မြင်လိုက်ရသတဲ့။

အဲဒီသတ္တဝါဟာ တစ်ကိုယ်လုံး ရွှေရောင်အမွေးတွေနှင့်ပြည့် နက်နေလေရဲ့။ 'ကျားဘုရင်' ဆိုတာပဲပေါ့။

ဂူနန်ဟာ နောက်ကို လှည့်ပြီး မြားနှင့်ပစ်လိုက်တာ ကျားဘုရင်ရဲ့ဘယ်ဖက်မျက်လုံးကို ထိသွားတယ်။

ကျားဘုရင်ဟာ ကြောက်မက်ဖွယ်မြည်ဟီးပြီး ဂူနန်ကို မြင်းပေါ်ကနေ ပုတ်ချလိုက်တယ်။ ဂူနန်ဟာ လဲကျသွားပေမယ့်လို့ ချက်ချင်းပြန်ထပြီး ကျားဘုရင်ကို တိုက်ခိုက်ပါလေရော။

သူတို့နှစ်ဦးရဲ့တိုက်ပွဲဟာ ပိုပိုပြီးပြင်းထန်လာတယ်။ နောက်ဆုံးမှာတော့ ဂူနန်ဟာ သူ့ရဲ့ဓားကို ဆွဲထုတ်ပြီး ကျားဘုရင်ကို ခုတ်သတ်ပစ်လိုက်သတဲ့။ ကလေးတို့ရေ ထုံးစံအတိုင်း ဓာတ်လိုက်ကပဲ နိုင်သွားတာပေါ့ကွယ်။

သူဟာ ကျားသေကို မြင်းမှာ ချည်ပြီး မိန်းကလေးရဲ့အဘိုးဆီကို ပြန်လာခဲ့တယ်။

အဘိုးကြီးဟာ သူ့မြေးမလေး အသက်မသေဘဲ ပြန်လာတာကိုမြင်လိုက်ရတော့ အလွန်ဝမ်းသာသွားပြီး၊ ဂူနန်နှင့် လက်ထပ်ပေးလိုက်သတဲ့။

ဂူနန်ဟာ မိန်းမပျိုလေးကို မြင်ကတည်းက စွဲလမ်းနေတာကြောင့် ဝမ်းမြောက်ဝမ်းသာပဲ လက်ခံလိုက်တယ်။

မနက် နေထွက်ချိန်မှာတော့ ဂူနန်ဟာ သူ့ဇနီးဖြစ်သူကိုမြင်းပေါ်တင်ပြီး သူတို့ဒေသကို ပြန်ဖို့ ခရီးထွက်ခဲ့သတဲ့။

သိပ်မကြာခင်မှာပဲ နောက်ဘက်က ကျားဟိန်းသံတချို့ ကြားလိုက်ရတယ်။ ဂူဝမှာ အရိုးလုရင်းကျန်ခဲ့တဲ့ ကျားတွေပဲပေါ့။

ဂူနန်ဟာ ကျားတွေရှိရာကို မြားတွေ တစ်စင်းပြီးတစ်စင်း

ပစ်လွှတ်လိုက်သတဲ့။ ကျားတွေဟာ အတုံးအရုံး လဲကျသေဆုံးသွားကြတာပေါ့။

နောက်ဆုံးမှာတော့ သူတို့ဇနီးမောင်နှံနှစ်ယောက်ဟာ အန္တရာယ်ကင်းစွာနှင့်ပဲ နေရပ်ကို ပြန်လည်ရောက်ရှိလာကြသတဲ့။

နယ်စားကြီးဟာ ကျားဘုရင်ကို သတ်နိုင်တဲ့အပြင် အလွန်လှပတဲ့ဇနီးလေးကိုပါရရှိလာတဲ့ ဂူနန်ကိုမြင်တော့ အံ့ဩဝမ်းသာသွားတယ်။ တစ်ချိန်တည်းမှာပဲ မနာလိုဝန်တိုလည်း ဖြစ်မိပြန်သတဲ့။

နယ်စားကြီးဟာ ဂူနန် ယူလာတဲ့ ကျားဘုရင်ရဲ့သားရေကို ဝတ်ရုံအဖြစ် ချုပ်ခိုင်းလိုက်သတဲ့။

သူဟာ ကျားဘုရင်ဝတ်ရုံကြီးကို ကြွားဝါဖို့အတွက် အနယ်နယ်အရပ်ရပ်မှာရှိတဲ့ နယ်စားတွေကို ဖိတ်ခေါ်လိုက်တယ်။ တစ်နယ်လုံးမှာရှိတဲ့ နယ်သူနယ်သားတွေလည်း အပါအဝင်ပေါ့။

လူတိုင်းလူတိုင်းကလည်း ကျားဘုရင်ဝတ်ရုံကြီးကို ကြည့်ချင်မြင်ချင်လွန်းလို့ နယ်စားကြီးဆောက်လုပ်ထားတဲ့မဏ္ဍာပ်ထဲမှာ စုရုံးရောက်ရှိလာကြတာပေါ့။

သူဟာ လူတိုင်းမြင်ရအောင် ကျားဘုရင်ဝတ်ရုံကြီးကို ပြသပြီး သူ့ကိုယ်ပေါ်မှာ ဆင်မြန်းလိုက်သတဲ့။

နယ်စားကြီးဟာ ကျားဘုရင်ဝတ်ရုံကိုဆင်မြန်းလိုက်တာနှင့် တစ်ပြိုင်နက်တည်း ကစ်ကိုယ်လုံး ရွှေရောင်ဝင်းထိန်သွားပြီး ကျားကြီးတစ်ကောင်အဖြစ် ပြောင်းလဲသွားပါလေရော။

သူဟာ မဏ္ဍာပ်ပေါ်က ခုန်ဆင်းပြီး လူတွေကို ရန်မူတော့တာ

ပဲ။ လူအများဟာ ဒဏ်ရာအနာတရတွေ ဖြစ်ကုန်ကြသတဲ့။မှူးမတ်တွေအကုန်လုံးဟာ အသက်လုပြီး ထွက်ပြေးကြတယ်။

တစ်နယ်လုံးမှာလည်း ကျားတစ်ကောင်သောင်းကျန်းနေတဲ့သတင်းဟာ ပျံ့နှံ့ကုန်သတဲ့။ ဂူနန်ဟာ ဒီသတင်းကိုကြားလိုက်ရတော့ ကျားကို အလျင်အမြန် ရှာဖွေတော့တယ်။

ကျားကိုတွေ့တဲ့အခါမှာတော့ ဂူနန်ဆီမှာ ဘာလက်နက်မှ ပါမလာခဲ့ဘူး။ ကျားက သူ့ကိုယ်ပေါ်ကို ခုန်အုပ်လိုက်သတဲ့။

သူဟာ အသာကလေးရှောင်တိမ်းကာ ကျားရဲ့အမြီးကို ဆွဲယူပြီး မြေကြီးနှင့် ကိုင်ဆောင့်သတ်ပစ်လိုက်တယ်။

အဲဒီကျားသေဆုံးသွားတဲ့အခါမှာတော့ လူတွေဟာ ကောင်းကောင်းမွန်မွန်နှင့် မြုပ်နှံလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျားဟာ နယ်စားမင်းကြီးဖြစ်နေခဲ့လို့ပဲ။

နယ်သူနယ်သားတွေဟာ ဂူနန်ကိုပဲ နယ်စားအဖြစ် တင်မြှောက်လိုက်ကြတယ်။ ဂူနန်ဟာ မျက်စိဝေဒနာဖြစ်တဲ့သူမှန်သမျှကို တန်ခိုးရှိတဲ့ ပုလဲလုံးနှင့် ကုသပေးသတဲ့။ မျက်စိကွယ်နေတဲ့သူတွေဟာ ပုလဲလုံးကိုကြည့်လိုက်တာနှင့် မျက်စိပြန်မြင်ကြရတော့တယ်။ ဂူနန်ဟာ နယ်သူနယ်သားတွေကိုလည်း ကြင်ကြင်နာနာအုပ်ချုပ်လေ့ရှိသတဲ့။ အဲဒါကြောင့် သူ့ကို အားလုံးက ချစ်ခင်မြတ်နိုးကြတယ်။

ဂူနန်နှင့် သူ့ဇနီးဟာလည်း အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့စွာနှင့် နေထိုင်သွားကြလေတော့တယ်။

■


## မိဘမဲ့ကလေး ယန်ရန်

ဟိုးရှေးယခင်တုန်းက 'ယန်ရန်' လို့ ခေါ်တဲ့ ကလေးငယ်လေး တစ်ယောက် ရှိသတဲ့။ သူ ဆယ်နှစ်သားအရွယ်မှာပဲ မိဘတွေဟာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်ကုန်ကြတယ်။

သူဟာ အခုအချိန်မှာတော့ မိဘမဲ့ကလေးတစ်ယောက် ဖြစ်နေရှာတာပေါ့။ သူဟာ မှီခိုစရာမရှိဘဲ ခြေသလုံးအိမ်တိုင် အဖြစ်နှင့် လျှောက်သွားနေရသတဲ့။

မိဘနှစ်ပါး မရှိတဲ့နောက်မှာ သူ့ဘဝဟာ ခွေးတစ်ကောင်လောက်တောင် ကံမကောင်းခဲ့ရရှာပါဘူး။ ခွေးကို သခင် ဖြစ်သူက အစာကျွေးပေမယ့်လို့ ယန်ရန်လေးကိုတော့ ကျွေးမွေးမယ့်သူ တစ်ယောက်မှ မရှိကြဘူးလေ။

သခင်ဖြစ်သူဟာ ခွေးကို ပွတ်သပ်ချော့မြူနေချိန်မှာတော့ ယန်ရန်လေးကို ဘယ်သူမှ ဂရုတစိုက်မရှုကြဘူးတဲ့ကွယ်။



သူဟာ ဘယ်သူ့ဆီကမှ မေတ္တာ အကြင်နာ မရခဲ့ပါဘူး။ သူ့ကို လူအပေါင်းက ဆဲဆိုကြ၊ ရိုက်နှက်ကြနှင့် နှိပ်စက်ကလူပြု မူကြပါတယ်။ သူဟာ အစာအာဟာရတွေလည်း ပြတ်ခဲ့ရပါတယ်။ အဲဒါကြောင့် ရွာမှာဆက်နေလို့ မဖြစ်တော့ဘူးဆိုတာ သူသိလာပါ တော့တယ်။

တောထဲမှာသွားပြီး နေရုံကလွဲပြီး သူ့မှာ တခြား ရွေးစရာ လမ်းမရှိတော့ဘူးလေ။ တောထဲမှာက ကျားရဲ့တိရစ္ဆာန်တွေရဲ့ အန္တ ရာယ်ကရှိပါသေးတယ်။ ဒါပေမယ့် ဒီတိရစ္ဆာန်တွေကို သူဟာ ပုန်း ကွယ်လို့ရသေးလေရဲ့။ ရွာထဲမှာလိုတော့ သူ့ကို အော်ငေါက် ရိုက် နှက်မယ့်သူ မရှိတော့ဘူးလေ။

ညအခါ သစ်ရွက်တွေခင်းပြီး အိပ်ရတာ လူတွေရဲ့တံစက် မြိတ်အောက်မှာ အိပ်ရတာထက် ပိုပြီး ဓိမ်ကျသေးတယ်လို့ တွေးမိ နေလေရဲ့။

သားရဲတိရစ္ဆာန်တွေ ကိုက်စားမှာကို နေ့တိုင်း စိုးရိမ်ရပေ မယ့်လို့ ရွာမှာလည်း သူ့ကို ရိုက်နေကြတာပဲ။ ဒီဒဏ်ရာတွေနှင့် လည်း သေနိုင်တာပဲလေ။ အိမ်ရှင်တွေရဲ့ခွေးတွေကလည်း အလှန့် အလှန့် ဆိုးကြတာပဲ။

ဒါတွေအကုန်လုံးကို လျှောက်တွေးပြီး နှိုင်းယှဉ်ကြည့်လိုက် တော့ တောထဲမှာနေရတာကို ပိုကြိုက်ပြီး သဘောကျနေတာပေါ့။

တစ်နေ့မှာတော့ သူ အိပ်ပျော်နေတုန်း မှတ်တွေ၊ ခြင်တွေ ကိုက်ခဲထားလို့ သူ့မျက်နှာပေါ်မှာ ဖူးယောင်နေတယ်။ သူဟာ မခံ

မရပ်နိုင်အောင် ကိုက်ခဲတဲ့ဝေဒနာတွေကို ခံစားနေရသတဲ့။

အနားမှာရှိတဲ့ သစ်ရွက်တစ်ရွက်ကို အမှတ်မထင်ယူပြီး မျက်နှာပြင်ပေါ်ကို အုပ်ထားလိုက်တယ်။

သစ်ရွက်ကိုဖယ်လိုက်တဲ့အချိန်မှာတော့ သူ့မျက်နှာပြင်ပေါ်က အဖုအပိမ့်တွေဟာ မရှိတော့ဘဲ ကိုက်ခဲတဲ့ ဝေဒနာတွေလည်း မခံစားရတော့ဘူးတဲ့ကွယ်။ သူဟာ တူးဆန်းလှတဲ့အဖြစ်ကြောင့် သစ်ရွက်ကလေးကို သိမ်းထားလိုက်တယ်။

တစ်နေ့မှာတော့ ကျီးသေလေးတစ်ကောင်ကို တွေ့လိုက်ရသတဲ့။ သူဟာ ဘာရယ်လို့မဟုတ်ဘဲ အဲဒီကျီးသေလေးကို သစ်ရွက်ကလေးနှင့် ပွတ်သပ်လိုက်တယ်။

ကျီးသေလေးဟာ အံ့ဩစရာကောင်းလှစွာနှင့် ပြန်ပြီး အသက်ရှင်လာတယ်။ ကျီးကန်းကလေးကပဲ သူ့ကို ကျေးဇူးတင်စကားပြောပြီး၊ အရေးကြုံလာတဲ့အခါ အကူအညီပြန်ပြီးပေးပါမယ်လို့ ပြောဆိုလိုက်သတဲ့။

အဲဒီလိုနှင့် သူဟာ သစ်ရွက်ကလေးရဲ့ထူးခြားချက်ကို သိရှိသွားတော့တယ်။

သိပ်မကြာခင်မှာပဲ ကျားသေတစ်ကောင်ကိုတွေ့ရပြန်တယ်။ သူဟာ သစ်ရွက်ကလေးနှင့်ပွတ်လိုက်ပြန်သတဲ့။ ကျားဟာ အသက်ပြန်ရှင်လာပြီး သူ့ကို ကျေးဇူးတင်စကားပြောကြားပြန်တယ်။

"ငါဟာ မင်းကြောင့် အသက်ပြန်ရှင်လာရတာပါ။ မင်းရဲ့ ကူညီမှုကို တစ်သက် မမေ့ပါဘူး။ မင်း ဒုက္ခကြုံတွေတဲ့အချိန်မှာ

ကူညီဖို့ လာခဲ့ပါမယ်''

အဲဒီနောက် ယန်ရန်ဟာ တိရစ္ဆာန်အသေကောင်လေးတွေကို သစ်ရွက်နှင့်ပွတ်ပြီး အသက်ပြန်ရှင်လာအောင် လုပ်ပေးတော့တယ်။ ဒေါင်းတွေ၊ ဝက်ဝံတွေ၊ ကျားသစ်တွေ၊ တောထဲက တိရစ္ဆာန်တွေ အကုန်လုံးနီးပါးပါပဲ။

သူဟာ သစ်ရွက်ကလေးကိုတော့ ကိုယ်နှင့်မကွာ သိမ်းဆည်းထားတာပေါ့။

သူလည်း တဖြည်းဖြည်း အရွယ်ရောက်လာတဲ့အခါ တောထဲမှာ မနေတော့ဘဲ မြို့ပေါ်ကိုတက်ပြီး လူတွေကို ဆေးကုသပေးတယ်။

ဒဏ်ရာရနေတဲ့သူတွေ၊ ဝေဒနာခံစားနေကြသူတွေကို တစ်ရွာဝင် တစ်ရွာထွက် လိုက်လံကုသပေးသတဲ့။

တစ်နေ့မှာ ရွာတစ်ရွာကိုရောက်တော့ သူ အရမ်းဆာလောင်နေသတဲ့။ အဲဒါကြောင့် အိမ်တစ်အိမ်ကိုသွားပြီး ရေတောင်းသောက်တယ်။ သူ ရေတောင်းသောက်တဲ့အိမ်က နယ်စားကြီးရဲ့အိမ်ပဲ ဆိုတာကိုတော့ သူ သတိမထားမိဘူး။ အိမ်ထဲက မိန်းမပျိုတစ်ယောက်ထွက်လာသတဲ့။ သူမဟာ သူ့ကိုမြင်တော့ သနားကြင်နာစိတ်ဖြစ်ပြီး အိမ်ထဲကို ဝင်ထိုင်ခိုင်းလိုက်သတဲ့။

မိန်းမပျိုလေးက အလွန်ချောမောလှပသူလေးဖြစ်လို့ သူဟာ မျက်တောင်မခတ်တမ်း ငေးမောကြည့်ရှုနေမိသတဲ့။

အဲဒီမိန်းမပျိုလေးက နယ်စားကြီးရဲ့ တစ်ဦးတည်းသောသမီး

လေးဖြစ်တယ်။ မိန်းမပျိုရဲ့မျက်လုံးလေးဟာ အလွန်နက်မှောင်ပြီး ရွှန်းလဲ့တောက်ပလျက် ရှိတယ်။

ယန်ရန်ဟာ မိန်းမပျိုလေးကိုပဲ စိုက်ကြည့်နေမိသတဲ့။ မိန်းမပျိုလေးက သူ့ကို စကားထပ်ပြောလိုက်မှသာ သတိ ပြန်ဝင်လာတယ်။

"ရှင်ဟာ ခရီးဝေးကလာတဲ့သူတစ်ယောက် ဖြစ်လိမ့်မယ်။ ရှင် အခု ဗိုက်ဆာနေမှာပဲနော်။ ခဏစောင့်ပါဦး။ ရှင့်အတွက် ကျွန်မ စားစရာတစ်ခု စီစဉ်ပေးပါရစေ"

ပြောပြောဆိုဆိုနှင့်ပဲ မိန်းမပျိုလေးဟာ နောက်ဖေးခန်းထဲ ဝင်သွားတော့တယ်။

ယန်ရန်အဖို့ကတော့ သူ့အပေါ်မှာ အခုလို ညှို့ဝတ်ကျေပွန်ပြီး ဂရုတစိုက်ရှိလှတာကို တစ်ခါမှမခံစားခဲ့ဘူးတော့ ဝမ်းသာဝမ်းနည်း ဖြစ်နေရှာတာပေါ့။

သူဟာ စိတ်ထဲမှာ ခံစားရလွန်းလို့ ပါးပြင်နှစ်ဖက်ပေါ်ကို မျက်ရည်တွေကျလာသတဲ့။

သိပ်မကြာခင်မှာပဲ ခက်ထန်မာကြောတဲ့ မျက်နှာသွင်ပြင်ရှိတဲ့သူတစ်ဦးဟာ အိမ်ထဲကိုဝင်လာပြီး သူ့ကို အော်ပြောတော့တယ်။

"မင်း ဘယ်သူလဲ။ အိမ်ထဲကို ဘာကြောင့် ဝင်လာရတာလဲ"

ယန်ရန်ဟာ အလွန်ကြောက်လန့်သွားတာပေါ့။

အဲဒီလူရဲ့ခါးမှာ ဓားရှည်တစ်ချောင်းကို ချိတ်ဆွဲထားတယ်။

သူဟာ ကြောက်အားလန့်အားနှင့် ပြောမိပြောရာတွေပြော လိုက်သတဲ့။

"နေစရာမရှိလို့ ခဏ လာနေတာပါဗျာ"

"အောင်မယ်။ မင်းလို အိမ်ခြေရာခြေမရှိတဲ့သူကို အိမ်ထဲ ဘယ်သူဝင်ခိုင်းလဲ။ နယ်စားမင်းတွေ့ရင် မင်းကို သတ်ပစ်လိမ့်မယ်။ မင်း ဒီက ခုချက်ချင်းထွက်သွားစမ်း"

ယန်ရန်ဟာ ဒေါသထွက်ပြီး အိမ် အပြင်ကို ထွက်လာခဲ့ တယ်။ အဲဒီရွာက ကျော်လာတော့ အဘွားအိုတစ်ယောက်ကို တွေ့ လိုက်သတဲ့။

အနားကိုရောက်တော့မှ အဘွားအိုဟာ မျက်စိမမြင်မှန်း သိ လိုက်ရတယ်။

ယန်ရန်ဟာ "အဘွားရယ် ဒီည ကျွန်တော့်ကို အဘွားအိမ် မှာ တည်းခွင့်ပြုပါလားခင်ဗျာ" လို့ ပြောလိုက်သတဲ့။

"အဘွားဟာ ဆင်းရဲလွန်းလှပါတယ်။ အိမ်ကလည်း ညစ် ပတ်ပေရေနေပါတယ်။ လူကလေး တည်းနိုင်ရင်တော့ လိုက်တည်း နိုင်ပါတယ်"

"ကိစ္စမရှိပါဘူး အဘွားရယ်။ ကျွန်တော်ဟာ မိဘမဲ့တစ်ဦး ပါ။ ဘယ်လိုနေရာမျိုးပဲဖြစ်ဖြစ် ကျွန်တော်အတွက်ကတော့ အရေး မကြီးလှပါဘူး"

အဘွားအိုဟာ အိမ်ကိုရောက်တဲ့အခါမှာ သူ့ကို ကျွေးမွေးဖို့ ထမင်းပြင်ဆင်လိုက်သတဲ့။

ယန်ရန်ဟာ အဘွားအိုဆီ ပြေးသွားပြီး

"ကျွန်တော့်ကို ဒီထမင်း ကျွေးလိုက်ရင် အဘွားမှာ စားစရာမရှိ ဖြစ်သွားမှာပေါ့"လို့ ပြောလိုက်တယ်။

"အဘွားအတွက် မပူပါနှင့် လူကလေးရယ်။ အဘွားတို့လို ဆင်းရဲသားတွေဟာ ဒုက္ခရောက်နေတဲ့သူတွေကို ကိုယ်ချင်းစာတတ်ပါတယ်"

ယန်ရန်ဟာ အလွန်ခံစားသွားရတာပေါ့။ အဘွားအိုရဲ့စကားတွေဟာ မေတ္တာတရားတွေ၊ အကြင်နာတရားတွေနှင့် ပြည့်နှက်နေတယ်လေ။

ယန်ရန်ဟာ အဘွားကို လက်နှစ်ဖက်ဖြင့် ရှိခိုးဂါရဝပြုလိုက်ရင်း "ကျွန်တော် သိတတ်စအရွယ်ကတည်းက မိဘတွေ ဆုံးပါးသွားခဲ့ပါတယ်။ အဘွားမှာ ကလေးမရှိရင် ကျွန်တော့်ကို သားအဖြစ် မွေးစားပါ"လို့ ပြောဆိုလိုက်တယ်။

"မဖြစ်ပါဘူး လူကလေးရယ်။ ရွာကလူတွေ အားလုံး အဘွားကို အထင်သေးပြီး ပစ်ပယ်ထားကြတာ။ မင်းဟာ ငါ့သားဖြစ်ခဲ့ရင် မင်းကိုလည်း သူတို့က နှိမ်ချပြီး ဆက်ဆံကြမှာပဲ။ ငါလို မျက်မမြင်မဟုတ်တဲ့ တခြား မွေးစားအမေတစ်ယောက်ကို ရှာဖွေပါတော့ကွယ်"

အဘွားအိုဟာ ပြောရင်းဆိုရင်း ဝမ်းနည်းပြီး မျက်ရည်တွေ ကျလာတာပေါ့။

"အို..မဟုတ်တာဘဲ။ အဘွားဟာ သနားကြင်နာတတ်သူ

တစ်ယောက်ပါ။ အဘွားရဲ့ စေတနာတွေ အကြင်နာတရားတွေဟာ ဘယ်သူမှာမှ မရှိနိုင်တဲ့အရာတွေပါ။ ကျွန်တော် အဘွားနှင့်ပဲ နေပါရစေ။ အဘွားကို ကူညီစောင့်ရှောက်ပါရစေ"

ယန်ရန်ဟာ ဒူးထောက်ပြီး အဘွားအိုရဲ့ခြေထောက်နှစ်ဖက်ကို ဖက်ထားလိုက်သတဲ့။

အဘွားအိုကလည်း ယန်ရန်လေးကို မွေးစားဖို့ သဘောတူလိုက်သတဲ့။

အဲဒီညကတော့ ယန်ရန်ဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်သွားခဲ့တယ်။

သူ အိပ်ရာကနိုးလို့ အဘွားကို လိုက်ရှာတဲ့အခါမှာတော့ အဘွားဟာ ကြက်ခြံနံဘေးမှာ ငိုနေတာကို မြင်လိုက်ရတယ်။

"ဘာဖြစ်လို့လဲ အဘွားရယ်"

အဘွားအိုက ဝမ်းပန်းတနည်းဖြင့်

"လူကလေးရယ်။ အဘွားကြက်တွေအားလုံး သေကုန်ပြီကွယ်"

"ငိုမနေပါနှင့် အဘွားရယ်။ သူတို့ကို အသက်ပြန်ရှင်အောင် လုပ်ပေးပါ့မယ်"

"လူကလေးရယ်။ မင်းဟာ ကလေးတစ်ယောက် မဟုတ်တော့ပါဘူး။ လူကြီးဖြစ်နေပါပြီ။ အဘွားကို ကလေးကလားစကားတွေ မပြောပါနှင့်ကွယ်။ သေပြီးတဲ့လူတွေ တိရစ္ဆာန်တွေဟာ ဘယ်လိုလုပ်ပြီး အသက်ပြန်ရှင်နိုင်မှာလဲ"

"ကျွန်တော်ဟာ ကြက်တွေကို အသက် ပြန်ရှင်လာစေရုံ မကဘူး၊ အဘွားရဲ့မျက်စိကိုလည်း ပြန်မြင်လာအောင် လုပ်ပေးနိုင်ပါတယ်"

ယန်ရန်ဟာ တန်ခိုးရှိတဲ့သစ်ရွက်ကလေးကိုထုတ်ပြီး အဘွားအိုရဲ့မျက်လုံးတွေကို ပွတ်သပ်ပေးလိုက်သတဲ့။

အဘွားအိုရဲ့မျက်စိတွေဟာ တကယ်ကိုပဲ ပြန်မြင်ရပြီလေ။

နောက်တစ်ခါ ကြက်တွေကိုလည်း အသက်ပြန်ရှင်လာအောင် လုပ်ပေးလိုက်သတဲ့။

ယန်ရန်ဟာ လုံ့လ ဝီရိယနှင့် အဘွားအိုကြီးကို လုပ်ကျွေးပြုစုတယ်။ သူရဲ့ ကြိုးစားမှုကြောင့် သူတို့ဘဝဟာ တဖြည်းဖြည်း ပြောင်းလဲလာတယ်။

ပတ်ဝန်းကျင်ကလူတွေဟာလည်း ယန်ရန်ရဲ့ စိတ်ကောင်းနှလုံးကောင်း ရှိမှုနှင့် မွေးစားအမေကြီးအပေါ်မှာ ကြင်နာဂရုစိုက်မှုတွေကို မြင်ပြီး လေးစားလာကြသတဲ့။

တစ်နေ့မှာတော့ အဘွားအိုကြီးဟာ ဝမ်းနည်းပန်းနည်း ငိုကြွေးနေတာကို တွေ့လိုက်ရတယ်။

ယန်ရန်က "အဘွားရယ် ဘာကြောင့် ငိုနေတာလဲ ကျွန်တော့်ကို ပြောပြပါဦးဗျာ" လို့ ကြင်ကြင်နာနာနှင့် မေးလိုက်သတဲ့။

"နယ်စားမင်းရဲ့သမီးကလေးဟာ ဒီကနေ့မှာ ဆုံးပါးသွားလို့ပဲ။ သူကလေးဟာ အလွန်စိတ်ကောင်းရှိသူကလေးပါပဲ။ အဘွားလွန်ခဲ့တဲ့နှစ်တုန်းက အစာရေစာ ပြတ်လပ်ခဲ့တယ်။ သူကလေးကပဲ

အဘွားကိုကူညီထောက်ပံ့ပေးလို့ အဘွား အခုထက်ထိ အသက်ရှင်နေတာ။ လူကလေး ကူညီနိုင်ပါတယ်။ သူ့ကို ပြန်ရှင်အောင်လုပ်ပေးပါ လူကလေးရယ်"

"အဘွားရယ် နယ်စားမင်းကို သွားပြောပေးပါ။ သေသွားတဲ့သမီးလေးကို ကျွန်တော်နှင့်လက်ထပ်ခွင့်ပြုမယ်ဆိုရင် ပြန်ရှင်လာအောင် လုပ်ပေးပါမယ်"

အဘွားအိုဟာ ချက်ချင်းဆိုသလိုပဲ နယ်စားမင်းထံသွားပြီး

"နယ်စားမင်းကြီးရေ သေဆုံးနေတဲ့ သမီးတော်နှင့် အမေ့ရဲ့သားကို လက်ထပ်ခွင့်ပြုမယ်ဆိုရင် အမေ့သားက သူ့အသက်ကို ပြန်ရှင်လာအောင် လုပ်ပေးပါမယ်"လို့ လျှောက်တင်လိုက်သတဲ့။

ပထမတော့ နယ်စားမင်းဟာ အလွန် ဒေါသထွက်သွားတယ်။ သူ့လို နယ်စားမင်းကို လာနောက်နေရမလားဆိုပြီး အဘွားကြီးကို မာန်မဲလွှတ်တာပေါ့။

ဒါပေမယ့် အဘွားအိုက ဖွဲ့မလျှော့ဘဲ ထပ်ကာ ထပ်ကာ ပြောနေတာကြောင့် သဘောတူလိုက်သတဲ့။

"ကဲ အဘွားကြီး၊ ခင်ဗျားသားကိုသာ အမြန်ဆုံး ခေါ်ခဲ့။ သမီးကလေး အသက်ပြန်မရှင်ရင်တော့ ခင်ဗျားတို့ နှစ်ယောက်စလုံးကို ပြင်းထန်တဲ့အပြစ် ပေးရလိမ့်မယ်"

အဘွားကြီးဟာ ယန်ရန်ကိုခေါ်ပြီး နယ်စားမင်းရဲ့ အိမ်ကိုရောက်တယ်။ မင်းသမီးလေးကိုမြင်တဲ့အခါမှာ သူ့ကိုရေတိုက်ဖူးတဲ့ မိန်းမပျိုလေးဖြစ်မှန်း သတိထားလိုက်မိသတဲ့။ သူဟာ တန်ခိုးရှိတဲ့

သစ်ရွက်ကလေးကို ထုတ်ပြီး မိန်းမပျိုလေးရဲ့ မျက်နှာကို ပွတ်သပ်ပေးလိုက်တယ်။

မိန်းမပျိုလေးဟာ အသက်ပြန်ရှင်လာပြီး ရေတောင်းသောက်လိုက်သတဲ့။ သူမဟာ သူမရဲ့အသက်သခင်ဖြစ်သူကို ကျေးဇူးတင်စကားပြောပြီး လက်ထပ်ဖို့ သဘောတူလိုက်တယ်။

မိန်းမပျိုလေးက ယန်ရန်ကိုမြင်တော့ သူ ရေတိုက်ဖူးတဲ့သူမှန်း သတိရပြီး မှတ်မိသွားသတဲ့။ မိန်းမပျိုလေးနှင့်ယန်ရန်ဟာ တစ်ဦးကိုတစ်ဦး ရွှန်းရွှန်းစားစားကြည့်ပြီး ကြည်နူးနေကြတာပေါ့။

နောက်တစ်နေ့မှာတော့ နယ်စားကြီးဟာ သူ့ကတိအတိုင်း ယန်ရန်နှင့် သမီးတော်လေးကို လက်ထပ်ပေးဖို့ ပြင်ဆင်နေတာပေါ့။ လူ့စိတ် ဆိုတာကလည်း အခက်သားပဲ။

နယ်စားကြီးဟာ ရုတ်တရက်ဆိုသလို စိတ်ပြောင်းသွားတယ်။ မိဘမရှိတဲ့ လူငယ်တစ်ယောက်နှင့် သူ့သမီးကို သဘောမတူနိုင်ဘူးဖြစ်သွားသတဲ့။ အဲဒါနှင့် သူဟာ အကောက်ကြံပြီး ရွာသားတွေကို သွေးထိုးစကားပြောဆိုလိုက်တယ်။

"မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက်က နယ်စားရဲ့သမီးတော်နှင့်ညားတယ်ဆိုတာ လူကြားလို့မှ ကောင်းရဲ့လား။ မင်းတို့တွေဘာလုပ်နေကြတာလဲ။ ငါ့ရဲ့သမီးတော်ကို မလိုချင်ဘူးလား။ သမီးတော် သူ့လက်ထဲရောက်သွားမှာကို ဒီအတိုင်းကြည့်နေတော့မှာလား"

ရွာသား လူပျိုတွေဟာ ယန်ရန်အိမ်ကို ဝိုင်းပြီး သတ်ဖို့ပြင်ဆင်လိုက်သတဲ့။

ယန်ရန်ဟာ ရွာသားတွေရန်က ရှောင်ကွင်းပြီး မင်းသမီး လေးဆီကို လာခဲ့တယ်။ မင်းသမီးလေးကို တွေ့တဲ့အခါ "မင်းဟာ မင်းသမီးတစ်ယောက်ပါ။ မိဘမဲ့တစ်ယောက်နှင့် မထိုက်တန်လှပါ ဘူး။ ရွာသားတွေဟာ အခုဆိုရင် ငါ့ကိုသတ်ဖို့ လိုက်လာနေကြပြီ။ သူတို့ထဲက တစ်ယောက်ယောက်ကိုရွေးပြီး လက်ထပ်လိုက်ပါတော့" လို့ ပြောပြီးထွက်လာခဲ့တယ်။

မင်းသမီးလေးဟာ ယန်ရန်နောက်က ပြေးလိုက်ပြီး

"ယန်ရန်ရယ် ကျွန်မဟာ ရှင့်တစ်ယောက်တည်းကိုပဲ ချစ် ခဲ့ပါတယ်။ ရှင် ကျွန်မကို အခုလိုထားသွားမယ်ဆိုရင် သိပ်ကို ရက် စက်ရာ ရောက်ပါတယ်။ ကျွန်မကို ရှင်နှင့် အတူခေါ်သွားပါ။ သေ အတူရှင်မကွာ ရှင့်နောက်က လိုက်ပါရစေ" လို့ပြောဆိုလိုက်တယ်။

ဒီအချိန်မှာပဲ ရွာသား လူရွယ်တွေဟာ အိမ်ရှေ့တံခါးဝကို ဝိုင်းထားလိုက်သတဲ့။ သူဟာ ရုတ်တရက်ဆိုသလို သူကူညီခဲ့ဖူးတဲ့ တိရစ္ဆာန်တွေကို သတိရသွားပြီး ခေါင်မိုးပေါ် တက်၍ အော်လိုက် တယ်။

"အို အဆွေကျီး၊ အဆွေဒေါင်း၊ အဆွေကျား၊ အဆွေကျား သစ်အပေါင်းတို့။ ငါ့ကို ကူညီဖို့ လာကြပါ"

တိရစ္ဆာန်အပေါင်းဟာ သူတို့ရဲ့အဖော်တွေကို ခေါ်ပြီး ယန် ရန်ကို ကူညီဖို့ တောထဲကနေပြီး ထွက်လာကြတယ်။

ကျီးတွေဟာ မီးစတွေယူပြီး ဝိုင်းနေတဲ့ရွာသားတွေအပေါ် ကို ပစ်ချလိုက်သတဲ့။ ဒေါင်းတွေကလည်း သူတို့အမြီးတွေကို ဖြန့်

ပြီး ယန်ရန်နှင့်မင်းသမီးကို ကာကွယ်ပေးထားတယ်။

ကျားတွေ၊ ကျားသစ်တွေရဲ့ ကြောက်စရာကောင်းလှတဲ့ဟိန်းဟောက်သံတွေကြောင့် ရွာသားတွေဟာ အလွန်ကြောက်လန့်တကြား အလုအယက်ပြေးကုန်ကြပါလေရော။

နယ်စားကြီးကလည်း ထိတ်လန့်တုန်လှုပ်သွားပြီး သူ့အသက်ကိုချမ်းသာပေးဖို့ ယန်ရန်ကို တောင်းပန်လိုက်တယ်။

ယန်ရန်နှင့် သမီးတော်ကိုလည်း လက်ထပ်ပေးလိုက်သတဲ့။ ယန်ရန်တို့ ဇနီးမောင်နှံဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်လေးစားစွာနှင့် နေထိုင်ခဲ့ကြသတဲ့။

ရွာသားတွေကလည်း ယန်ရန်အပေါ်မှာ အရင်ကလို မနာလိုမဖြစ်ကြတော့ဘဲ လေးစားခင်မင်လာကြတယ်။

နေထိုင်မကောင်းတဲ့သူတွေကိုလည်း ယန်ရန်ဟာ သူ့ရဲ့တန်ခိုးရှိတဲ့ သစ်ရွက်လေးနှင့် ပြုစုကုသပေးသတဲ့။

တစ်နေ့မှာတော့ ယန်ရန်ဟာ ခရီးသွားစရာရှိလို့ သူ့ရဲ့ဇနီးကို တန်ခိုးရှိတဲ့သစ်ရွက်ကလေး အပ်ထားခဲ့တယ်။

သူ့ဇနီး အလုပ်လုပ်နေတုန်းမှာပဲ အိမ်ဘေးနားမှာနေတဲ့ မိန်းမတစ်ဦးဟာ သစ်ရွက်ကလေးကိုမြင်တော့ လိုချင်လောဘဖြစ်လာပြီး တိတ်တိတ်ကလေး ခိုးယူလိုက်သတဲ့။

ဒါကို နတ်မင်းကြီးတစ်ပါးကမြင်လိုက်တော့ သူ့ရဲ့တန်ခိုးနှင့် သစ်ရွက်ကလေးကို ယူထားလိုက်တယ်။

ယန်ရန်ဟာ တန်ခိုးရှိတဲ့သစ်ရွက်ကလေး ပျောက်ဆုံးသွား

တာကိုသိလိုက်ရတဲ့အခါ အလွန် စိတ်မကောင်းဖြစ်သွားတယ်။ ဆေးကုသပေးဖို့ သစ်ရွက်မရှိတော့တဲ့အတွက် သူ့မျက်စိအောက်မှာပဲ လူနာတွေ သေဆုံးသွားရှာတယ်။ အဆိုးဆုံးက သူ့ရဲ့မွေးစားမိခင်အိုကြီးဟာ လူကြီးရောဂါနှင့် သေဆုံးသွားတယ်။

သူဟာ အလွန် ပူဆွေးဝမ်းနည်းသွားပြီး သူ့မိခင် အသက်ပြန်ရှင်လာစေဖို့ တန်ခိုးရှိတဲ့သစ်ရွက် ရှာဖွေရန် တောထဲကို ထွက်သွားသတဲ့။သူ့ဇနီးကလည်း သူ့နောက်က လိုက်သွားတာပေါ့။ ဒါပေမယ့် သူတို့ဟာ ထွက်သွားတဲ့နေ့ကစပြီး ရွာကို ပြန်ရောက်မလာတော့ပါဘူး။

လူတွေကတော့ ယနေ့ထက်တိုင်ပြောနေကြတဲ့ စကားလေးတစ်ခွန်း ရှိပါတယ်။ အဲဒါကတော့ တစ်စုံတစ်ယောက်ဟာ ဖျားနာနေလို့ ပျောက်ကင်းချင်ရင် တောထဲကိုသွားပြီး "မိဘမဲ့လေး ယန်ရန်ရေ"လို့ အော်ခေါ်လိုက်လို့ရှိရင် ရောဂါတွေအကုန်လုံး ပျောက်ကင်းသွားစေသတဲ့ကွယ်။

■



သူငှာတပေ



ချောတလ

## မြင်းခေါင်းတဲယောလေး

ဟိုး ရှေးရှေးတုန်းကပေါ့ကွယ်။ မွန်ဂိုလီးယားပြည်နယ်လေး မှာ 'စုဟို'လို့ခေါ်တဲ့ သိုးကျောင်းသားလူငယ်လေးတစ်ယောက် ရှိ တယ်။ သူ့မှာ မိဘနှစ်ပါး မရှိရှာတော့ပါဘူး။ အဘွားဖြစ်သူကပဲ ကျွေးမွေးစောင့်ရှောက်ထားခဲ့ရတာပေါ့။ သူတို့မှာပိုင်ဆိုင်တဲ့အရာက တော့ သိုးတစ်အုပ်ပဲ။

သူတို့ဒေသမှာတော့ စုဟိုလေးနှင့်အဘွားဖြစ်သူက အဆင်း ရဲဆုံးပဲလေ။ သူဟာ သူပိုင်တဲ့ သိုးတစ်အုပ်အပြင် တခြားသူတွေရဲ့ သိုးတွေကိုပါထိန်းကျောင်းပေးရသတဲ့။ ဒါမှလည်း သူတို့မြေးအဘွား နှစ်ယောက် ဝဝလင်လင် စားသောက်နိုင်မှာလေ။

စုဟို အသက် ဆယ်ခုနစ်နှစ် ပြည့်တဲ့အခါမှာတော့ အား ကောင်းမောင်းသန် ယောက်ျားပျိုတစ်ယောက် အသွင်အပြင် ပေါ် ပေါက်လာသတဲ့။ သူဟာ သီချင်းဆိုတာလည်းဝါသနာပါတယ်။သူ



သူငါတပေ

သိုးကျောင်းနေရင်း သီချင်းတွေဘာတွေ ဆိုတဲ့အခါများဆို သိပ်နား ထောင်လို့ ကောင်းတာပဲလို့ အိမ်နီးချင်းများကတောင် ချီးမွမ်းကြ တယ်။

သူဟာ စိတ်နှလုံးဖြူစင်ပြီး သဘောထားပြည့်ဝတဲ့ လူငယ် တစ်ယောက်ဖြစ်လို့ အိမ်နီးချင်းတွေ၊ သူငယ်ချင်းတွေက သူ့ကို ချစ် ခင်ကြသတဲ့။

တစ်နေ့ ညနေခင်းမှာတော့ စုဟိုဟာ သိုးတွေကို မောင်း သွင်းပြီး အိမ်ပြန်လာစဉ်မှာ မြင်းဖြူပေါက်စကလေးတစ်ကောင် လဲ နေတာကို တွေ့လိုက်ရတယ်။ သူ့ကို ဝံပုလွေတွေ မြင်ရင် ကိုက်စား ပစ်မှာပဲဆိုပြီး မြင်းပေါက်ကလေးအတွက် စိုးရိမ်သွားသတဲ့။ သူဟာ မြင်းပေါက်စလေးကို ပွေ့ချီပြီး သူ့ရဲ့တဲကလေးရှိရာကို ခေါ်လာသတဲ့။

အိမ်နီးနားချင်းကလူတွေကလည်း စုဟို ပွေ့လာတာ ဘာ ကောင်လေးပါလိမ့်ဆိုပြီး ဝိုင်းစပ်စုကြတယ်။

သူ့အဘွားကလည်း သူ့ကိုမေးမြန်းတော့တာပေါ့။ စုဟိုက "တောထဲမှာ သူတစ်ကောင်တည်း လဲနေတာတွေ့လို့ ခေါ် လာခဲ့တာ အဘွားရဲ့။ သူ့အမေကိုလည်း မတွေ့ရဘူး။ ဝံပုလွေတွေ တွေ့သွားရင် ကိုက်စားပစ်မှာ။ အဲဒါကြောင့် ကျွန်တော် သူ့ကို ခေါ် လာတာပါ" လို့ ပြန်ဖြေလိုက်သတဲ့။

မြင်းဖြူလေးကတော့ အထီးလေးပါ။

ဒီလိုနေရင်းနှင့် မြင်းဖြူလေးဟာ စုဟိုရဲ့ ထိန်းသိမ်းစောင့် ရှောက်မှုအောက်မှာ ကြီးပြင်းလာတယ်။ မြင်းဖြူလေးဟာ မြင်းချော



မြင်းသန့်ကြီး ဖြစ်လာတာပေါ့။ စုဟိုဟာ သိုးခြံထဲမှာပဲ မြင်းဇောင်း တစ်ခုလုပ်ပြီး မြင်းဖြူလေးကို ထားထားတယ်။

တစ်ညမှာတော့ စုဟိုဟာ မြင်းဖြူလေးရဲ့ ကျယ်လောင်စွာ ဟီလိုက်သံကို ကြားလိုက်ရသတဲ့။ စုဟိုဟာ သူ့မြင်း ဘာဖြစ်လို့ပါလဲဆိုပြီး ထွက်ကြည့်လိုက်တယ်။

သိုးခြံထဲမှာ ဝံပုလွေတစ်ကောင် ဝင်နေတာကိုး။ ဝံပုလွေဟာ သိုးတွေကို ဆွဲဖို့ ဖြစ်မှာပေါ့လေ။ မြင်းဖြူလေးဟာ သိုးတွေကို ဝံပုလွေမဆွဲနိုင်အောင် အစွမ်းကုန်ခုန်ပေါက်ကန်ကျောက်ရင်းကာကွယ်နေရရှာသတဲ့။

စုဟိုက တုတ်တစ်ချောင်းနှင့် ဝင်ရိုက်တော့မှပဲ ဝံပုလွေဟာ တောထဲကို ထွက်ပြေးသွားတော့တယ်။

မြင်းဖြူလေးရဲ့တစ်ကိုယ်လုံးမှာတော့ ချွေးတွေ စိုရွှဲနေတာပေါ့။ သူက မောပန်းနေတဲ့ မြင်းဖြူလေးကို ပွတ်သပ်ချော့မြှူ ပေးလိုက်တယ်။ လိမ္မာတဲ့မြင်းဖြူလေးကို စုဟိုလေးဟာ သိပ်ချစ်ခင်သွားတာပေါ့။

စုဟိုနှင့်မြင်းဖြူလေးဟာ 'တစ်ဦးစေတနာ တစ်ဦးမှာ' ဆိုသလို တစ်ဦးကို တစ်ဦး သံယောဇဉ်တွယ်ပြီး၊ မျက်စိအောက်ကတောင် အပျောက်မခံနိုင်ကြတော့ဘူး။

စုဟို သွားလေရာမှာ မြင်းဖြူလေး ပါလေ့ ရှိသလို၊ မြင်းဖြူလေး သွားလေရာမှာလည်း စုဟို ပါလေ့ ရှိတယ်။

သူတို့နှစ်ဦး အမြဲပဲ တပူးတတွဲတွဲနှင့်ပေါ့။စုဟိုလေးကလည်း



မိဘမဲ့ကလေးဆိုတော့ မြင်းဖြူကလေးအပေါ်မှာ ကိုယ်ချင်းစာပြီး ပို မိုနားလည်ချစ်ခင်လာတယ်။ မြင်းဖြူကလေး ဘာဖြစ်နေတယ်ဆိုတာ ကို စုဟို နားလည်သလို၊ စုဟို ဘာလုပ်ချင်သလဲဆိုတာကိုပါ မြင်းဖြူ လေးက နားလည်သတဲ့။

ဥပမာ ဆိုကြပါစို့။ စုဟိုလေး ကြိုးကွင်းယူလိုက်တာနှင့် မြင်းဖြူလေးဟာ မြင်းဇောင်းထဲက ခုန်ပေါက်ထွက်ပြီး သခင်ရှိရာကို အပြေးအလွှားလာတော့တာပဲ။ သူ့သခင် တောထဲ သွားတော့မှာကို သိနေသလိုပဲလေ။

သူတို့နှစ်ဦးဟာ တောထဲသွားပြီး ဝံပုလွေတွေကို ကြိုးကွင်း စွပ်ပြီး ဖမ်းလေ့ရှိတာကိုး။

စုဟိုဟာ မြင်းဖြူလေးကို စီးပြီး မြင်းစီးလေ့ကျင့်လေ့ ရှိ တယ်။ မြင်းပေါ်မှာနေပြီး ကျွမ်းထိုးပြတာတို့၊ မြင်းရဲ့ဗိုက်အောက်က နေ မြင်းစီးပြတာတို့၊ မြင်းပေါ်မတ်တပ်ရပ်ပြီး စီးတာတို့ကိုပါ သူဟာ လုပ်ဆောင်နိုင်လာတော့တယ်။ ဒီနယ်တစ်ဝိုက်မှာတော့ သူဟာ မြင်း စီး အကျွမ်းကျင်ဆုံးပေါ့။

အားလပ်ချိန်တွေမှာဆိုရင် စုဟိုဟာ သူ့ရဲ့မြင်းဖြူလေးနှင့် ရွာထဲမှာရှိတဲ့ကလေးတွေကို မြင်းစီးအမျိုးမျိုး ပြသလေ့ရှိသတဲ့။ ရွာ ထဲမှာရှိတဲ့ကလေး၊ လူကြီးမရွေး စုဟိုကို ကြည့်ရှုအားပေးကြတာပေါ့။

တစ်နေ့မှာတော့ ဘုရင်ကြီးဟာ သူတို့ ဒေသက ဘုရား ကျောင်းဝင်းထဲမှာ မြင်းစီးပြိုင်ပွဲကြီးတစ်ခုကိုကျင်းပဖို့ ပြင်ဆင်နေသ တဲ့။ မြင်းစီးပြိုင်ပွဲမှာ အနိုင်ရတဲ့သူကို သူရဲ့သမီးတော်လေးနှင့်လက်



ထပ်ပေးစားပြီး အိမ်ရှေ့အရာ ခန့်အပ်မယ်လို့လည်း ကြေညာထားသေးတယ်။

ရွာထဲကလူတွေနှင့် စုဟိုရဲ့သူငယ်ချင်းတွေက ဘုရင်ကျင်းပတဲ့ မြင်းစီးပြိုင်ပွဲကိုဝင်ပြိုင်ဖို့ စုဟိုကို တိုက်တွန်းအားပေးကြတယ်။

စုဟိုကလည်း သူ့မြင်းဖြူလေးကိုလည်း သိပ်ကြွားချင်နေတယ်လေ။ သူဟာ မြင်းစီးပြိုင်ပွဲကို ထွက်ခွာသွားတယ်။ တစ်ရွာလုံးမှာရှိတဲ့ ကလေး လူကြီးအပေါင်းက သူ့ကို ဝိုင်းပြီး ဆုမွန်ကောင်းတွေတောင်းပေးကြသတဲ့။

ပြိုင်ပွဲမှာတော့ သူဌေးသားတွေ၊ မြို့စားနယ်စားတွေ၊ မင်းသားတွေချည်းပဲလေ။သိုးကျောင်းသားဆိုလို့ စုဟိုတစ်ယောက်တည်းပဲ။ ပြိုင်ပွဲ ကျင်းပတဲ့အချိန်မှာတော့ စုဟိုရဲ့ မြင်းဖြူလေးဟာ တခြားမြင်းတွေကို အပြတ်အသတ်နိုင်တာပေါ့။

အနိုင်ရသွားတဲ့ စုဟိုဟာ သာမန် သိုးကျောင်းသား တစ်ယောက်ပဲဖြစ်တယ်လို့ ဘုရင်သိသွားတော့ 'ဆု'ကို ပြောင်းပစ်လိုက်တော့တယ်။

သမီးတော်နှင့် မပေးစားတော့တဲ့အပြင်၊ စုဟိုလေးရဲ့အချစ်တော် မြင်းဖြူလေးကိုပါ ထားခဲ့ရမယ်တဲ့။

ဆု အဖြစ်ကတော့ ရွှေအနည်းငယ် ပေးမယ်တဲ့လေ။

စုဟိုဟာ ဘုရင်ရဲ့အမိန့်ကို ကြားတဲ့အခါမှာ ဒေါသထွက်လွန်းလို့ အသားတွေ တဆတ်ဆတ်တုန်လာပြီး

"ကျွန်တော်ဟာ ပြိုင်ပွဲဝင်ဖို့လာတာပါ။ အရှင်ရဲ့သမီးတော်

ကို မရချင်နေပါစေ ကျွန်တော့်ရဲ့မြင်းဖြူလေးကိုတော့ မထားခဲ့နိုင်ဘူး" လို့ စိတ်လိုက်မာန်ပါပြောဆိုလိုက်သတဲ့။

ဘုရင်ကြီးကလည်း သူလိုဘုရင်ကို အာခံဝံ့တယ် ဆိုပြီး အစောင့်တွေကို ဝိုင်းရိုက်ခိုင်းပါလေရော။

စုဟိုဟာ ဒဏ်ရာဒဏ်ချက်တွေရပြီး မေ့မြောသွားတော့တယ်။ သူရဲ့သူငယ်ချင်းတွေဟာ သူ့ကိုထမ်းပြီး ရွာကို ပြန်ခေါ်ခဲ့ရတယ်။

မြင်းဖြူလေးကိုတော့ ဘုရင်က သိမ်းပိုက်ပြီး နန်းတော်ကို ပြန်ကြွသွားသတဲ့။ ဘုရင်ကြီးက မြင်းဖြူလေးကို သဘောကျနေလို့ အကောက်ကြံပြီး သိမ်းပိုက်လိုက်တာပေါ့။

စုဟိုဟာ ရရှိလာတဲ့ ဒဏ်ရာဒဏ်ချက်တွေထက် မြင်းဖြူလေးကိုလွမ်းရတဲ့ဝေဒနာက ပိုဆိုးပြီး အိပ်ရာထဲမှာ လဲနေတုန်းပါပဲ။ ဆေးဆရာတွေခေါ်ပြီး ကုတာတောင် မသက်သာနိုင်ဘူးဖြစ်နေတယ်။

ဘုရင်ကတော့ မြင်းကောင်းတစ်စီးရထားလို့ ဝမ်းသာပျော်ရွှင်နေလေရဲ့။ သူဟာ ဧည့်သည်တွေကိုဖိတ်ကြားပြီး မြင်းဖြူလေးကို ကြွားတယ်။

ဘုရင်ဟာ မြင်းဖြူလေးကိုစီးပြဖို့ တက်လိုက်တဲ့အခါ မြင်းဖြူလေးဟာ သူ့ကျောပေါ်ကို အတက်မခံဘဲ ကဆုန်ပေါက်ပြီး မတ်တပ်ရပ်ပစ်လိုက်သတဲ့။ ဘုရင်ဟာ ကြိုးစားပမ်းစားနှင့် တက်စီးပြန်တယ်။ မြင်းဖြူလေးဟာ ဘုရင်ကို သူ့ကျောပေါ်က ခါချပစ်လိုက်ပြန်သတဲ့။ ဘုရင်ဟာ မြင်းပေါ်ကပြုတ်ကျတဲ့အခါမှာ အရှက်ရသွားတာပေါ့။



သူဃာတပေ

ဘုရင်လည်း မြင်းပေါ်က ပြုတ်ကျရော မြင်းဖြူလေးဟာ အသားကုန်ထွက်ပြေးပါလေရော။

ဘုရင်ဟာ စိတ်ဆိုးလွန်းလို့

"ဒီမြင်းရိုင်းကို လိုက်ဖမ်းကြစမ်း။ အရှင်ရရ အသေရရ အမိဖမ်းကြ။ မြင်းစုတ်မြင်းနာ"လို့ ဒေါသတကြီးနှင့်အော်ဟစ်လိုက် တယ်။

ဘုရင့်ရဲမက်တွေဟာ မြင်းဖြူလေးရဲ့နောက်ကို လိုက်ဖမ်းတာ ပေါ့။ သူတို့တွေဟာ မြင်းဖြူလေးကိုဖမ်းလို့မမိတဲ့အဆုံး မြားနှင့်ပစ် ပြီး အသေဖမ်းလိုက်သတဲ့။ မြားသုံးချောင်းဟာ မြင်းဖြူလေးကို ထိ မှန်သွားတော့တယ်။ ဒါပေမယ့်လို့ မြင်းဖြူလေးဟာ သူ့သခင်ဖြစ်တဲ့ စုဟိုဆီကို အရောက် ထွက်ပြေးလာနိုင်ခဲ့တယ်။

စုဟိုဟာ မြင်းဖြူလေးရဲ့အသံကိုကြားတဲ့အခါမှာ အိပ်ရာက နေ ချက်ချင်းထပြီး အပြင်ကိုထွက်ကြည့်လိုက်သတဲ့။

မြင်းဖြူလေးဟာ သူ့သခင်ကို သနားစဖွယ် စိုက်ကြည့်နေ တယ်။ စုဟိုလည်း မြင်းဖြူလေးကို ကြည့်ပြီး ရင်ထဲမှာ ဆို့တက်လာ သတဲ့။

"ဘယ်လိုများ ဖြစ်ရတာလဲကွာ။ မင်း ထွက်ပြေးလို့ မင်း ကို ပစ်လိုက်တယ် ထင်တယ်"

စုဟိုဟာ ပြောပြောဆိုဆိုနှင့်ပဲ မြင်းဖြူလေးရဲ့ မြားတွေကို ဆွဲနုတ်လိုက်တဲ့အခါ သွေးတွေပန်းထွက်ကုန်ပြီး သေဆုံးသွားတော့ တယ်။



သူဃာတပေ

စုဟိုဟာ သူ့မြင်းလေး သေသွားလို့ နှမြော လွမ်းဆွတ်ပြီး ငိုကြွေးနေတာ နေ့ရောညပါပဲ။

တစ်ညမှာတော့ မြင်းဖြူလေးကို အိပ်မက်မက်သတဲ့။ မြင်းဖြူလေးက သူ့ကို အိပ်မက်လာပေးတာပေါ့။

"သူ့ကို ဝမ်းနည်းပြီး သတိရနေလို့ရှိရင် အလွမ်းပြေအောင် အရိုးတွေ၊ အကြောတွေ၊ အမြီးတွေပါတဲ့ တယောလေးတစ်ခု လုပ်ပါလားတဲ့။ အဲဒါဆိုရင် သူလည်း စုဟိုနှင့် မခွဲရတော့ဘူးပေါ့" ဆိုပြီး အိပ်မက်ပေးသတဲ့။

စုဟိုကလည်း မနက်မိုးလင်းတဲ့အခါ မြင်းဖြူလေးကို မြှုပ်ထားတဲ့နေရာကနေ ပြန်ဖော်ပြီး မြင်းဖြူလေးရဲ့ အရိုးတွေ၊ အကြောတွေ၊ အမြီးတွေနှင့် တယောလေးတစ်ခု ပြုလုပ်တယ်။ လက်ကိုင်ထိပ်မှာတော့ မြင်းဖြူလေးရဲ့ခေါင်းပုံစံလေး ထုလုပ်လိုက်သတဲ့။

သူဟာ အဲဒီမြင်းခေါင်းပုံစံလေးကို ထိုးရင်းထိုးရင်းနှင့် မြင်းဖြူလေးနှင့် သွားလာခဲ့ရတာတွေကို ပြန်သတိရလာတယ်။

တယောသံလေးကလည်း နားထောင်ရတဲ့သူအပေါင်းကို လွမ်းဆွေးကြေကွဲစေတယ်။

စုဟိုဟာ သိုးကျောင်းသွားတိုင်း မြင်းခေါင်းတယောလေးက အမြဲပါသတဲ့။

သူတို့ဒေသလေးမှာတော့ စုဟိုရဲ့လွမ်းဆွတ်ဖွယ်ရာတယောသံလေးဟာ လေထဲမှာ ပျံ့နှံ့နေတော့တယ်လေ။

မေသူဇာ




စာမူခွင့်ပြုချက် ၄၈ / ၂၀၀၂ (၁)

# ကျားမင်းသမီး

နှင့်

## အခြားပုံပြင်နှစ်ပုဒ်

မေသူဇာ

ထွက်ပြီ



စာမူခွင့်ပြုချက် ၈၇၂ / ၂၀၀၂ (၉)

# ဘုရင်ကြီးရဲ့ပုံစံတူ

အပါအဝင်

## အကောင်းဆုံးလက်ရွေးစင်ပုံပြင်များ

## ချစ်သူ မင်း

**ထွက်ပြီ**





စာမူခွင့်ပြုချက် ၅၄ / ၂၀၀၂ (၁၂)

# သစ်သားရုပ်ကလေး
# ပီနိုချီယို

ဒေါ်သုဇာလွင်

ထွက်ပြီ။




စာမူခွင့်ပြုချက် ၁၁၂၈ / ၂၀၀၃ (၁၁)

# သတင်းစာပို့သမားလေး

## တိုဘီ၏ စွန့်စားစုံထောက်ခြင်းနှစ်ခု

မေသူဇာ

ထွက်ပြီ


မိသားစုအတွက်
အင်္ဂလိပ်စကားပြော - ၂


လူပုဂ္ဂိုလ်ဆိုင်ရာ
အင်္ဂလိပ်-မြန်မာ


မိသားစုအတွက်
အင်္ဂလိပ်စကားပြော - ၁


ကျားမင်းသမီး




NEWSPAPER BOY


JAPANESE FOLK TALES
Retold by Louis Green wood


သစ်သားရုပ်ကလေး